
SYNERGY Publication

# နိုင်းနိုင်းစနေ

## အမေ့လက်ရေး စာစုများ



# နှင်းနှင်းစနေ

## အမေ့ထံလက်ရေးစာစုများ




ဤစာစုများကို ဆရာမနှင်းနှင်းစနေက စရေးစကအင်တာနက်ပေါ်မှ သူငယ်ချင်းများထံ အီးမေးလ်၊ မြန်မာဝက်ဆိုက်များက တစ်ဆင့် မျှဝေခဲ့သည်။ ၂၀၀၅–၂၀၀၆ ခုနှစ် မြန်မာဘလော့ဂ်များပေါ်တွင် ရေးဖြစ်ခဲ့သည်။

အင်တာနက်သုံးစွဲသူများကြားတွင် အချို့စာစုများ ပျံ့နှံ့မှုများ ရှိနေခဲ့ပြီး အချို့ကို ပုံနှိပ်ပြီး ဝေငှမှုများ ရှိနေခဲ့ပါသည်။

အမေ့မေတ္တာစာစုများကို ဖတ်မိ၍ ဖြစ်ပေါ်လာသော ခံစားမှုတို့ကို အလွယ်တကူ မျှဝေနိုင်ရန်၊ ကြီးမားလှသော အမေ့မေတ္တာတရားကို ဖော်ကျူးရာတွင် အုတ်တစ်ချပ် သဲတစ်ပွင့် ဖြစ်စေရန် ဤစာစုများကို ပုံနှိပ်ထုတ်ဝေပါသည်။

Synergy Publication

အမှတ် (၉၄)၊ ၃ - လွှာ၊ ၃၉လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၂၅၄၁၂၇၊ ၀၉ - ၅၀၃၃၉၄၁။

| | |
|---|---|
| စာမူခွင့်ပြုချက်အမှတ် | ၄၀၀၄၆၅၁၀၉ |
| အဖုံးခွင့်ပြုချက်အမှတ် | ၄၀၁၂၈၂၁၂၀၉ |
| ပုံနှိပ်ခြင်း | ပထမအကြိမ် (၂၀၀၀၊ ဇန်နဝါရီလ) |
| အုပ်ရေ | ၅၀၀ |
| မျက်နှာဖုံး | ဇေယျာ |
| ကွန်ပျူတာစာစီ | Quality |
| ထုတ်ဝေသူ | ငါတို့စာပေ၊ (မြ - ၀၄၂၇၇)၊ အမှတ် ၇၅ D၊ ဗိုးစိန်လမ်း၊ ဗဟန်းမြို့နယ်။ |
| ပုံနှိပ်သူ | ရွှေရောင်လင်းပုံနှိပ်တိုက်၊ အမှတ် ၈၈၊ ၅၁ လမ်း၊ ၁ ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်။ |
| တန်ဖိုး | ၁၅၀၀ ကျပ် |

၉၉၅.၈၈

နိုင်းနိုင်းစနေ

အမေ့လက်ရေးစာစုများ/နိုင်းနိုင်းစနေ။ - ရန်ကုန်၊

ငါတို့စာပေ၊ ၂၀၀၉၊ ၆၃ - စာ၊ စင်တီ ၁၅.၂၄ စင်တီမီတာ × ၂၁.၅၉ စင်တီမီတာ။

(၁)အမေ့လက်ရေးစာစုများ

## အမေ့ဆီလက်ရေး စာစုများ


၁။ လေလွင့်သူတစ်ယောက်ရဲ့လွမ်းဆွတ်မှု ၇
၂။ နွေးထွေးတဲ့မေတ္တာ ၁၂
၃။ နီးကပ်လေ မှုန်ဝါးလေ ၁၇
၄။ သားတို့အိမ်ပြန်ကြရအောင် အမေ ၂၂
၅။ လှမ်းလင့်မယ့်လက်တစ်စုံ ၂၈
၆။ အမေ့ရဲ့အပ်ချုပ်စက်အိုလေး ၃၂
၇။ အမေ့လက်ရေး ၃၄
၈။ ပျောက်ဆုံးခဲ့တဲ့ ငွေနှစ်ကျပ် ၃၈
၉။ အတောင်ပံကျိုးခဲ့တဲ့ အိန်ဂျယ်လ် ၄၄
၁၀။ ငိုတယ်ဆိုတာ မိန်းကလေးတွေရဲ့မူပိုင် ၅၂
၁၁။ လျစ်လျူရှုလို့မရ ၅၄
၁၂။ ချစ်သမီးအတွက် ပေးစာ ၅၇
၁၃။ အမေ့အမြော်အမြင် ၆၀
၁၄။ အခြားအမျိုးသမီးတစ်ဦးနှင့် ချိန်းတွေ့သည် ၆၄
၁၅။ အမေ့ပြေစာ ၆၈
၁၆။ ပြောမထွက်ခဲ့တဲ့ အချစ် ၇၀
၁၇။ ခွက်ပုံလေးတစ်လုံး ၇၄
၁၈။ အမေ့များနေ့ ဘာကြောင့်ဖြစ် ၇၉
၁၉။ အကယ်၍ ၈၄
၂၀။ ဟိုး ဝေးဝေး အမေ့အိမ် ၈၆
၂၁။ လေလွင့်သူတစ်ယောက်ရဲ့အိမ်ပြန်ချိန် ၉၀
၂၂။ အမေ့အတွက် စကားများ ၉၇

# အမှာစာ

(၁၉၉၉)ခုနှစ် စက်တင်ဘာလမှာ အမေဆုံးပါတယ်။ အမေဆုံးတုန်းက အမေ့အနားမှာ ကျွန်မ ရှိမနေခဲ့ပါဘူး။ အဝေးရောက်နေတဲ့ ကျွန်မအတွက် အမေဆုံးပြီဆိုတဲ့သတင်းက ရင်ဝကို မြားအစင်းပေါင်းများစွာ ထိုးနက်လိုက်သလိုပဲ နာကျင်ခံစားခဲ့ရပါတယ်။

"အမိမဲ့သား ရေနည်းငါးပမာ" ဆိုသလို အမေမရှိတော့မှ အမေ့မေတ္တာ၊ အမေ့တန်ဖိုးကို ပိုနားလည်ခဲ့ရတယ်။ အမေမရှိတဲ့အိမ်က ပရမ်းပတာဖြစ်လို့ ပျော်ရွှင်စရာတွေလည်း ရှာမတွေ့ခဲ့ပါဘူး။

အမေကို လွမ်းတဲ့စိတ်နဲ့ ကျွန်မ စာတွေရေးဖြစ်၊ ဖတ်ဖြစ်ခဲ့ပါတယ်။အင်တာနက်ပေါ်က အမေနဲ့ပတ်သက်တဲ့စာတွေ ဖတ်ရတော့ ကျွန်မလိုပဲအမေ့ကိုချစ်တဲ့သူတွေ၊ အမေနဲ့ဝေးနေသူတွေလည်း ခံစားမျှဝေနိုင်အောင်ဆိုပြီး ဖတ်မိတဲ့စာတွေကို ဘာသာပြန်ရေးသားခဲ့ပါတယ်။

ရေးစမှာတော့ အင်တာနက်ပေါ်က ခင်မင်ရတဲ့ သူငယ်ချင်းတွေကို အီးမေးလ်၊ မြန်မာဝက်ဆိုက်ဒ်တွေကတစ်ဆင့် မျှဝေခဲ့ပါတယ်။ (၂၀၀၅ - ၂၀၀၆) ခုနှစ် မြန်မာဘလော့ဂ်တွေခေတ်စားလာတဲ့အခါ ဘလော့ဂ်ပေါ်မှာ ရေးဖြစ်ခဲ့ပါတယ်။

အမေနဲ့ ပတ်သက်တဲ့စာတွေက အင်တာနက်သုံးသူတိုင်း ဖတ်ခွင့်ရတဲ့ဘလော့ဂ်မှာ အမေကိုချစ်တဲ့ သားသမီးတွေနဲ့ ခံစားချက်တူသူတွေရဲ့ အားပေးမှုကို ရခဲ့ပါတယ်။ နောက်ပိုင်း အမေ့စာတွေကို သူငယ်ချင်းတချို့ရဲ့ အားပေးကူညီမှုနဲ့ မြန်မာပြည်တွင်းက အင်တာနက် မသုံးကြတဲ့လူတွေလည်း ဖတ်ရအောင်၊ နောက်ပြီး ကျွန်မရေးထားသမျှစာတွေလည်း အမှတ်တရဖြစ်အောင်ဆိုပြီး ဒီ "အမေ့လက်ရေး" ဆိုတဲ့စာအုပ်ကို လုပ်ဖြစ်ခဲ့ပါတယ်။

ကျွန်မယုံကြည်ပါတယ်။ အမေ့လက်ရေးနဲ့ ရေးတဲ့စာကိုဖတ်ပြီး ရင်ထဲမှာ စွဲငြိကျန်ခဲ့သလိုမျိုး ဒီ "အမေ့လက်ရေး" ဆိုတဲ့ စာအုပ်ကိုဖတ်ပြီးနောက် စာဖတ်သူရဲ့ရင်ထဲမှာလည်း ဘာခုခု ပွဲကျန်ရစ်ခဲ့မယ်ဆိုတာကို ကျွန်မ ယုံကြည်မျှော်လင့်မိပါတယ်။

လေးစားစွာဖြင့်

နိုင်းနိုင်းစနေ

# လေလွင့်သူတစ်ယောက်၏ လွမ်းဆွတ်မှု

**တစ်နေ့ထက်တစ်နေ့ အိုစာသွားတဲ့ငါ့ကိုကြည့်ပြီး**
**ဝမ်းမနည်းပါနဲ့။ နားလည်ပေးပါ။ အားပေးပါ။**

ခြေသလုံးအိမ်တိုင်ဘဝနှင့် ကမ္ဘာအရှေ့မှအနောက်၊ တောင်မှမြောက်သို့ ကျွန်တော်လေလွင့်နေခဲ့သည်မှာ နှစ်ပေါင်းမနည်းတော့ပါ။ တစ်နှစ်ပြီးတစ်နှစ် အသက်ကြီးလာသလို အကြားအမြင်ဗဟုသုတလည်း တိုးခဲ့သည်။ ကမ္ဘာရွာတဖြည်းဖြည်းကျဉ်းလာသည်။ မွေးရပ်မြေက အမေတစ်နေ့ထက်တစ်နေ့ အိုစာသွားခဲ့သည်။

လွန်ခဲ့သောနှစ် (၂၀)က မွေးရပ်မြေ ရထားဘူတာမှ အစပြုလို့ ကမ္ဘာကြီးကိုစူးစမ်းဖို့ ကျွန်တော်ခြေလှမ်းစခဲ့သည်။ နှစ်ပေါင်း၂၀အတွင်း ပီကင်းမှရှန်ဟိုင်း၊ ကွမ်တုန်မှဟောင်ကောင်၊ နယူးယောက်ခ်မှ ဝါရှင်တန်၊ တောင်အမေရိကမှ တောင်အာဖရိကထိ၊ ထိုမှတစ်ဆင့် လန်ဒန်မှ ဆစ်ဒ်နီသို့ အလုပ်လုပ်ရင်း လှည့်လည်ရင်း ကျွန်တော် ရောက်ခဲ့ဖူးသော နိုင်ငံများ (၂၀) ကျော်ခဲ့သည်။

နေရာသစ် တစ်ခုရောက်တိုင်း စိတ်သစ်လူသစ် ပတ်ဝန်းကျင်အသစ်ဖြင့် ကျွန်တော် ပြောင်းလဲနိုင်ခဲ့ရသည်။ သို့သော် စိတ်ထဲတွင် အမေ့ကိုလွမ်းဆွတ်မှုက ဘယ်တော့မှ မပြောင်းလဲနိုင်ခဲ့ IP [illegible] ကျွန်တော် ရုန်းထွက်နိုင်ခဲ့သည်။ ရုန်းထဲတွင် [illegible] ရင်ဆိုင်နိုင်ဖို့ ကျွန်တော့် အတွက် အင်အားတစ်ရပ် ဖြစ်စေခဲ့သည်။

အမေ့၏အသံမှာ တစ်နှစ်ထက်တစ်နှစ် ပို၍အိုစာသွားခဲ့သည်။ အမေနှင့် ဖုန်းပြောတိုင်း ကျန်းမာရေးကို ဂရုစိုက်ဖို့၊ အမေ့ကို စိတ်မပူဖို့၊ နေရာတကာ သတိနှင့်သွားလာဖို့၊ ခွင့်ယူပြီး ပြန်မလာဖို့၊ ပြန်လာရင် ငွေကုန်ကြေးကျများပြီး အလုပ်အကိုင် ပျက်မည်ဖြစ်ကြောင်း ထပ်တလဲလဲ ပြောသည်။ ကျွန်တော် စိတ်မကောင်းဖြစ်မိသည်။ အမေ ကျွန်တော့်ကို လွမ်းနေပြီ တွေ့ချင်နေပြီ ဖြစ်ကြောင်း ကျွန်တော် သိလိုက်ပါသည်။

အမေ (၇၅) နှစ်ရှိပါပြီ။ လက်ဘေးကအလုပ်တွေကိုရော၊ စိတ်ထဲက အစီအစဉ်တွေကို ဖျက်ပြီး အမေ့ဆီ တစ်လပြန်ဖို့ ကျွန်တော်ဆုံးဖြတ်လိုက်သည်။ ထိုတစ်လအတွင်း ဘာမှမလုပ် ဘာမှမတွေးဘဲ အမေ့အနားတွင် နေမည်။

ကျွန်တော် ပြန်လာခဲ့မည့်အကြောင်း အမေ့ကိုဖုန်းဆက် အကြောင်းကြားပြီးနောက် အမေ စတင် အစီအစဉ်ဆွဲတော့သည်။ မှတ်စုစာအုပ်တစ်အုပ်ဖြင့် ကျွန်တော်ကြိုက်သော အစား အစာများမှတ်၊ ကျွန်တော် ငယ်ငယ်ကကြိုက်သော အိပ်ရာခင်းကို ပြန်ပြင်ချုပ်၊ ကျွန်တော် ရောက်တုန်း အဆင်သင့်ဝတ်ဖို့ အဝတ်အစားတွေ ပြင်ဆင်ရင်း အမေ အလုပ်တွေရှုပ်နေခဲ့သည် ဆိုသည်ကို နောက်မှ ကျွန်တော် သိခဲ့ရသည်။

အသက် (၇၅) နှစ် ရှိနေပြီဖြစ်သော အမေ၊ လှုပ်လှုပ်ရှားရှားလုပ်ရင် မောတတ်တဲ့ အမေ၊ ကျွန်တော် ပြန်လာဖို့အတွက် ပြင်ဆင်ရင်း မောဖို့ မေ့နေပြီဖြစ်ကြောင်း ကျွန်တော် စံစားမိ သည်။ အမေနှင့် တွေ့သည့်အခါ အမေ့ကို ပြေးပြီးဖက်လိုက်မည်ဟု စိတ်ကူးနှင့် လေယာဉ်ပေါ် တွင် ကြည်နူးနေမိသည်။

တကယ်တမ်း အမေနှင့်တွေ့သောအခါ ကျွန်တော် ပြေးမဖက်မိ အိမ်ပေါက်ဝတွင် ကြို နေသောအမေသည် သစ်ခြောက်ပင်အိုနှင့် တူနေသည်။ မျက်နှာပေါ်က အရစ်အစင်းများ ကြောင့် အမေသည် အရင်ပုံရိပ်နှင့် မတူတော့။ အမေ တော်တော် အိုစာသွားခဲ့ပါလား။

အိမ်ပြန်ရောက်လျှင်ရောက်ခြင်း အရင်က ကျွန်တော်ကြိုက်ခဲ့သော ဟင်းများကို အမေ စတင်ချက်ပြုတ်တော့သည်။ သို့သော် ထိုဟင်းများကို ကျွန်တော် မကြိုက်တော့ကြောင်း အမေ့ကို မပြောဖြစ်ခဲ့။ မျက်စိမှုန်လာပြီဖြစ်သောကြောင့် ဟင်းများက ငန်တစ်ခွက်၊ ပေါ့တစ်ခွက် အရသာများ အရင်နှင့်မတူတော့။ ကျွန်တော်အတွက် ပြင်ဆင်ထားသော အိပ်ရာခင်းမှာလည်း ဂွမ်းစစ်စစ် စောင်ထူကြီးတွေ ဖြစ်သည်။ ထိုစောင်ထူကြီးများကို ခြုံအိပ်ရသောအကျင့် ကျွန် တော့မှာမရှိတော့။ ဂွမ်းစောင်အစား သိုးမွေးစောင်နုနုကိုပဲ သုံးတော့ကြောင်း အမေ့ကို ကျွန် တော် မပြောဖြစ်ခဲ့။ ကျွန်တော်ပြန်လာတာ အမေ့ကိုလွမ်းလို့ တွေ့ချင်လို့ပဲလေ။

အိမ်ပြန်ရောက်စ နှစ်ရက်တွင် အလုပ်များရှုပ်နေသောကြောင့် အမေနှင့် စကား ကောင်းကောင်းမပြောဖြစ်ခဲ့။ ပြောဖြစ်ပြန်တော့လည်း လူဖြစ်အင်များ၊ လူ့ဘဝအကြောင်းများ

ကိုသာ အမေ ထပ်တလဲလဲ ပြောနေတော့သည်။ ထိုအကြောင်းများသည် လွန်ခဲ့သော (၁၀) နှစ်ခန့်က အမေအပ်ကြောင်းထပ်အောင် ပြောခဲ့သော စကားများဖြစ်သည်။ ထိုအကြောင်းအရာဖြင့် ကျွန်တော့်ဘဝနှင့် အလုပ်အကြောင်းကို ခိုင်းနှိုင်းပြီး ပြောတော့သည်။ ကျွန်တော် စိတ်အနှောင့်အယှက်ဖြစ်လာလျှင် ထိုအကြောင်းအရာများသည် ခေတ်နောက်ကျနေပြီဖြစ်ကြောင်း ပြောမိလျှင် အမေသည် တွေတွေလေးနှင့် တစ်နေရာရာကို ငေးကြည့်နေတတ်သည်။

မျက်စိများမှုန်ဝါးလာပြီဖြစ်သောကြောင့်အမေဟင်းချက်ရာတွင် သန့်ရှင်းမှုကိုဦးစားမပေးတော့ကြောင်းကျွန်တော် သတိပြုမိလာသည်။ အမေချက်သော ဟင်းထဲတွင် တစ်ခါတစ်ရံ ပိုးကောင်များ၊ ယင်ကောင်များ ပါလာတတ်သလို ထမင်းဟင်းများ ကြမ်းပြင်ပေါ်သို့ ကျလျှင်လည်း ပြန်ကောက်ထည့်လာတတ်သည်။ အခြေအနေများသည် ယခင်ကနှင့်မတူတော့။ အိမ်တွင် မချက်စားဘဲ ဆိုင်တွင်မှာစားချင် ပြောသောအခါ အပြင်စာများသည် ညစ်ပတ်ကြောင်း၊ ကျန်းမာရေးနှင့် မညီညွတ်ကြောင်း ပြောသည်။

ထမင်းချက်အစေခံတစ်ယောက်ရှာထားခဲ့မည်ဟုပြောပြန်လျှင်အမေသည် "ငါလှုပ်ရှားနိုင်သေးတယ်၊ ငါမအိုသေး" ဟု ကျွန်တော့်ကို စိတ်ဆိုးလေသည်။ ကျွန်တော် မြို့ထဲသို့သွားလျှင် အမေလည်း လိုက်ချင်သည်။ နောက်ဆုံးတွင် အမေ့ခြေလှမ်းကြောင့် လိုရာသို့ ကျွန်တော် မရောက်နိုင်ခဲ့။

အကြောင်းအရာ တစ်ခုခု ဆွေးနွေးမိပြန်လျှင်လည်း ကျွန်တော့်အယူအဆများ မှားနေပြီး လမ်းမှားလိုက်နေပြီဟု အမေထင်နေသည်။ အရာရာတိုင်းသည် ခေတ်နှင့်အညီတိုးတက်နေပြီဖြစ်ကြောင်း အမေ့ကို အားမနာစွာ ကျွန်တော် ပြောဖြစ်ခဲ့သည်။

နောက်ပိုင်း အမေနှင့် ပြောဖြစ်သော စကားတိုင်းတွင် ကျွန်တော်သည် စိတ်အနှောင့်အယှက်ဖြစ်ပြီး စကားလမ်းကြောင်းလွှဲခြင်းများကို လုပ်လာမိသည်။ ကျွန်တော် စိတ်မရှည်သောအချိန်တွင် စကားသံကိုအကျယ်ကြီး ပြောမိခြင်း၊ စကားဖြတ်ခြင်းများ ပြုလုပ်မိသောအခါ အမေသည် ပြောလက်စစကားကိုရပ်ပြီး တွေတွေလေးနှင့် နှုတ်ဆိတ်နေတတ်သည်။

ခွင့်တစ်လပြည့်၍ ကျွန်တော် ပြန်ရခါနီးအချိန်တွင် အမေသည် ခုတင်အောက်က သေတ္တာဟောင်းတစ်ခုတွင် နှစ်ရှည်လကြာသိမ်းထားသော သတင်းစာဖြတ်ပိုင်းများကို ကျွန်တော့်အား ပေးလေသည်။ ထိုသတင်းစာ ဖြတ်ပိုင်းများမှာ ကျွန်တော် ပြည်ပရောက်စဉ် ကျွန်တော် ရောက်ခဲ့ဖူးသမျှနိုင်ငံတွင် ဖြစ်ပျက်ခဲ့ဖူးသော သတင်းများပင်ဖြစ်သည်။ ကျွန်တော့်ကိုပြရန် ထိုဖြတ်ပိုင်းများကို ဂရုတစိုက်ညှပ်ပြီး အမေ သိမ်းထားခြင်းဖြစ်သည်။ ထိုဖြတ်ပိုင်းများကို ကျွန်တော့်လက်ထဲသို့အပ်ပြီး ကျွန်တော်နှင့်အတူ ယူဆောင်သွားစေလိုသည်။

မျက်မှန်ထူကိုတပ် စာဖတ်တိုင်း အားစိုက်ရတဲ့အမေ သတင်းစာ တစ်မျက်နှာချင်းကို

ကုန်အောင်ဖတ်ပြီး ထိုဖြတ်ပိုင်းကို မည်မျှခက်ခက်ခဲခဲ ညှပ်ခဲ့သည်ဆိုသည်ကို ကျွန်တော်အသိ။ သို့သော် အသုံးမဝင်တော့သော ထိုသတင်းစာများကို ကျွန်တော် ယူမသွားချင်ပေ။ ကျွန်တော် တွေဝေနေသည့်အခိုက် အမေ့လက်ထဲမှ ဖြတ်ပိုင်းလေးတစ်ခု လွင့်ကျသွားသည်။ ကျွန်တော့် ထက်ဦးအောင် အမေက ကောက်ယူလိုက်ပြီး အင်္ကျီအိတ်ထဲသို့ ထည့်လိုက်သည်။

"ဘာဖြတ်ပိုင်းလေးလဲအမေ ကျွန်တော့်ကိုပြပါလား" တွေတွေလေးနှင့် ကမ်းပေးပြီး ထမင်းစားခန်းသို့ အမေ ထွက်သွားသည်။ ကျွန်တော် ချက်ချင်း ဖတ်ကြည့်လိုက်မိသည်။ "ငါအိုသွားတဲ့အခါ" ဟု ခေါင်းစဉ်တပ်ထားသော ၂၀၀၄ ခုနှစ်၊ ၁၂ လပိုင်း၊ ၆ ရက်နေ့က ဆောင်းပါးလေး ဖြစ်သည်။ ဆောင်းပါးလေးမှာ -

"ငါအိုသွားတဲ့အခါ"

- ငါအိုသွားတဲ့အခါ ငါဟာ အရင်က ငါမဟုတ်တော့ဘူး။ ငါ့ကို နားလည်ပေးပါ။ စိတ်ရှည်ရှည်ထား ဆက်ဆံပေးပါ။

- ရည်နှီနှီလက်တွေနဲ့ ထမင်းဟင်းတွေ အင်္ကျီပေါ်လောင်းမိတဲ့အခါ၊ ဖိနပ်ကြိုးတွေချည်ဖို့ မေ့သွားတဲ့အခါ၊ ငါ့ကိုမရှုံ့ပါနဲ့။ ငယ်ငယ်တုန်းက ငါသင်ပေးခဲ့တာတွေကို ကျေးဇူးပြုပြီး သတိရပေးပါ။

- အပ်ကြောင်းထပ်မက ပြောဖူးတဲ့စကားတွေကို ငါ ပြန်ပြောမိတဲ့အခါ စကားမဖြတ်ဘဲ ကျေးဇူးပြုပြီး နားထောင်ပေးပါ။ ငယ်ငယ်တုန်းက အိပ်ရာဝင်တိုင်း တစ်ထောင့်တစ်ည ပုံပြင်တွေကို မရိုးအောင်ပြောရင်း ငါချော့သိပ်ခဲ့ဖူးတာတွေကို သတိရပေးပါ။

- မလှုပ်မရှားနိုင်လို့ ရေချိုးဖို့ အကူအညီလိုတဲ့အခါ ငါ့ကို မငြိုငြင်ပါနဲ့။ ငယ်ငယ်တုန်းကချော့ တစ်လှည့်ချောက်တစ်ခါ ရေချိုးပေးခဲ့ဖူးတဲ့ ပုံရိပ်လေးကို မြင်ယောင်ပေးပါ။

- ခေတ်သစ်၊ နည်းပညာသစ်တွေကို မသိနားမလည်ခဲ့ရင် ငါ့ကို မလှောင်ပါနဲ့။ ငယ်ငယ်တုန်းက "ဘာကြောင့်"ဆိုတဲ့မေးခွန်းတိုင်းကို စိတ်ရှည်စွာ ငါပြန်ဖြေခဲ့တာကို သတိရပေးပါ။

- ❖ စိတ်သွားတိုင်းကိုယ်မပါ နွမ်းလျပြီး လမ်းမလျှောက်နိုင်တဲ့အခါ ခွန်အားပါတဲ့ လက်တစ်စုံနဲ့ ငါ့ကို ကူတွဲပေးပါ။ လမ်းလျှောက်သင်စ အရွယ်တုန်းက တစ်လှမ်းချင်း လှမ်းလျှောက်ကျင့်ပေးခဲ့ဖူးတာကို ကျေးဇူးပြုပြီး သတိရပေးပါ။

- ❖ အသက်ကြီးလာလို့ စကားပြောရာမှာ ရှေ့နောက်မညီဘဲ အကြောင်းအရာတွေကို ငါ မေ့သွားတဲ့အခါ အချိန်ပေးပြီး စဉ်းစားခွင့်ပေးပါ။ စကားအကြောင်းအရာတွေက ငါ့အတွက် အရေးမကြီးပါဘူး။ သေးတာနေ ငါပြောသမျှကို နားထောင်ပေးရင် ကျေနပ်ပါပြီ။

- ❖ တစ်နေ့ထက်တစ်နေ့ အိုစာသွားတဲ့ငါ့ကိုကြည့်ပြီး ဝမ်းမနည်းပါနဲ့၊ နားလည်ပေးပါ။ အားပေးပါ။ အရင်တုန်းက လူ့ဘဝထက်လမ်းအတွက် ငါ လမ်းညွှန်ခဲ့သလို အခု ငါ့ဘဝနောက်ဆုံးအချိန်တွေအတွက် အဖော်ပြုပေးပါ။ အချစ်နဲ့ အေးမြမှုတွေကို ငါ ပြုံးပြုံးလေး လက်ခံမှာပါ။ အဲဒီအပြုံးတွေထဲမှာ မဆုံးတဲ့ ငါ့မေတ္တာတွေ တွေ့ရမှာပါ။

ကျွန်တော် မျက်ရည်မကျအောင်ထိန်းထားရင်း များတပ်းဆုံးအောင် ဖတ်လိုက်မိသည်။ ကျွန်တော့်သေတ္တာထဲက အကောင်းဆုံးအဝတ်တစ်စုံကို ထားခဲ့ပြီး ထိုဖြတ်ပိုင်းများကို ထည့်လိုက်သည်။ ကျန်သောဖြတ်ပိုင်းများက ကျွန်တော့်အတွက် အသုံးမဝင်သော်လည်း ထိုဆောင်းပါးပါသော ဖြတ်ပိုင်းလေးမှာ ကျွန်တော် ဘယ်နေရာရောက်ရောက် ကျွန်တော် အပါး အမြဲမခွာတော့။

ယခုထက်တိုင် ထိုမှန်ဘောင်သွင်းထားသော ဖြတ်ပိုင်းလေးမှာ ကျွန်တော့် စာကြည့်စားပွဲပေါ်တွင် ရှိနေသည်။ ကျွန်တော့်လိုဘဝတူ အမိမြေကိုခွဲပြီး အမေနှင့် ဝေးနေသူများအတွက် ထိုစာပုဒ်ကို တင်ပြလိုက်ပါသည်။ အမြဲ ဖုန်းမဆက်နိုင်သော်လည်း အခါကြီးရက်ကြီးများတွင် အမေ့ကို ဖုန်းဆက်ပြီး သတိရကြောင်း၊ ကျန်းမာကြောင်း၊ အမေချက်သောဟင်းများကို စားချင်ကြောင်း. . . . . .။

(ဖေဖော်ဝါရီ၊ ၂၀၀၅၊ Fashion Image)



# နွေးထွေးတဲ့မေတ္တာ

ချစ်ခြင်းမေတ္တာဆိုတာ အသည်းနဲ့လုံးနှစ်ခု အပြန်အလှန်
နွေးထွေးမှုတွေ ဖလှယ်တာပဲဖြစ်ထယ်။

ကျွန်မ ၁၀ နှစ် . . . ကျွန်မအိတ်ကပ်ထဲ သူ ထိုးထည့်ပေးတဲ့ချိုချဉ်က တခြား မောင်နှမတွေထက် ပိုများခဲ့တယ်။

ကျွန်မ ၁၃ နှစ် . . . အလယ်တန်းကျောင်းစတက်တဲ့ ကျွန်မကို ၂ မိုင်ကျော်လောက် လမ်းလျှောက်ပြီး သူ ထမင်းပို့ပေးခဲ့တယ်။

ကျွန်မ ၁၆ နှစ် . . . တက္ကသိုလ်ဝင်တန်းအောင်တဲ့ ကျွန်မကို မောင်နှမထဲက အလိမ္မာဆုံးလို့ သူချီးမွမ်းခဲ့တယ်။

ကျွန်မ ၂၂ နှစ် . . . တခြားမောင်နှမတွေ ကန့်ကွက်တဲ့ကြားက ကျွန်မအတွက် မင်္ဂလာခန်းဝင်ပစ္စည်းတွေ သူ ဝယ်ပေးခဲ့တယ်။

ကျွန်မ ၃၄ နှစ် . . . လင်ယောကျ်ားပစ်သွားတဲ့ ကျွန်မဘက်ကနေပြီး ဒေါသတကြီး သူ ကာကွယ်ပေးခဲ့တယ်။

ကျွန်မ ၄၀ နှစ်...သူဟာ ကလေးလေးတစ်ယောက်လိုပဲ ကျွန်မကိုမှီခိုပြီး ကျွန်မအပေါ်းက မစ္စာနိုင်ဖြစ်နေခဲ့တယ်။

လူတွေက ကျွန်မတို့ကို မေတ္တာတရားကြီးမားတဲ့ သားအမိလို့ ပြောကြတယ်။ သူက ကျွန်မရဲ့မိတ္တေးဆိုတာကို ကျွန်မသိသလို အရင်တုန်းက ကျွန်မအပေါ် သူ မကောင်းခဲ့တာကို လည်း မှတ်မိနေတယ်။

ဖေဖေနဲ့သူယူတော့ သူမှာ ကျွန်မအသက်အရွယ်နဲ့ မတိမ်းမယိမ်း ကလေး ၄ ယောက် ပါလာခဲ့တယ်။ သူက ကျွန်မနာမည်ကိုမခေါ်ဘဲ "ကောင်မ" လို့ ခေါ်ခဲ့တယ်။ တကယ်ပဲ ကျွန်မက အိမ်ဖော်အဆင့်ကနေ အရာရာကို သည်းခံခဲ့ပါတယ်။ အစ်ကိုအစ်မအတွက် ထမင်းချက်၊ အဝတ် လျှော်ပေးရသလို ညီမ၊ မောင်လေးကို ကျွန်မ ထိန်းခဲ့ရတယ်။ ဒါတောင် သူ မကျေနပ်ခဲ့ဘူး။ အမြဲတမ်း ခါးထောက်ပြီး ကျွန်မကို အပြစ်တစ်ခုမဟုတ်တစ်ခု ရှာနေခဲ့တယ်။

သူ့တစ်သက်မှာ အနိုင်ကိုပဲ သူလိုချင်ခဲ့တယ်။ တစ်သက်လုံး သူတစ်ပါးကို အောက် မကျို့ဘူး။ တစ်သက်လုံး ဘယ်သူ့ကိုမျှ အရှုံမပေးခဲ့ဘူး။ ဒါပေမဲ့ ဒီလောက် စိတ်ဓာတ်သန်မာ၊ အတ္တကြီးတဲ့ အမျိုးသမီးတစ်ဦးဟာ မနှစ်က အပြင်းဖျားပြီးနောက် အစုရှိန်မှာ ကျွန်မလက်ကို ဆွဲပြီး "ကြက်ဥတစ်လုံးရဲ့ရာဇဝင်" ကို မျက်ရည်အဝဲသားနဲ့ ထပ်တလဲလဲ ပြောနေခဲ့တယ်။

နငယ်တဲ့အရွယ်က အဖြစ်တွေကို ကျွန်မ မေ့နေခဲ့ပြီလို့ သူထင်နေခဲ့တယ်။ အဲဒီနေ့ ကျွန်မကို ပထမဆုံးအကြိမ် သူ ကြက်ဥကျွေးခဲ့တယ်။ အဲဒီနေ့က ကျွန်မကို ပထမဆုံးအကြိမ် သူ ပွေ့ဖက်ခဲ့တယ်။

အဲဒီနေ့က လူတစ်ယောက်ရဲ့အချစ်တွေ အခြားတစ်ယောက်ကို စပေးတဲ့နေ့ ဖြစ်ပါ တယ်။ အဲဒီနေ့ကို ကျွန်မ ဘယ်လိုမေ့လို့ရမလဲ။

ကြက်ဥက လွန်ခဲ့တဲ့ အနှစ် ၃၀ မှာ ရှားပါးပစ္စည်းဖြစ်တယ်။ ဒါပေမဲ့ အဲဒီနေ့က အဖေ ကြက်ဥပြုတ် ၅ လုံး ဝယ်ခဲ့ပြန်တယ်။ ကြက်ဥပြုတ်ကို စားပွဲပေါ်တင်ပြီး တစ်လုံးချင်း သူ ဂရု တစိုက် အခွံတွေခွာနေခဲ့တယ်။

"အင်း မွှေးလိုက်တာ"

ကြက်ဥတစ်လုံးခွာပြီးတိုင်း နှာခေါင်းရှေ့မှာထားပြီး သူ အရသာခံကြည့်တယ်။ ပြီး

သားသမီး ၄ ယောက်ရဲ့လက်ထဲ သူ ထည့်ပေးတယ်။ ကြက်ဥကို မြိန်ရေရှက်ရေစားနေတဲ့ ကလေးတွေကိုပြုံးကြည့်ရင်း "ဖြည်းဖြည်းစားကြ နင်ပြီးသေနေဦးမယ်" လို့သူမာန်တယ်။

နောက်ဆုံးကျန်တဲ့ကြက်ဥတစ်လုံးကို "ကောင်မ" ဆိုတဲ့ကျွန်မဆီသူပစ်ပေးခဲ့တယ်။ အခွံကို ဂရုတစိုက် ကျွန်မခွာပြီး စားဖို့ ပါးစပ်ဟလိုက်တဲ့တစ်ခဏ ရုတ်တရက် သေဆုံးသွားတဲ့ အမေကို ကျွန်မ သတိရလိုက်မိတယ်။ ပြီးတော့ ဥခွံခွာနေတုန်းမှာ ကြက်ဥကိုစားချင်နေတဲ့ သူ့ပုံစံကို မြင်ယောင်မိပြန်တယ်။ ကျွန်မ ကြက်ဥကို ထက်ဝက်ခြမ်းပြီး သူ့ကို ကမ်းပေးလိုက်တယ်။

ကျွန်မအပြုအမူကို ငေးကြောင်ပြီး သူ ကြည့်နေတယ်။ အဲဒီနောက် ကြက်ဥတွေ ကြမ်းပြင်ပေါ် မကျစေနဲ့လို့ ကျွန်မကို သူ လှမ်းအော်ဆဲတယ်။ ကြောက်ကြောက်လန့်လန့်နဲ့ ကြမ်းပြင်ပေါ်ကျသွားတဲ့ ကြက်ဥစတွေကို ကျွန်မ လိုက်ကောက်နေတဲ့အချိန် ရုတ်တရက် နောက်ကနေ ကျွန်မကို သူပွေ့ဖက်လိုက်တယ်။ သူ့မျက်ရည်တွေ ကျွန်မကျောပေါ်ကနေ စီးဆင်းသွားခဲ့တယ်။

အဲဒီအဖြစ်အပျက်နောက်ပိုင်း ကျွန်မကိုကြည့်တဲ့ သူ့အကြည့်တွေ သိမ်မွေ့လာခဲ့တယ်။ သမီးရင်းလို ကျွန်မမျက်နှာကို သူ ပွတ်သပ်လာတတ်တယ်။ ကျွန်မကိုလည်း ကြင်နာတတ်တဲ့ သမီးလို့ မကြာခဏ သူပြောလာတတ်တယ်။ ပြောင်းလဲလာတဲ့ မိထွေးရဲ့အပြုအမူကို အဖေရော ကျွန်မပါ အံ့သြနေခဲ့တယ်။

စိတ်ဓာတ်သန်မာတဲ့ အမျိုးသမီးတစ်ဦးရဲ့အချစ်ကို ကျွန်မ လျစ်လျူမရှုရက်ခဲ့ဘူး။ အမေရင်းတစ်ယောက်လို သူ့ကို ကျွန်မ ဂရုစိုက်ပြုစုခဲ့ပါတယ်။ ခြေလက်ဆေးပေးတယ်။ ကျွန်မရဲ့မေတ္တာတွေအားလုံး ပေးခဲ့တယ်။ သူကလည်း သားသမီးငါးယောက်ကို ချစ်မယ့်အချစ်တွေ ကျွန်မတစ်ယောက်တည်းကိုပဲ ပုံပေးလိုက်သလား ထင်ရလောက်အောင် ကျွန်မအပေါ် သမီးအရင်းတွေထက် ပိုကောင်းခဲ့တယ်။ အနှစ် ၄၀ ကျော်ရှိခဲ့ပါပြီ။ အနှစ် ၄၀ ကျော်အတွင်းမှာ ကျွန်မနဲ့ပဲ သူ နေခဲ့ပါတယ်။

အလုပ်ကိုယ်စီရှိကြတဲ့ ကျွန်သားသမီးတွေက ကျွန်မထက် ပိုအဆင်ပြေခဲ့ကြတယ်။ ဒါပေမဲ့ သူက သားသမီးတွေနဲ့ လိုက်မနေဘဲ ၁၀ ပေပတ်လည် အခန်းကျဉ်းထဲမှာပဲ ကျွန်မနဲ့ အတူ နေခဲ့တယ်။ ကျွန်မကိုယ်စား မြေးတွေကို သူ သွန်သင်ပေးတယ်။ ကျွန်မကိုယ်စား အိမ်နီးချင်းတွေနဲ့ သူပြင်းဆိုပေးတယ်။ သူ့သားသမီးတွေ သူ့ကိုပေးတဲ့ အသုံးစရိတ်ကိုကျွန်မကလေးရဲ့ ကျောင်းစရိတ် လုပ်လိုက်တတ်တယ်။

မနှစ်က သူ ကွယ်လွန်သွားခဲ့ပါတယ်။ သူရှိနေစဉ်က "ဘာဖြစ်လို့ ကျွန်မတို့ရဲ့ရင်းနှီးမှုက သားသမီးရင်းထက် ပိုသာခဲ့သလဲ" လို့ ကျွန်မ မကြာခဏ တွေးခဲ့ဖူးတယ်။ အချိန်တွေ

ကုန်လွန်ပြီးမှ ကျွန်မ သဘောပေါက် နားလည်ခဲ့ရတယ်။ မိခင်မေတ္တာက ပေးဆပ်ခြင်းသက်သက်လို့ ကျွန်မတို့ အမြဲတွေးထင်ပြီး အဲဒီမေတ္တာထဲ စိတ်ချလက်ချ ပျော်ဝင်ခံစားခဲ့တယ်။ မိခင်မေတ္တာမှာ အပူရှိန်လည်းပါတယ်ဆိုတာကို ကျွန်မတို့ တစ်ခါမှ မတွေးခဲ့မိဖူးဘူး။ အဲဒီမေတ္တာကို အေးစက်တဲ့နှလုံးသားနဲ့ထိတွေ့ရင် အပူရှိန်နည်းပြီး နွေးထွေးတဲ့ နှလုံးသားနဲ့ထိတွေ့ရင် အပူရှိန်တွေ အဆပေါင်းများစွာ တက်လာတယ်။ ချစ်ခြင်းမေတ္တာဆိုတာ အသည်းနှလုံးနှစ်ခု အပြန်အလှန် နွေးထွေးမှုတွေ ဖလှယ်တာပဲဖြစ်တယ်။

မိထွေးဟာလည်း အမေပါပဲ။ သူတို့က သူများသားသမီးကို ကိုယ့်သားသမီးလောက် မချစ်နိုင်သေးတာ တစ်ခုပါပဲ။

(အင်တာနက်မှာဖတ်ရတဲ့ ရေးသူအမည်မသိတဲ့ စာတစ်ပုဒ် ဖြစ်ပါတယ်။)

# နိုးတာပ်လေ မှုန်ဝါးလေ

**ထူ့ရဲ့ နောင်တနဲ့ နာကျင်မှုတွေကို ကျွန်မ ခံစားခဲ့ရတယ်။ ဒီလိုနောင်တတွေ၊ နာကျင်မှုတွေက ထူ့ဘဝတစ်သက်တာလုံး အမှတ်ထရ ရှိနေတော့မှာပေ ....**

ရင်းနှီးလွန်းလို့၊နီးကပ်လွန်းလို့ဂရုစိုက်မှုတွေ နည်းသွားတယ်။အာရုံစိုက်မှု နည်းသွားတယ်။ ကြာတော့ ဒါဟာ ဖြစ်ရိုးဖြစ်စဉ်ဖြစ်လာတယ်။ လျစ်လျူရှုမှုတွေ များလာခဲ့တယ်။

ကြာတော့ ဒါတွေက ကျွန်မတို့ရဲ့ အားနည်းချက်၊ ကျွန်မတို့ရဲ့ အကျင့်စရိုက်တွေ ဖြစ်လာခဲ့တယ်။ ကျွန်မတို့ရဲ့လျစ်လျူရှုမှုက ရင်းနှီးသူတွေကို ထိခိုက်နာကျင်စေခဲ့တယ်။ နောက်ဆုံး ကိုယ့်ကိုယ်ကိုယ် နာကျင်စေခဲ့ပြန်တယ်။

"မိဘတွေကိုမကြည့်ဘဲ မိဘတွေရဲ့ဓာတ်ပုံကိုလည်းမကြည့်ဘဲ သူတို့ရဲ့ ရုပ်ပုံကို ဆွဲနိုင်းကြည့်မယ်ဆိုရင် သင် ဆွဲနိုင်ပါသလား"

သေသေချာချာ စဉ်းစားကြည့်ပါ။

အမေ့ရဲ့မျက်ခွံ့က အရစ်ပါလား။ မပါဘူးလား။

အဖေ့ရဲ့နှာခေါင်းက ထူသလား။ ပါးသလား။

SYNERGY PUBLICATION

အမေ့မျက်နှာပေါ်က အရစ်ကြောင်းတွေ နည်းသလား၊ များသလား။
အဖေ့နဖူးပေါ်က အရစ်ကြောင်း ဘယ်နှကြောင်းရှိသလဲ၊
အမေ့ရဲ့မျက်နှာပေါ်မှာ မှည့် ဘယ်နှလုံးရှိသလဲ၊
အဖေ့ရဲ့မျက်ခုံးမွေးက ထူသလား၊ ပါးသလား။

မျက်စိမှိတ်ပြီး သေချာထပ်ပြန် စဉ်းစားကြည့်ပါ။ ကျွန်မတို့ဆီလှမ်းလာတဲ့ အဖေ၊ အမေတို့ရဲ့ ပုံစံအမူအရာက ဘယ်လိုလဲ၊ နောက်ပြန်လှည့်သွားတဲ့ အဖေ၊ အမေတို့ရဲ့ နောက်ကျောပုံစံက ဘယ်လိုပုံစံမျိုးလဲ၊ ကျွန်မတို့ ငယ်ငယ်ကနေ အရွယ်ကြီးလာတဲ့အထိ အဖေ၊ အမေတို့ရဲ့ အမူအရာနဲ့ ပုံရိပ်တွေ ဘယ်လောက် ပြောင်းလဲသွားခဲ့ပြီလဲ။ အိမ်အလုပ် ပင်ပင်ပန်းပန်း လုပ်နေတဲ့ အမေ့ပုံရိပ်ကို ကျွန်မတို့ ကြည့်နိုင်ခွင့်ရှိခဲ့လား။ အပြင်ထွက် အလုပ်လုပ်မယ့် အဖေ့ရဲ့ပုံစံကို ကျွန်မတို့ သတိထားကြည့်ခဲ့မိလား။

ဒီအရာတွေကို အစုမှ စဉ်းစားမိကြတယ် မဟုတ်လား။
ပိုရင်းနှီးလေ၊ ပိုနီးကပ်လေ အမြင်တွေက ဝေဝါးလေပါပဲ၊
ရင်းနှီးလွန်းတယ် ထင်ခဲ့ပေမယ့် ဂရုစိုက်မှုက သူစိမ်း ဆန်ခဲ့ရတယ်၊

"မိဘတွေက ကျွန်မတို့ ကြီးပြင်းခဲ့တာကို မှတ်ထားတယ်၊ ကျွန်မတို့က မိဘတွေ အိုမင်းသွားတာကို မှတ်ဖို့ မေ့နေခဲ့တယ်"

လူကြီးတစ်ဦးက ပြောခဲ့ပါတယ်။ (၄၁) နှစ် သူ အိမ်ထောင်ကျစဉ်က အဝေးမှာနေတဲ့ မိဘတွေကို မဖိတ်ခေါ်နိုင်ခဲ့လို့ မိဘပုံတွေကိုဆွဲပြီး သတိတရနဲ့ နံရံမှာချိတ်ဆွဲဖို့ စဉ်းစားခဲ့တယ်၊ ဒါပေမဲ့ လကြာတဲ့အထိ ပုံဆွဲခဲတံပဲကိုင်ပြီး ဘာပုံ ဆွဲမထွက်ခဲ့ဘူး။ သူ့ရဲ့အတွေးထဲမှာ မိဘတို့ရဲ့ပုံရိပ်က ကြည်လင်နေတယ်၊ ဒါပေမဲ့ သူတို့ရဲ့မျက်လုံး၊ မျက်နှာအနေအထား၊ အကြည့်တွေကို သေသေချာချာ မြင်ယောင်ကြည့်တော့ အမြင်မှာ မှုန်ဝါးဝါးဖြစ်နေခဲ့တယ်၊ ဒါကြောင့် သူ ပုံမဆွဲနိုင်တာဖြစ်တယ်၊

အသက် (၂၀) မတိုင်ခင်က မိဘတွေနဲ့ သူ နေခဲ့တယ်၊ အနှစ် (၂၀)လုံးလုံး ဒီလောက် ပူးပူးကပ်ကပ်၊ ဒီလောက် ရင်းရင်းနှီးနှီး နေခဲ့ပေမဲ့ စိမ်းနေခဲ့တယ်၊ မှုန်ဝါးနေခဲ့ရတယ်၊

မိဘတွေရဲ့ မျက်နှာကိုတောင် ပုံစံမဖော်နိုင်လောက်အောင် စိမ်းခဲ့တယ်၊ မိဘတွေရဲ့ ရုပ်ပုံကိုတောင် ဆက်စပ်ပုံဖော်လို့ မရနိုင်အောင် မှုန်ဝါးခဲ့တယ်၊

ဒီအတွက်သူနှစ်အတော်ကြာခံစားခဲ့ရတယ်။ သားသမီးသုံးယောက်ရဲ့ကလေးတွေရဲ့ကြီးပြင်းရာတစ်လျှောက်မှာ အဖော်လုပ်ရင်း ခံစားမှုတွေကို လျှော့ခဲ့ရတယ်။

ဒီနှစ်အတောအတွင်းမှာ အဲဒီလူကြီးရဲ့ ခံစားချက်ကို ကျွန်မ နားလည်နိုင်ခဲ့တယ်။ ဒါကြောင့် အချိန်အချို့ခွဲပြီး အမေ့အိမ်ကို ကျွန်မ ပြန်ခဲ့တယ်။ အမေ့ဆံပင်ကို ဆေးဆိုးပေးတယ်။ အမေ ငိုက်နေတဲ့အချိန် အမေ့ရဲ့မျက်နှာကို သေသေချာချာ ကြည့်ခဲ့မိတယ်၊ အမေ့ရဲ့ပုံရိပ်တွေကို ကျွန်မရဲ့မျက်စိထဲ၊ ဦးနှောက်ထဲ၊ နှလုံးသားထဲ၊ ကျွန်မရဲ့အသိထဲ စွဲစွဲမြဲမြဲ မှတ်ထားခဲ့တယ်။

နယ်ချဲ့စဉ်က အမေ့ရဲ့ပုံရိပ်နဲ့ အခုလက်ရှိ နှိုင်းယှဉ်ကြည့်ပြီး ကျွန်မ မျက်ရည်စို့မိတယ်၊ လူတိုင်း၊ သားသမီးတိုင်းကို အမေက သူ့ရဲ့ နုပျိုတဲ့အရွယ်နဲ့ ဖေးတာပြီး ကြီးပြင်းလာတဲ့အထိ နှစ်ရှည်ကြာအောင် ပြုစုကျွေးမွေးခဲ့တယ်။

မိဘတွေနဲ့ ဝေးကွာတဲ့အချိန် ပူပန်စိတ်၊ လွမ်းဆွတ်စိတ်တွေ ရှိကြတယ်။ ဒါပေမဲ့ မိဘတွေက ကျွန်မတို့ရဲ့ ကြီးပြင်းခဲ့တာကို မှတ်သားနေရချိန်မှာ ကျွန်မတို့က မိဘတွေ အိုမင်းသွားတာကို မှတ်သားဖို့ မေ့နေခဲ့ကြတယ်။

"နောင်တနဲ့ နာကျင်မှုတွေ ဘဝတစ်လျှောက်လုံး ကပ်မလိုက်စေနဲ့"

မိဘတွေသာမက ညီအစ်ကို မောင်နှမကြားမှလည်း ထိုနည်းလည်းကောင်းပါပဲ။ အိမ်မှာနေတုန်းကတော့ တကျက်ကျက်၊ အလုပ်တွေရ၊ အိမ်ထောင်တွေကျပြီး တစ်ယောက်တစ်နေရာ ခွဲခွာခဲ့ကြတော့ တွေ့ဆုံဖို့က နည်းသွားခဲ့တယ်။ အိုမင်းသွားချိန်အထိ အဆက်အသွယ်တွေ နည်းခဲ့ကြတယ်။ သတိထားမိချိန်၊ သတိပြုမိချိန်ရောက်တော့ အချိန်တွေက လွန်သွားခဲ့ပါပြီ။ နှောင်းသွားခဲ့ပါပြီ။

လွန်ခဲ့တဲ့ နှစ်အနည်းငယ်က သင်တန်းတစ်ခုကြောင့် မိတ်ဆွေတစ်ဦးနဲ့ ရင်းနှီးခဲ့ရတယ်။ မိတ်ဆွေက တစ်နယ်တစ်ကျေးမှာ လာရောက် အလုပ်လုပ်သူဖြစ်ပြီး အပေါင်းအသင်း ခံမင်တယ်။ မိတ်ဆွေ၊ သူငယ်ချင်းအပေါ် သူ အရမ်းကောင်းပေမယ့် မောင်နှမတွေအပေါ်မှာတော့ မကောင်းခဲ့ဘူး။

တစ်ခါတုန်းက အဝေးရောက်နေတဲ့ အစ်မတစ်ယောက် သူ့ဆီဖုန်းဆက်တော့ ကျွန်မလည်း သူ့အနားမှာ ရှိနေခဲ့တယ်။ အစ်မစကားတို့ သူ လိုက်လျောပြောနေပေမယ့် စိတ်ပါပုံမရဘူး။ စိတ်မရှည်တဲ့လေသံနဲ့ ဖုန်းချပြီးနောက် စိတ်ရှုပ်မုန်းတီးတဲ့ပုံပါပြခဲ့တယ်။

"အစ်မရှာတာ ကိစ္စရှိလို့လား" ကျွန်မကမေးတော့၊

"ဘယ်ကလာ ကိစ္စရှိရမှာလဲ။ သူ့လို နေ့တိုင်း အိမ်ထဲအိမ်ပြင်မထွက်တဲ့ အိမ်ထောင်ရှင်မတစ်ယောက်မှာ ဘာကိစ္စရှိနိုင်မှာလဲ။ ကျွန်မ သူ့ထက်သာ မသာ၊ ကျွန်မ ဘယ်လိုနေနေတယ်ဆိုတာကို သိချင်လို့ တမင် ဖုန်းဆက်လိုက်တာပဲ။ သူက အဲဒီလိုပဲ ငယ်ငယ်ကတည်းက အမြဲတမ်း ကျွန်မနဲ့ ပြိုင်ချင်နေတယ်။ စာတော်တာကိုပြိုင်မယ်၊ ဆုရတာကိုပြိုင်မယ်၊ ချောင်းပြိုင်မယ်၊ လူချစ်လူခင်ပေါတာကိုပြိုင်မယ်၊ ကျောင်းလည်ပြီးရော အလုပ်ပြိုင်မယ်၊ ရည်စားပြိုင်မယ်၊ အရမ်း မုန်းဖို့ကောင်းတာ"

"အခု သူ အိမ်ထောင်ကျပြီလေ။ သူနဲ့ အနီးဆုံးဆိုလို့ ရှင်ပဲရှိတာ။ ရှင်တို့အချင်းချင်းပို ချစ်ခင်ရင်းနှီးသင့်တာပေါ့ မဟုတ်ဘူးလား" သူ့ကို ကျွန်မ သတိပေးတော့ -

"မဖြစ်နိုင်တာ သူ့လိုစရိုက်နဲ့ သူနဲ့ ကျွန်မ ချစ်ခင်ဖို့ဆိုတာ မဖြစ်နိုင်ဘူး။ ကျွန်မတို့က မွေးကတည်းက တော်ညီကြတာ၊ ငယ်ငယ်တုန်းက အမြဲရန်ဖြစ်တယ်၊ ရန်ဖြစ်တိုင်း ကျွန်မပဲ အဆူခံရတယ်၊ သူက လည်လွန်းတယ်။ လူကြီးတွေလာပြီဆိုရင် မျက်ရည်မထွက် ထွက်အောင် အော်ငိုတယ်၊ အခုတော့ သူ့ဝင်္ကက ကျွန်မကျော်သွားပြီလို့ ပြောရမယ်၊ သူ့ဝင်္ကကို သူ့ယောက်ျား ခံပါစေလေ၊ ဘာဖြစ်လို့ ကျွန်မက သူနဲ့ တရင်းတနှီးနေရဦးမလဲ၊ ကျွန်မ ဦးနှောက်ကောင်းပါသေးတယ်"

ကျွန်မရဲ့ သတိပေးစကားက သူ့ရဲ့ မကျေမနပ်မှုအတွက် ထွက်ပေါက်ဖြစ်ခဲ့တယ်၊ လအတန်ကြာပြီးနောက် နံနက်ခင်းတစ်ခုမှာ သူ့ဖုန်းကို ကျွန်မ လက်ခံရရှိခဲ့တယ်။ ဖုန်းတစ်ဖက်မှာ စိုးနင့်နင့်လေသံနဲ့ သူ ပြောလာပါတယ်။

"ကျွန်မအစ်မ ဆုံးသွားပြီ၊ မနေ့ညကပဲ ကလေးမွေးရင်း သွေးလွန်ပြီးသေသွားပြီ၊ အစကတည်းက သူ့ကိုယ်ခံအားက ကောင်းတာမဟုတ်ဘူး။ ဒီတစ်ခေါက် ကိုယ်ဝန်ရလာတော့ ကလေးမယူဖို့ ကျွန်မပြောသေးတယ်၊ အကြီးဆုံးတစ်ယောက်က တစ်နှစ်ပဲရှိသေးလို့ ကျန်းကျန်းမာမာဖြစ်မှ ကလေးထပ်ယူပါလို့ပြောတာကို နားမထောင်ဘူး။ ကလေးတွေမြန်မြန်မွေး၊ မြန်မြန်ကြီး ပြီးရင် ကိုယ်လုပ်ချင်တာကို လုပ်နိုင်မယ်တဲ့၊ အခုတော့ ကြည့်ဦး"

ဖုန်းတစ်ဖက်မှာ သူ စကားတွေအများကြီး ပြောဖြစ်တယ်၊ အကြာကြီးငိုခဲ့တယ်၊ ကျွန်မနဲ့အပြင်မှာတွေ့ ပြန်လည်း အများကြီးပြောပြီး အကြာကြီး ငိုခဲ့ပြန်သေးတယ်၊ အစ်မအတွက် ပြောမယ့်စကားတွေ၊ အစ်မကို ပြောသင့်တဲ့စကားတွေ အခုတော့ ပြောဖို့ အခွင့်အရေးတောင် မရှိခဲ့တော့ပါဘူး။

သူ အလုပ်ကထွက်ပြီး အစ်မရဲ့ နာရေးကို သွားကူခဲ့တယ်။ မွေးကင်းစကလေးကို ချီပြီး ကျွန်မဆီကို သူ ဖုန်းဆက်ခဲ့တယ်။ ဖုန်းဟိုဖက်မှာ ကလေးငိုသံကို ကြားတယ်၊ သူ့ငိုသံကို လည်းကြားတယ်။ ဖုန်းရဲ့ဒီဖက်မှာ ကျွန်မလည်း ငိုခဲ့မိတယ်။ အစ်မအိမ်ထောင်ကျတာ ၃ နှစ်ရှိပေမယ့် အစ်မအိမ်ကို သူတစ်ခါမှ မရောက်ခဲ့ဖူးဘူး။ ပထမဆုံးအကြိမ် ရောက်တာကလည်း အစ်မရဲ့ နောက်ဆုံးခရီးကို ပို့ဖို့ပဲဖြစ်ခဲ့တယ်။

သူ့ရဲ့ နှောင်တနဲ့ နာကျင်မှုတွေကို ကျွန်မ ခံစားခဲ့မိတယ်။ ဒီလိုနောင်တတွေ၊ နာကျင်မှုတွေက သူ့ဘဝတစ်သက်စာလုံး အမှတ်တရ ရှိနေတော့မှာလေ....

ref : http://www.yukz.com



# သားတို့ အိမ်ပြန်ကြရအောင် အမေ

အိုမင်းပိန်လှီနေတဲ့ အမေ့ခန္ဓာကိုယ်ကို တင်းတင်းလေး သူ ဖက်ထားလိုက်မိတယ်။
သူ့ ပါးပြင်ပေါ် မှာ မျက်ရည်တွေက အဆက်မပြတ် စီးဆင်းလို့ . . . .

"မေ့ါရင် အရသာမရှိဘူးနဲ့ ဒီနေ့ချက်တာ နည်းနည်းငန်တော့ မျိုမကျဘူးတဲ့၊ ဘယ်လို လုပ်ပေးရမလဲ"

အိမ်ထဲဝင်ဝင်ချင်း ထမင်းစားခန်းမှ လွင့်လာတဲ့အသံက ဆီးကြိုတယ်။ သားကို မြင်တော့ အမေက ခေါင်းညိတ်ပြီး ထမင်းဆက်စားတယ်။ မိန်းမက သူ့ကို မျက်စောင်းနဲ့ကြည့် တယ်။ အမေစားနေတဲ့ဟင်းကို သူ မြည်းကြည့်ပြီး ချက်ချင်း ထွေးထုတ်လိုက်မိတယ်။

"အမေ့ရောဂါက အငန်နဲ့မတည့်ဘူးလို့ ပြောထားတယ်မဟုတ်လား"

"ဒါဆို ရှင့်အမေကို ရှင်ပဲချက်ကျွေးပေါ့" ခြေဆောင့်ပြီး သူမ ထွက်သွားတယ်။

သက်ပြင်းတစ်ချက်ကို သူ ခပ်ဖွဖွချရင်း -

"အမေ အဲဒါတွေက မစားနဲ့တော့ သား ခေါက်ဆွဲချက်လိုက်မယ်"

"သား အမေ့ကို သား ဘာပြောစရာရှိလဲ။ ပြောစရာရှိတာ ပြောနော်သား စိတ်ထဲ ထည့်မထားနဲ့"

"နောက်လကျရင် သား ရာထူးတက်ပြီ အမေ။ သား ဒီထက် ပိုအလုပ်များတော့မယ်။ အမေ့ချွေးမကလည်း အပြင်ထွက် အလုပ်လုပ်ချင်တယ်တဲ့ ဒါကြောင့်"

သား ဘာကိုဆိုလိုချင်မှန်း အမေသိလိုက်တယ်။

"သားရယ် အမေ့ကို လူအိုရုံမပို့ပါနဲ့နော်"

တိုးလျိုးတောင်းပန်စွာ အမေဆိုတော့ သားစိတ်မကောင်းဖြစ်ပြီး ခဏလောက် နှုတ်ဆိတ်သွားတယ်။

"အမေ လူအိုရုံက မကောင်းတာမဟုတ်ဘူး။ အမေ့ချွေးမ အလုပ်ရရင် အမေ့ကို ပြုစုဖို့ အချိန်ရှိတော့မှာ မဟုတ်ဘူး။ လူအိုရုံမှာ အမေ့ကိုပြုစုမယ့်သူ၊ ချက်ကျွေးမယ့်ဝန်ထမ်းတွေ ရှိတယ် အမေ။ အိမ်မှာထက်စာရင် ပိုကောင်းတာပေါ့ အမေရယ်"

"ဒါပေမဲ့ သားရယ်"

အမေ့စကားကို သူ မကြားချင်ဟန်ဆောင်ပြီး ရေချိုးခန်းဘက် ထွက်လာခဲ့တယ်။ သားအမိနှစ်ယောက် ခေါက်ဆွဲအတူစားပြီး စာကြည့်ခန်းထဲ သူဝင်ခဲ့တယ်။ ပြတင်းပေါက် အပြင်ဘက်ကို ငေးကြည့်ရင်း သူ တွေဝေနေမိတယ်။

ငယ်ငယ်ရွယ်ရွယ် မုဆိုးမဖြစ်ခဲ့ရတဲ့အမေ၊ သားကို လူတစ်လုံးသူတစ်လုံးဖြစ်အောင် ကျွေးမွေးခဲ့တဲ့အမေ၊ သားကို လူရာဝင်အောင် နိုင်ငံခြားအထိ ပညာသင်ခွင့်ပေးခဲ့တဲ့ အမေ၊ သားကို ကြီးပြင်းအောင် ကျွေးမွေးအနစ်နာခံခဲ့တာကို အကြောင်းပြုပြီး သားဆီက ဘာမျှ ပြန်မမျှော်လင့်ခဲ့တဲ့အမေကို အိမ်ထောင်ရေးတည်မြဲဖို့ မိန်းမဆန္ဒကြောင့် လူအိုရုံပို့ရတော့မယ်။ သက်ပြင်းလေးလေးတစ်ချက် သူ ချလိုက်မိတယ်။ သားရင်ထဲမှာ မရိုလိုက်တာ အမေရယ်။

"မင်းရဲ့ လက်ကျန်ဘဝကို မင်းအမေက အဖော်ပြုမှာမဟုတ်ဘူး။ မင်းမိန်းမကပဲ အဖော်ပြုမှာ"

"မင်းအမေ အသက်ကြီးပြီကွာ။ နေလို့ရရင် နောက်ထပ် ၄၊ ၅ နှစ်ပေါ့။ အဲဒီနှစ်တိုတို လေးမှာ အမေ့ကို သေချာပြုစုရရိုက်ပါကွာ။ မရှိတော့မှ ငါမကျွေးလိုက်ရပါလား။ ငါမမွေးလိုက်ရပါလားလို့ နောင်တမရနဲ့"

ပတ်ဝန်းကျင်က သူငယ်ချင်း မိတ်ဆွေတချို့ရဲ့ စကားသံကို ပြန်ကြားယောင်ရင်း သူ ရှေ့ဆက် မတွေးရဲတော့ဘူး။

အမေ့အတွက် ငွေကုန်ကြေးကျများရင် ဂရုစိုက် ရှိသေရာရောက်တယ်လို့ ထင်မယ် ဆိုလည်း ထင်ကြတော့။ တောင်စွယ်နေကွယ်လုဆဲ ညနေခင်းတစ်ခု၊ မြို့ပြင်မှာတည်ထားတဲ့ လူအိုရုံဆီ သူတို့ ရောက်လာခဲ့တယ်။ လူအိုရုံဧည့်ခန်းကို သူတို့ဖြတ်လျှောက်တော့ ၄၂ လက်မ တီဗွီဖန်သားပြင်ပေါ်မှာ ဟာသကားတစ်ကား ပြနေတာကို တွေ့လိုက်တယ်။ ဒါပေမဲ့ ကြည့်နေ တဲ့ ပရိသတ်ဆီက ဘာရယ်သံမျှ မကြားရဘူး။

ပုံစံတူအင်္ကျီ၊ ပုံစံတူညှပ်ထားတဲ့ဆံပင်နဲ့ လူအိုတချို့ ဆိုဖာပေါ်မှာ စောင်းစောင်းရွဲ့ရွဲ့ ထိုင်နေကြတယ်။ ငုငုငိုင်ငိုင်ထိုင်နေတဲ့ အဘွားအိုတစ်ယောက်ပါးစပ်က တတွတ်တွတ် ရွတ် နေတယ်။ တုန်ချိချိအဘွားအိုတစ်ယောက် ကြမ်းပြင်ပေါ်ကျနေတဲ့ မုန့်ကို ကုန်းကောက်ဖို့ ကြိုး စားနေတယ်။

မြင်ကွင်းတွေကို သားအကြည့်လွှဲပြီး နေရောင်ရတဲ့ အခန်းတစ်ခန်းကို အမေ့အတွက် ရွေးလိုက်တယ်။ အခန်းပြတင်းပေါက်က အပြင်ကို လှမ်းကြည့်မိတော့ သစ်ပင်ရိပ်အောက်မှာ လက်တွန်းလှည်းနဲ့ နပ်စ်အချို့ကို တွေ့လိုက်တယ်။ ပျင်းရိပျင်းတွဲ ညနေခင်းရဲ့ မှိန်ဖျော့ဖျော့ အလင်းရောင်အောက်မြင်ကွင်းက မြင်ရသူအဖို့ ရင်နင့်စရာ ကောင်းလှတယ်။

"အမေ သား သွားတော့မယ်"

သူနှုတ်ဆက်စကားကို အမေ ခေါင်းညိတ်ပြတယ်။ တုန်ယင်နေတဲ့လက်နဲ့ ဝှေ့ယမ်း ပြတယ်။ သွားမရှိတော့တဲ့ပါးစပ်ကိုဟပြီး တစ်ခုခုပြောဖို့ကြိုးစားတယ်။ အမေ ဆံပင်တွေတောင် ငွေရောင်သမ်းခဲ့ပါပေါ့လား။ မျက်လုံးထောင့်က အရစ်ကြောင်းတွေတောင် နက်သထက် နက် ဝင်ခဲ့ပါပေါ့လား။ အမေ တကယ်အိုခဲ့ပါပေါ့လား။

O

အဲဒီတုန်းက သူ ၆ နှစ်။ ကိစ္စတစ်ခုကြောင့် အမေ ခရီးထွက်ရမယ်ဆိုလို့ သူ့ကို ဦးလေး အိမ်မှာ ခဏသွားအပ်ခဲ့တယ်။ ပစ္စည်းတွေယူပြီး အမေသွားဖို့ပြင်တော့ ကြောက်အားလန့်အားနဲ့ အမေ့အင်္ကျီကိုဆွဲပြီး သူအော်ငိုတော့တယ်။

"အမေ သားကိုခွဲမသွားပါနဲ့။ အမေ သားကို ထားမသွားပါနဲ့"

ရှိုက်ကြီးတငင်ငိုနေတဲ့သူ့ကို အမေ ထားမသွားရက်ခဲ့ဘူး။ အမေ့လက်ကိုဆွဲပြီး ဦး လေးအိမ်က ထွက်လာတော့ ခြံတံခါးကို သူ ဆွဲပိတ်ခဲ့လိုက်တယ်။ သူ့ကိုထားခဲ့ဖို့ လာသွားတယ်

ဆိုတဲ့ အိပ်မက်ဆိုးကြီး တစ်သက်လုံး ကပ်ငြိမလာအောင် တံခါးဝဖက်ကို သူ ယောင်လို့တောင် လှည့်မကြည့်ခဲ့ဘူး။

○

အိမ်ထဲဝင်လိုက်တာနဲ့ မိန်းမနဲ့ယောက္ခမက အမေ့အခန်းထဲက ပစ္စည်းတွေကို လှှင့်ပစ်ဖို့ သိမ်းနေတာနဲ့သွားတိုးတယ်။ ၂ပေမြင့်တဲ့ဒိုင်းဆုတစ်ခု အထက်တန်းတုန်းက "ကျွန်တော့်အမိခင်" ဆိုတဲ့ စာစီစာကုံးနဲ့ သူ ပထမဆုရထားတဲ့ ဒိုင်းဆုလေး။ အဘိဓာန်စာအုပ်တစ်အုပ်၊ အမေ့ရွှေးနည်းစာနဲ့ ဝယ်ပေးခဲ့တဲ့ သူ့ရဲ့ ပထမဦးဆုံးသော မွေးနေ့လက်ဆောင်၊ အကြောပြေလိမ်းဆေးတစ်ဘူး။ အမေ အိပ်ရာမဝင်ခင် လိမ်းတတ်တဲ့ဆေး။ လိမ်းပေးတဲ့သူမရှိဘဲ အမေ့ကို ဒီဆေးပေးလိုက်တော့လည်း ဘာထူးမှာလဲ။

"တော်ပြီ မသိမ်းကြပါနဲ့တော့" သူ အော်လိုက်မိတယ်။

"ဒီလောက်များတဲ့အမှိုက်တွေ ပစ်မထုတ်ရင် ငါ့ပစ္စည်းတွေ ဘယ်နားသွားထားရမလဲ" ယောက္ခမက စူးစူးဝါးဝါးကြည့်ရင်း ပြန်အော်တယ်။

"ဟုတ်ပါ့ အဲဒီစုတင်စုတ်ကြီးလည်း ပစ်ထုတ်လိုက်စမ်းပါ။ မနက်ဖြန်ကျမှ အမေ့အတွက် သပ်ဆိုးရတင်အသစ်တစ်လုံး ဝယ်ပေးမယ်နော်"

ခုတင်ခေါင်းရင်းမှာထောင်ထားတဲ့ ဓာတ်ပုံကို သူတွေ့လိုက်တယ်။ အဲဒီပုံက သူ့ကို အမေကာစားကွင်းလိုက်ပို့တုန်းက ရိုက်ထားတဲ့ပုံ ဖြစ်တယ်။

"ဒါတွေဟာ ကျွန်တော့်အမေရဲ့အမွေတွေ၊ တစ်ခုမျှ မပစ်နိုင်ဘူး"

"ဒါ ဘာအချိုးလဲ၊ ဘာလို့ အမေ့ကိုပြန်အော်ရတာလဲ၊ အမေ့ကို ချက်ချင်းတောင်းပန်လိုက်"

"မင်းကိုငါလက်ထပ်ခဲ့တာနဲ့ မင်းအမေကိုချစ်ရမယ်ဆိုရင် ဘာဖြစ်လို့ငါ့ကိုလက်ထပ်ခဲ့ပြီး ငါ့အမေကို မင်း မချစ်ခဲ့ရတာလဲ"

မိုးရွာပြီးစမို့ ညက ပိုအေးစက်နေတယ်။ လူသူကင်းရှင်းတဲ့လမ်းမပေါ်မှာ ကားလေးတစ်စီး မြို့ပြင်ကလူအိုရုံဘက် ဦးတည်ပြီး တရိပ်ရိပ်ပြေးနေတယ်။ လူအိုရုံရောက်တော့ ကားပေါ်က အမြန်ဆင်းပြီး အမေ့အခန်းဘက် သူပြေးသွားလိုက်မိတယ်။ သူ့လက်ထဲမှာ အမေ အမြဲလိမ်းတတ်တဲ့ အကြောပြေဆေးဘူးကို တင်းတင်းဆုပ်ကိုင်ထားတယ်။

"အမေ ဆေးကျန်ခဲ့လို့ သားလာပို့တာ"

အမေ့ခုတင်ရှေ့သူ ဒူးထောက်ချလိုက်မိတယ်။

"မိုးချုပ်နေပြီသားရယ်။ မနက်ဖြန် အလုပ်ရှိသေးတယ် မဟုတ်လား။ ပြန်ပါသား . . . . ဆေးကို အမေ့ဘာသာ လိမ်းလို့ရတယ်"

"အမေ" သူ့အသံတွေ လည်ချောင်းဝမှာ တစ်ဆို့နေတယ်။


"အမေ သားကိုခွင့်လွှတ်ပါအမေ။ သားတို့ အိမ်ပြန်ကြရအောင်နော်"

အိုမင်းပိန်လှီနေတဲ့ အမေ့ခန္ဓာကိုယ်ကို တင်းတင်းလေး သူ ဖက်ထားလိုက်မိတယ်။ သူ့ပါးပြင်ပေါ်မှာ မျက်ရည်တွေက အဆက်မပြတ် စီးဆင်းလို့ . . . .

"သားတို့ အိမ်ပြန်ကြရအောင် အမေ"

http:/www.youthwant.com.tw တွင်ဖတ်မိသော စာတစ်ပုဒ်အား

ဆီလျော်အောင် ဘာသာပြန်ခံစားသည်။



# လှမ်းလင့်မယ့် လက်တစ်စုံ

'ဝယ်ဝယ်ထုန်းတ ဈဉ်းကျားဖြတ်တိုင်း အမေက ကျွန်မရဲ့လက်ကို ဆွဲခဲ့တယ်။
ဒီတစ်ခါ အမေ့လက်ကို ကျွန်မ ဆွဲပါရစေ'

အလုပ်ပိတ်ရက် စနေနေ့တစ်နေ့မှာ အမေ့အိမ်ကို ကျွန်မ ပြန်ဖြစ်ခဲ့တယ်။ အဝေးက သမီး အိမ်ပြန်လာတော့ အမေက သူကိုယ်တိုင်ဈေးသွားပြီး ချက်ပြုတ်ကျွေးမွေးဖို့ ပြင်ဆင်ခဲ့တယ်။ ကျွန်မ ဘယ်လိုမှ တားလို့မရခဲ့ဘူး။

"ငါ့ကို မတားပါနဲ့။ ငါ လုပ်နိုင်သေးတယ်၊ အိမ်ပြန်ခဲ့တဲ့ နင်တို့အတွက် ငါကိုယ်တိုင် ချက်ပြုတ်ချင်လို့ပါ။ ဒါကို မောတယ်လို့ မခေါ်ဘူး။ ပီတိလို့ ခေါ်တယ်"

"ဒါဆို သမီးလည်း ဈေးလိုက်ခဲ့မယ်အမေ"

"အေး လာ လိုက်ခဲ့ သမီးစားချင်တာတွေကို အမေဝယ်မယ်"

အမေ အသက်ကြီးပါပြီ၊ လမ်းလျှောက်ရင် ခြေလှမ်းတွေက သိပ်မသွက်တော့ပါဘူး။ ဈေးခြင်းတစ်ဖက်ကိုဆွဲပြီး အိမ်အကြောင်း၊ ဈေးဟောင်းနှောင်းဖြစ်တွေပြောရင်း ကျွန်မတို့ ဈေးသွားခဲ့ကြတယ်။

"သစ်ပင်အိုအမြစ်များ၊ လူအိုစကားများ" ဆိုသလို အမေဟာ လမ်းတစ်လျှောက် မမောမပန်း စကားတွေတတွတ်တွတ် ပြောလာခဲ့တယ်။ တခြားလူတွေက နားမထောင်ချင်ရင်

ရှောင်သွားလို့ရပေမဲ့ သားသမီးဖြစ်တဲ့ ကျွန်မတို့က နားမထောင်ချင်လည်း ဂရုတစိုက်ပုံစံနဲ့ နားထောင်ပေးနေရတယ်။

မျဉ်းကျားတစ်ခုကိုဖြတ် လမ်းကူးရင် ရှေးရောက်ပါပြီ။ မျဉ်းကျားမကူးခင် အမေ ရပ်လိုက်တယ်။ ခြင်းတောင်းကို ဘယ်လက်နဲ့ ပြောင်းကိုင်လိုက်ပြီး အမေ့ညာလက်က ကျွန်မလက်ကိုတွဲဖို့ အလိုလိုကမ်းလာပါတယ်။ အဲဒီအဖြစ်ကိုမြင်တော့ ကျွန်မ တော်တော် တုန်လှုပ်သွားခဲ့မိတယ်။ ကျွန်မနဲ့ အရမ်းရင်းနှီးခဲ့ဖူးတဲ့ အပြုအမူလေး တစ်ခုပါလား။

ကျွန်မငယ်စဉ်အခါ ကျောင်းနေတုန်းက ဒီမျဉ်းကျားက အမြဲဖြတ်ရတယ်။ ကျွန်မကို စိုးရိမ်တတ်တဲ့အမေက မျဉ်းကျားရဲ့ ဟိုတစ်ဖက်ကို အမြဲလိုက်ပို့ပေးပြီးမှ အလုပ်သွားတတ်တယ်။ မျဉ်းကျားကူးတဲ့အချိန်မှာ အမေက သူ့ညာဘက်ကို အမြဲကမ်းပြီး ကျွန်မရဲ့သေးငယ်တဲ့ လက်ကို ဆုပ်ကိုင်လို့။

"ကားများရင် မကူးနဲ့"

"တခြားလူ ကူးတဲ့အချိန်မှ လိုက်ကူးနော်" စတာတွေကို မှာကြားတတ်တယ်။ ဒီလိုနဲ့ အနှစ် ၂၀ ကျော် လွန်မြောက်လာခဲ့တယ်။ သေးငယ်တဲ့ ကျွန်မရဲ့လက်တွေက အင်အားရှိတဲ့ လက်တစ်စုံ ဖြစ်လာခဲ့တယ်။ အမေ့ရဲ့လက်တွေကတော့ ပျော့ပျောင်းချွတ်ပြီး ကြမ်းတမ်းတဲ့ လက်တစ်စုံ ဖြစ်ခဲ့တယ်။ ဒါပေမဲ့ တွဲဖို့ ကမ်းလိုက်တဲ့ အမေ့ရဲ့လက်တစ်စုံက နွေးထွေးနေဆဲပါ။

ပင်ပန်းဆင်းရဲခက်တွေကို အမေ တော်တော်စံခဲ့ရတယ်။ အဲဒီခက်တွေကို အမေက ဆံပင်ဖြူးတင်သလို သိကာပွတ်ကာ ဖယ်ရှားခဲ့ပေမဲ့ ကျွန်မတို့အပေါ်ထားတဲ့ သူ့ရဲ့ ချစ်ခြင်းမေတ္တာတွေကိုတော့ မဖယ်ရှားခဲ့ဘူး။ သားသမီးဖြစ်တဲ့ ကျွန်မတို့ကသာ မိဘတွေနဲ့ တဖြည်းဖြည်း အနေဝေးလာခဲ့ပြီး တစ်လမှ တစ်ခေါက်လောက်ပဲ တာဝန်အရ ပြန်လာကြည့်နိုင်ခဲ့တယ်။

ကမ်းလာတဲ့ အမေ့လက်ကို ကျွန်မပြန်မတွဲဘဲ အမေ့လက်ထဲကခြင်းကို ကျွန်မ ယူလိုက်တယ်။ ပြီးတော့ ကျွန်မလက်ကိုဆန့်ပြီး အမေ့ရဲ့လက်ကို ဆုပ်ကိုင်လိုက်မိတယ်။

"ငယ်ငယ်တုန်းက မျဉ်းကျားဖြတ်တိုင်း အမေက ကျွန်မရဲ့လက်ကို ဆွဲခဲ့တယ်။ ဒီတစ်ခါ အမေ့လက်ကို ကျွန်မ တွဲပါရစေ" အမေက ကျွန်မကိုကြည့်ပြီး နွေးနွေးထွေးထွေး ပြုံးပြတယ်။

"အမေ အမေ့ခြေထောက်တွေက အရင်လို မသွက်တော့ဘူး။ ကားကများ၊ လူကများနဲ့ လမ်းမဖြတ်ခင် လက်ဝဲ၊ လက်ယာ ကြည့်ဦးနော်အမေ။ အိမ်မှာ ဘာပဲဖြစ်ဖြစ် သမီးတို့ ဘယ်လောက်ပဲ အလုပ်များနေပါစေ အကြောင်းကြားပါနော်။ အမေက သမီးကို ကိုယ်တိုင် အနီးတွေလဲပေးပြီး ပြုစုပျိုးထောင်ခဲ့တဲ့ ကျေးဇူးရှင်ပါ"

အမေ့လက်ကိုဆွဲပြီး လမ်းကူးမိချိန် ကျွန်မရင်ထဲမှာ အမည်မသိ ပျော်ရွှင်မှုတွေ၊ ဝမ်းနည်းမှုတွေ၊ နောင်တတွေ ရနေမိတယ်။ အသက်ငယ်ရွယ်သူတွေကို ချစ်မြတ်နိုးပြီး ဂရုစိုက်ဖို့ မမေ့တတ်တဲ့ကျွန်မ၊ အသက်ကြီးရင့်သူတွေကို ဂရုစိုက်ဖို့ မေ့လျော့နေခဲ့မိတယ်။ သားသမီးတွေရဲ့ လက်ဖဝါးလေးကို ကိုယ်တင်းတင်း ဆုပ်ကိုင်မိစဉ်မှာ ကြမ်းတမ်းကြီးရင့်တဲ့ လက်တစ်စုံဟာလည်း လှမ်းလင့်လာမယ့် လက်တစ်စုံကို မျှော်လင့်နေကြောင်း။

http://www.youthwant.com.tw တွင် ဖတ်မိသော စာတစ်ပုဒ်အား

ဆီလျော်အောင် ဘာသာပြန်ခံစားသည်။

# အမေ့ရဲ့ အပ်ချုပ်စက်အိုလေး

**ဝယ်ရှယ်နဲ့ဂျီစဉ်ကာ အမေနှင့်အတူ အင်တိုက်အားတိုက် ရုန်းကန်ခဲ့တဲ့
အပ်ချုပ်စက်လေး၊ အမေနှင့်အတူ တဖြည်းဖြည်းအိုမင်းလို့
အခုတော့ အမေ့လက်အရာတွေ တထွေးသားနဲ့၊**

ကျွန်မငယ်ငယ်တုန်းက အိမ်မှာရှိတဲ့ တန်ဖိုးအရှိဆုံး ပစ္စည်းကိုပြပါဆိုလျှင် အဖေ အမေတို့အတွက် မင်္ဂလာလက်ဖွဲ့အဖြစ် အဘွားပေးခဲ့တဲ့ တစ်ပတ်နွမ်း အပ်ချုပ်စက်လေးကို ပြရမည်ထင်ပါတယ်။ ကျွန်မသိတတ်စ အရွယ်ကတည်းက အမေ့ကို အဲဒီစက်ရှေ့မှာပဲ အမြဲတွေ့ရတတ်တယ်။ နေထွက်ချိန်ကနေ နေဝင်မိုးချုပ်တဲ့အထိ စက်ရှေ့မှာ တကုပ်ကုပ်နဲ့ အမေ စက်ချုပ်နေတတ်တယ်။ အမေ့ရဲ့ခြေနင်းချက်နဲ့အညီ စည်းချက်မှန်မှန်ထွက်လာတဲ့ တချောက်ချောက်စက်သံကကျွန်မတို့အတွက်ညအိပ်ရာဝင်တေးဖြစ်ခဲ့သလိုနှိုးစက်ဆိုရင်လည်းမှားမယ် မထင်ပါဘူး။

ရယ်ဒီမိတ်အကျီတွေ မကြိုက်ကြတဲ့ ရိုးသားတဲ့ တောသူတောင်သားတွေကြောင့် ရွာမှာ တစ်ဆိုင်တည်းသော အမေ့ရဲ့အပ်ချုပ်ဆိုင်က လက်မလည်ခဲ့ဘူး။ တစ်ရွာလုံးရှိရှိသမျှ လူကြီးလူငယ်တွေရဲ့ အဝတ်အထည်ကို အမေတစ်ယောက်တည်း ဒိုင်ခံချုပ်ခဲ့ရတယ်။ ပွဲတော်ရာသီ နီးပြီဆိုလျှင် နေ့မအား၊ ညမအား ခါးကိုင်းလုမတတ် အမေ အလုပ်များတတ်နေတတ်တယ်။တစ်ခါတလေ ညဦးနက်သန်းခေါင် ကျွန်မတို့ တစ်ရေးနိုးချိန်ထိ ရေနံဆီမီးခွက် မှိန်မှိန်အောက်မှာ အမေ ကြယ်သီးတွေသီနေတာကို တွေ့ရတတ်တယ်။


အမေဟာ အဲဒီစက်အိုလေးနဲ့ပဲ ကျွန်မတို့ မောင်နမတွေကို ပညာသင်ပေးခဲ့တယ်။ အိမ်ရဲ့ စားဝတ်နေရေး တစ်စိတ်တစ်ဒေသကို အဲဒီစက်လေးနဲ့ပဲ ဖြေရှင်းခဲ့တယ်။ ကျွန်မတို့ရဲ့ နေ့စဉ် အသုံးအဆောင်၊ ကျောင်းသွားခါနီးတိုင်း လက်ဖြန့်တောင်းတဲ့ မုန့်ဖိုးတွေက အဲဒီစက်ဆီက ထွက်လာတာချည်းပါပဲ။ ကျွန်မ ကျောင်းနေစအရွယ်ကနေ ၁၀ တန်းအောင်တဲ့အထိ အမေဟာ အပ်ချုပ်စက်ရှေ့ကနေ ကြာကြာပျောက်သွားတယ်ဆိုတာ မရှိခဲ့ပါဘူး။

သုံးဖန်များလာတဲ့ပစ္စည်းတွေက ဘာသားနဲ့ပဲလုပ်ထားလုပ်ထားကြာလာရင်ပျက်စီးယိုယွင်းတတ်စမြဲပါပဲ။စည်းချက်ကျကျမြည်နေတဲ့စက်သံတွေကျောက်တီးကျောက်ကျက်နဲ့သံစဉ်မကျခဲ့ရင် အမေက စက်ဆီတွေ ထည့်ပေးတတ်တယ်၊ ကျောက်လှည့်နဲ့ သံချောင်းတွေကို လိုက်ကျပ်ပေးတတ်တယ်။ ကျွန်မတို့က အမေလုပ်သမျှကို ဘေးကရပ်ကြည့်ရုံကလွဲလို့ ဒီထက်ပိုစိတ်မဝင်စားခဲ့ပါဘူး။ အမေ့အတွက်ကတော့ ဒီစက်ကလေးမရှိခဲ့ရင် ကျွန်မတို့ကိုပေးမယ့် မုန့်ဖိုးတွေ၊ ဗလာစာအုပ်အသစ်မရရင် ကျောင်းမသွားဘူးလို့ တဂျီဂျီအော်နေမယ့် ညီမလေးတွေ၊ မိုးတွင်းရောက်လို့ ထီးဝယ်ပေးပါဦးလို့ ပူဆာမယ့် မောင်လေးကို ဘယ်လိုဖြေရှင်းရမလဲလို့ တွေးနေမယ်မှန်း ကျွန်မတို့ မသိခဲ့ကြဘူး။

အရာဝတ္ထုရယ်လို့မှ မဟုတ်ပါဘူး။ ပျက်စီးယိုယွင်းတတ်တဲ့အထဲမှာ အမေ့ကျန်းမာရေးလည်း ပါတယ်ဆိုတာ အမေ သတိမရခဲ့ဘူး။ စက်သံမမှန်ရင် စက်ဆီထည့်ဖို့၊ ဝက်အူလှည့်ဖို့ အမေသိခဲ့ပေမယ့် ပုံမှန်မဟုတ်တော့တဲ့ ကိုယ့်ကျန်းမာရေးအတွက် ဆေးထည့်ဖို့တော့ အမေ မေ့နေခဲ့တယ်၊ တကယ်ဆို စက်သံက စည်းချက်မမှန်တာမဟုတ်ဘဲ အမေ့ရဲ့ ခြေနင်းချက်က အရင်နပျိုစဉ်ကလို အချက်ကျကျ မနင်းနိုင်တော့ဘူးဆိုတာကို အမေ မေ့သွားခဲ့တယ်၊ တစ်ရွာလုံးအတွက်၊ သားသမီးအတွက် သစ်လွင်လှပတဲ့ အင်္ကျီအသစ်တွေကို အမြဲချုပ်ပေးတတ်တဲ့ အမေ၊ကိုယ့်အပေါ်မှာတော့ ဖာရာထေးရာနဲ့အဟောင်းအနွမ်း အင်္ကျီတွေကိုပဲ ဝတ်ဆင်ခဲ့တယ်။ သားသမီးအတွက်၊ မိသားစုအတွက်ကိုပဲ ရှေ့တန်းတင်ခဲ့တဲ့ အမေ ကိုယ့်အတွက်ကျတော့ အမြဲ နောက်အကျဆုံးနေရာမှာပဲ နေခဲ့တယ်။

အပ်ချုပ်ပညာကို အမေ့လို အသက်မွေးဝမ်းကျောင်းအဖြစ် မလုပ်ချင်ရင်တောင် ကြယ်သီလေးသီတတ်ဖို့၊ ထဘီလေးချုပ်တတ်ဖို့သင်ပါလို့ အမေ အမြဲပြောတတ်ပေမဲ့ ကျွန်မတို့က ဝါသနာမပါလို့ ငြင်းလိုက်တာချည်းပါပဲ။ အမေက ဝါသနာပါလို့ အပ်ချုပ်စားခဲ့တာလား။ မဟုတ်ပါဘူး အဓိကက မိသားစုအတွက်ပါ။

ငယ်ရွယ်နုပျိုစဉ်က အမေနှင့်အတူ အင်တိုက်အားတိုက် ရုန်းကန်ခဲ့တဲ့ အပ်ချုပ်စက်လေး၊ အမေနှင့်အတူ တဖြည်းဖြည်းအိုမင်းလို့ အခုတော့ အမေ့လက်အရာတွေ တထွေးသားနဲ့ အမေ့ချွေးစက်တွေ တဝတလင်စားခဲ့တဲ့ အပ်ချုပ်စက်တစ်လုံးက သုံးစွဲသူမရှိဘဲ ချောင်ထဲ နေရာမှာ ပင့်ကူမျှင်အထပ်ထပ်နဲ့ ပိုင်ရှင်မဲ့လို့နေခဲ့ပြီလေ။



သမီး အမေ့စာရေးလိုက်တယ်.

# အမေ့လက်ရေး

စိတ်ဓာတ်တွေ ထဲမြုံမသွားအောင်
ကျွန်မရဲ့ ဗီဇာဉ်ကို ပုံထိုင်ခဲ့သူဟာ အမေပါ။

မြောက်ပိုင်း ရှမ်းပြည်နယ် အစွန်အဖျားကကြီးပြင်းခဲ့တဲ့ အမေ မြန်မာစကား ကောင်းကောင်းမပြောတတ်ဘူး။ တောင်ကြီးကိုရောက်တော့ မြန်မာစကားကို မဖြစ်မနေ အမေပြောရတယ်။ တောင်ကြီးကနေ အင်းသားရွာတစ်ရွာမှာ အခြေချတော့ အမေ့ရဲ့ မြန်မာစကားမှာ မပီကလာ အင်းသားသံတွေ ညှပ်ပါနေတယ်။ အမေ မြန်မာစာမတတ်ပါဘူး။ ဒါပေမဲ့ ကျွန်မတို့ စာကျက်ရင် ဘေးမှာထိုင်ပြီး ညည့်နက်သန်းခေါင်အထိ အမေ အဖော်ပြုတတ်တယ်။ ကျွန်မတို့ ရွတ်ဖတ်နေတဲ့ မြန်မာစာတွေကို အမေ ဂရုတစိုက် နားထောင်တတ်တယ်။

တရုတ်စာကိုတော့ အမေ အတော်အသင့် ရေးနိုင်ဖတ်နိုင်တယ်။ ငယ်ငယ်တုန်းက ကျွန်မတို့ကို တရုတ်စာသင်၊ စာပြပေးပေမဲ့ အမေ့လက်ရေးကို ကျွန်မ သေချာမမှတ်မိဘူး။ အိမ်က ပြက္ခဒိန်ပေါ်မှာပျိုးနုတ်၊ ကောက်စိုက်တဲ့ရက်ကို အမေ ရေးမှတ်တတ်ပေမဲ့ အမေ့လက်ရေးကို ကျွန်မ အမှုမဲ့အမှတ်မဲ့ပဲ ထားခဲ့မိတယ်။

ကျွန်မ တောင်ကြီးရောက်တော့ ရွာနဲ့လည်း သိပ်မဝေး၊ နေ့ချင်းသွားပြန်လည်း ရတဲ့ အတွက် အမေ့ကိုလွမ်းရင် ရွာပြန်၊ အမေကလည်း ကျွန်မတို့ကိုလာကြည့်နဲ့ [illegible]

တန် မဆက်သွယ်ဖြစ်ခဲ့တော့ နဂိုကတည်းက အမှတ်မထားမိတဲ့ အမေ့လက်ရေးက ကျွန်မနဲ့ ပိုစိမ်းသွားတော့တယ်။

ကံကောင်းထောက်မလို့ နိုင်ငံခြားမှာ ပညာဆက်သင်ခွင့်ရမှ အမေ့လက်ရေးကို ဖတ်ဖို့ အခွင့်ကြုံလာခဲ့တယ်။ ရွာမှာ ဖုန်းမရှိတဲ့အတွက်၊ ဖုန်းပြောဖို့ ရက်ချိန်းတွေ ယူနေရတဲ့အတွက် အမေက သူပြောချင်တာကိုရေးပြီး ကျွန်မဆီ ပို့ခဲ့တယ်။ ရေးကျင့်မရှိတာ ကြာလို့ပဲလား။ အဖတ်ပဲရှိပြီး အရေးမရှိတဲ့အတွက်ကြောင့်လား၊ စားဝတ်နေရေးနဲ့ လုံးချာလည်လိုက်နေရလို့ စာဖတ်ချိန်နည်းခဲ့တဲ့ အတွက်ကြောင့်လား။ ကွေးကွေးကောက်ကောက်စာလုံးတွေ၊ အစက်တွေလိုပြီး အစက်တွေပိုနေတဲ့ စာလုံးအမှားတွေနဲ့ အမေ့လက်ရေးကို မြင်စက ကျွန်မ မနည်းဖတ်ယူခဲ့ရတယ်။

အမေပေးပို့လိုက်တဲ့စာတိုင်းမှာ ကျန်းမာရေးကို ဂရုစိုက်ဖို့၊ စာကြိုးစားဖို့၊ နောက်ဆံမတင်းဘဲ ပညာကို ဆုံးခန်းတိုင်သင်ယူဖို့ ငွေလိုရင် ဆွေမျိုးတွေဆီက ချေးယူသုံးပါ။ အမေ မရရအောင်ရှာပြီး ဆပ်မယ်ဆိုတဲ့ အကြောင်းတွေပဲဖြစ်တယ်။ အမေ့စာကိုဖတ်ပြီး အမေ့ကို သတိရစိတ်နဲ့ ခဏလောက် ကျွန်မ ဝမ်းနည်းသွားမိတယ်၊ ပြီးရင် စာကို စာအိတ်ထဲပြန်ထည့်ပြီး တစ်နေရာရာမှာ သိမ်းထားလိုက်တယ်။ အမှုမဲ့ အမှတ်မဲ့ပါပဲ။

အမေဆုံးပြီး နှစ်နှစ်အကြာ ကျွန်မ အိမ်တစ်ခေါက် ပြန်ဖြစ်ခဲ့တယ်။ ခြေရာလက်ရာမပျက် သော့ခတ်ထားတဲ့ အမေ့အခန်းကို ကျွန်မ အလွမ်းပြေ ဝင်ကြည့်ခဲ့တယ်၊ အမေ့ရဲ့ ဗီရိုထောင့်တစ်နေရာမှာ ဗလာစာအုပ်တစ်အုပ်ကိုတွေ့တော့ ကျွန်မ စိတ်ဝင်စားပြီး ယူကြည့်မိတယ်။ ကျွန်မနာမည်နဲ့ အစချီထားတဲ့ တစ်ဝက်တစ်ပျက် ရေးလက်စစာတွေ၊ ဖျက်ရာ၊ ပြင်ရာ ဗလပွနဲ့ စာတိုလေးတွေက ဗလာစာအုပ်နဲ့ အပြည့်ပါပဲ။ ကျွန်မဆီ စာတစ်စောင်ရေးဖို့ အမေ ဘယ်လောက် အချိန်ယူ အားစိုက်ခဲ့ရတယ်ဆိုတာ ရေးရာ၊ ခြစ်ရာတွေပွနေတဲ့ ဗလာစာအုပ်လေးက သက်သေပါ။ ကျွန်မရဲ့လက်တွေ စာရွက်ကို အဆက်မပြတ် လှန်နေသလို ပါးပြင်ပေါ်က မျက်ရည်တွေလည်း အဆက်မပြတ် စီးဆင်းလို့နေတယ်၊

ဖတ်ပြီး အမှတ်တမဲ့ ခေါက်သိမ်းထားခဲ့တဲ့ အမေ့ရဲ့ မညီမညာ လက်ရေးတွေမှာ ခွန်အား ဘယ်လောက်ပါခဲ့သလဲ။ အချိန် ဘယ်လောက်ယူခဲ့ရသလဲ။ ဘယ်လောက် အားစိုက်ခဲ့ရသလဲ၊ ကျွန်မ မသိခဲ့ပါဘူး။ အခုတော့ ဝါကျင့်ကျင့် စာရွက်ပေါ်မှာ မင်ရောင်ဖျော့ဖျော့ ဖြစ်နေပြီဖြစ်တဲ့ အမေ့လက်ရေးတွေက အမေမရှိတော့တဲ့နောက် အမေ့ကိုယ်စား ကျွန်မကို ပြောဆို

ဆုံးမနေသလိုပဲ၊ လဲကျသွားချိန်ပြန်ထဖို့ ကျွန်မကို ခွန်အားတွေ ပေးနေတယ်။ အားငယ်ချိန် အားတင်းထားနိုင်ဖို့ စိတ်ဓာတ်တွေ ဖြည့်ပေးနေတယ်။

ကျေးဇူးပါ အမေ။ ကျေးဇူးဆိုတဲ့ စကားတစ်ခွန်းနဲ့ မလုံလောက်မှန်းသိပေမဲ့ အမေ့ကို ကျွန်မ အရမ်း ကျေးဇူးတင်မိပါတယ်။

"မျက်စိနစ်ကွင်း အလင်းရအောင်
ကျွန်မရဲ့မီးအိမ်ကို ထွန်းညှိခဲ့သူဟာ အမေပါ။
စိတ်ဓာတ်တွေ လဲပြိုမသွားအောင်
ကျွန်မရဲ့ဉာဉ်ကို ပံ့ကိုင်ခဲ့သူဟာ အမေပါ။
လမ်းခရီးဆုံးထိ လျှောက်လှမ်းနိုင်အောင်
အားအင်တွေ ဖြည့်ပေးခဲ့တာ အမေပါ အမေ . . . ."

# ပျောက်ဆုံးခဲ့တဲ့ ငွေနှစ်ကျပ်

**တကယ်ပဲ ပိုက်ဆံတစ်ခြမ်းက ငံပြာရည်တွေကြောင့် အဝါရောင်သန်းနေခဲ့ပါတယ်။**
**ပိုက်ဆံကို ခြေဆုံးခေါင်းဆုံး ကြည့်ပြီး ဦးကြီးစီက**
**အမေ့ကို တျေတျေနှပ်နှပ် ကမ်းပေးလိုက်တယ်။**

ကျွန်တော်မှတ်မိစ အရွယ်ကတည်းက အဖေဟာ သွက်ချာပါဒရောဂါသည်တစ်ဦး ဖြစ်တယ်။ အဖေ့ရဲ့ ဝေယျာဝစ္စကို အမေတစ်ယောက်တည်း နေ့နေ့ညည ဒိုင်ခံလုပ်ပေးရလို့ ကျွန်တော့်ထက် ၇ နှစ်ကြီးတဲ့အစ်မကပဲ ကျွန်တော့်ကို တစ်ခါတလေ အပြင်ခေါ်လည်တတ်တယ်။

ကျွန်တော် ၆ နှစ်အရွယ်တုန်းက ရွာမှာရှိတဲ့ နေရာရပုဂ္ဂိုလ်တစ်ဦးရဲ့အိမ်မှာ မင်္ဂလာပွဲတစ်ခု ကျင်းပခဲ့တယ်။ မင်္ဂလာပွဲကို ခမ်းခမ်းနားနားကျင်းပပြီး ၇ ရက်ကြာ ရုပ်ရှင်ပြဖို့ စီစဉ်ခဲ့ကြတယ်။ ဖျော်ဖြေရေးပွဲတွေ ကင်းမဲ့ခဲ့တဲ့ ကျွန်တော်တို့ ရွာသားတွေအတွက် ဒါဟာ တကယ့်ပွဲကြီးတစ်ခုဖြစ်ပါတယ်။

ညရောက်ဖို့ နေ့ကို စက်စက်ခဲခဲ ဖြတ်ကျော်ပြီးနောက် နေရာဦးဖို့ အစ်မနဲ့ကျွန်တော် ညစာ စောစောစားလိုက်ကြတယ်။ အမေက လိုက်မကြည့်နိုင်ပေမဲ့ ကျွန်တော်တို့အတွက် ဝမ်းသာနေတယ်။ သူ့အင်္ကျီအနွမ်းထဲကနေ ပိုက်ဆံနှစ်ကျပ်ထုတ်ပြီး ကျွန်တော်တို့ကို မုန့်ဖိုးပေးခဲ့တယ်။

ရုပ်ရှင်ပြတဲ့နေရာက ရွာရှေ့ဘက် ကွင်းပြင်ကျယ်ကြီးထဲမှာဖြစ်တယ်။ ကျွန်တော်တို့ ရောက်တဲ့အချိန် မှောင်မည်းမည်း ကွင်းပြင်တစ်ခုလုံး ရွာနီးချုပ်စပ်က လူတွေနဲ့ ပြည့်နေခဲ့ပါတယ်။ ပြခဲ့တဲ့ဇာတ်ကားကို ကျွန်တော် မမှတ်မိတော့ပါဘူး။ တကယ်တော့ ကျွန်တော့်ကို ဆွဲဆောင်ခဲ့တာက ရုပ်ရှင်ဇာတ်ကား မဟုတ်ဘဲ ကျွန်တော့်ပတ်ပတ်လည်မှာ အဆက်မပြတ် စားနေကြတဲ့ မုန့်စားသံတွေဖြစ်တယ်။ ကျွန်တော် ထိုင်မနေနိုင်တော့ဘူး။

အဲဒီတုန်းက ပိုက်ဆံနှစ်ကျပ်နဲ့ ဘီလပ်ရည်နှစ်ပုလင်း ဒါမှမဟုတ် နေကြာစေ့နှစ်ထုပ် ဝယ်လို့ရတယ်။ အစ်မနဲ့ကျွန်တော် သေချာစဉ်းစားပြီး နောက်ဆုံးမှာ နေကြာစေ့ပဲဝယ်ဖို့ ဆုံးဖြတ်လိုက်ကြတယ်။ အဲဒီနောက် အစ်မကို နေရာဦးထားစေပြီး လူအုပ်ကြားထဲကနေ ကျွန်တော်တိုးထွက်လာခဲ့တယ်။ နေရာနဲ့ အနီးဆုံး ဆိုင်တစ်ဆိုင်ရှေ့မှာ ကျွန်တော် ရပ်လိုက်တယ်။ မှိန်ဖျော့တဲ့ မီးရောင်အောက်မှာ ဟိုရွေးဒီရွေးနဲ့ နောက်ဆုံး အထုပ်အပြည့်ဆုံးလို့ထင်ရတဲ့ နေကြာစေ့နှစ်ထုပ်ကို ကျွန်တော် ကောက်ယူလိုက်တယ်။ အဲဒီနောက် ပိုက်ဆံပေးဖို့ အိတ်ကပ်ထဲ ကျွန်တော် လက်နှိုက်လိုက်တယ်။ အဲဒီတစ်ခဏ ကျွန်တော့်စိတ် ထင့်ခနဲဖြစ်သွားခဲ့ပြီး ကိုယ်ပေါ်မှာရှိသမျှ အိတ်ကပ်အားလုံးကို ကပျာကယာ မွှေနှောက်ရှာလိုက်တယ်။ သွားပြီ ပိုက်ဆံနှစ်ကျပ် မရှိတော့ဘူး။

ငိုမဲ့မဲ့မျက်နှာနဲ့ နေကြာစေ့နှစ်ထုပ်ကို ကျွန်တော် ပြန်ထားလိုက်တယ်။ အစ်မဆီပြန်ရောက်တော့ မအောင့်နိုင်ဘဲ ကျွန်တော်ငိုခဲ့တယ်။ ကျွန်တော်ပြောပြတာကိုနားထောင်ပြီး အစ်မက စိတ်မကောင်းဖြစ်တယ်။ နေကြာစေ့မစားရလို့ အစ်မ စိတ်မကောင်းဖြစ်တာ မဟုတ်ဘဲ ပိုက်ဆံနှစ်ကျပ်ပျောက်ခဲ့လို့ စိတ်မကောင်းဖြစ်တာ ဖြစ်တယ်။

အစ်မနဲ့ကျွန်တော် ရုပ်ရှင်ဆက်ကြည့်ဖို့ စိတ်မပါတော့ဘူး။ ညအိမ်ပြန်ရောက်တော့ အိမ်ထဲမဝင်ခင် အစ်မက "မေမေ့ကို သွားမပြောနဲ့နော်။ ပိုက်ဆံကို မမတို့သုံးလိုက်တာ ကိစ္စမရှိဘူး။ ပျောက်သွားတယ်လို့ပြောရင် မေမေ စိတ်မကောင်းဖြစ်လိမ့်မယ်"

အဲဒီညက အငိုတစ်ဝက်၊ အားနာစိတ်နဲ့ ကျွန်တော် အိပ်ရာထဲဝင်ခဲ့ရတယ်။ နောက်တစ်နေ့ မနက်စောစော ကျွန်တော်အိပ်ကောင်းတုန်း အစ်မက ကျွန်တော့်ကို လာလှုပ်နှိုးတယ်။

"မောင်လေး မောင်လေး ထ ထ အနွေးထည်ဝတ်ပြီး မမနောက်လိုက်ခဲ့" အိပ်မှုန်စုံမွှားမျက်လုံးကို ပွတ်သပ်ပြီး အစ်မကို ကျွန်တော် ကြောင်ကြည့်နေတယ်။

"ဒီလို မောင်လေးရဲ့ မမခုနက စဉ်းစားမိတယ်။ မနေ့ည မှောင်မှောင်မည်းမည်းထဲမှာ လူတွေက ရုပ်ရှင်ကြည့်ဖို့ပဲ အာရုံများနေကြတယ်။ ဟို ကျပျောက်ခဲ့တဲ့ပိုက်ဆံ လူတွေတောင် သွားသေးမှာ မဟုတ်ဘူးသိလား" အစ်မရဲ့စကားကို နားမလည်သေးတဲ့ ကျွန်တော့်ကို အစ်မက ဆက်ပြီး "မမတို့ ပြန်သွားရှာရအောင် တွေ့ရင်တွေ့နိုင်သေးတယ် သိလား" ကျွန်တော့်[illegible]

လက်ခနဲဖြစ်သွားတယ်။ အိပ်ရာပေါ်က လူးလိမ့်ထပြီး အကျီတစ်ထည် အမြန်ကောက်စွပ်လိုက်တယ်။ ပြီးတော့ အစ်မနဲ့အတူ အိမ်ထဲကနေ အပြေးလေးထွက်လာခဲ့မိတယ်။

ရုပ်ရှင်ပြခဲ့တဲ့ ကွင်းပြင်တစ်ခုလုံး နေကြာစေ့ခွံ၊ ဆေးလိပ်တို၊ ပလက်စတစ်အိတ်တွေနဲ့ ရှုပ်ပွနေခဲ့တယ်။ အစ်မနဲ့ကျွန်တော် လူစုခွဲပြီး အဖိုးတန်ရတနာတစ်ခု ရှာနေတဲ့အလား ခါးကုန်းပြီး ပိုက်ဆံနစ်ကျပ်ကို ရှာနေခဲ့တယ်။ သိပ်မကြာလိုက်ဘူး။ အစ်မက ဝမ်းသာအားရ ထအော်တယ်။

"တွေ့ပြီ တွေ့ပြီ" အစ်မနား ကျွန်တော်ပြေးသွားပြီး လက်ထဲက ပိုက်ဆံနစ်ကျပ်ကို လှမ်းယူလိုက်တယ်။ ပိုက်ဆံကို သေချာကြည့်ပြီး ကျွန်တော် တွေဝေသွားတယ်။

"မမ ဒါ ကျွန်တော်တို့ပျောက်သွားတဲ့ ပိုက်ဆံမဟုတ်ဘူး။ ကျွန်တော်တို့ပိုက်ဆံက ဒီအရွက်ထက် ဟောင်းတယ် မမ"

"တကယ်" အစ်မ ခဏလောက် ငြိမ်ကျသွားတယ်။ ပြီးတော့ ရုတ်တရက် လက်ခုတ်တစ်ချက်တီးပြီး "ဒါဆိုရင် မမတို့ နောက်ထပ် ပိုက်ဆံနစ်ကျပ် ထပ်ကောက်နိုင်သေးတယ်"

အစ်မစကားကို ကျွန်တော် သဘောပေါက်နားလည်လိုက်ပါတယ်။ ချက်ချင်းပဲ "ရတနာ" ရှာတဲ့အလုပ်ကို ကျွန်တော်တို့ အမြန်စလိုက်ကြတယ်။ လူတွေပြည့်ကျပ်တဲ့ ညအမှောင်မှာ ကျွန်တော့်လို "ကံဆိုးကောင်" တွေ တော်တော်များခဲ့တယ်ဆိုတာကို ကျွန်တော်နဲ့အစ်မ တွေးထင်မထားခဲ့မိဘူး။ အချိန် တစ်နာရီတောင် မကြာလိုက်ပါဘူး။ ပျောက်သွားတဲ့ ပိုက်ဆံနစ်ကျပ်ကို ပြန်တွေ့တဲ့အပြင် နောက်ထပ် ပိုက်ဆံအချို့ ကျွန်တော်တို့ ထပ်ကောက်ရလိုက်တယ်။ ငါးကျပ်တန်တောင် ပါလိုက်သေးတယ်။

အဲဒီတုန်းက ကျွန်တော်စံစားရတဲ့အပျော်က အခုခေတ် ထီပေါက်တဲ့လူထက်တောင် သာဦးမယ်. တစ်ကျပ်နစ်ကျပ်နဲ့ ကောက်ရတဲ့ အဖိုးတန်ပစ္စည်းကို ကျွန်တော် ရေတွက်ကြည့်တော့ အားလုံးပေါင်း ၁၀ ကျပ် ပြား ၄၀ ရလိုက်တယ်၊ ပျော်လွန်းလို့ ကျွန်တော်ထခုန်ပြီး အစ်မကို မေးလိုက်တယ်။

"မမ ဒီပိုက်ဆံတွေကို ကျွန်တော်တို့ ဘယ်လိုသုံးမလဲ"

ကျွန်တော့်အမေးကို အစ်မက ခေါင်းကုတ်ပြီး ပြန်ဖြေတယ်။

"တကယ်ဆို ဒီပိုက်ဆံတွေကို မမတို့ ယူလို့မရဘူး။ ဒါပေမဲ့ ရုပ်ရှင်ကြည့်တဲ့ လူတွေကများတော့ ပိုင်ရှင်ကို ပြန်ရှာဖို့ရာ ခက်လိမ့်မယ်၊ အင်း ဒီလိုလုပ်ရအောင် မေမေ့ရဲ့ဖိနပ်က စုတ်နေပြီ၊ ဒီပိုက်ဆံတွေနဲ့ မေမေ့ကို ဖိနပ်တစ်ရန် ဝယ်ပေးရအောင်။ ဒါပေမဲ့ ပိုက်ဆံတ မလောက်သေးဘူး"

"မမ ကျွန်တော်တို့ မနက်ဖြန်မနက် ပြန်လာကောက်ရအောင်လေ။ ရုပ်ရှင်က ၆ ည တောင်ပြီးမှာ"

"အင်း မေမေ့အတွက် ဖိနပ်ဝယ်ဖို့လောက်ပြီဆိုရင် မမတို့ လာမကောက်တော့ဘူး နော်"

အဲဒီလိုနဲ့ ရုပ်ရှင်ကြည့်ဖို့ကို ကျွန်တော်တို့ စိတ်မဝင်စားတော့ဘူး။ ကျွန်တော်တို့ တကယ်စိတ်ဝင်စားတာက ရုပ်ရှင်ပြပြီး နောက်တစ်နေ့မနက်မှာ ကွင်းထဲပြန်သွားပြီး "ရတနာ" ရှာဖို့ဖြစ်တယ်။ တစ်ခါတစ်လေမှာ ကျွန်တော်တို့ ပင်ပင်ပန်းပန်း ရှာခဲ့ပေမဲ့ ကြယ်သီး၊ ကော် လက်ကောက်တွေသာ ကောက်ရတဲ့နေ့လည်း ရှိခဲ့တယ်။ ဒါပေမဲ့ ပိုက်ဆံအချို့ ကျွန်တော်တို့ ထပ်စုမိခဲ့ပါတယ်။

၄ ရက်မြောက်တဲ့မနက်မှာ ထင်ပါတယ်။ ကွင်းတစ်ခုလုံး ရှာဖွေပြီးနောက် ကောက်ရ တဲ့ပိုက်ဆံကိုရေတွက်ပြီး ကျွန်တော် ဝမ်းသာအားရ ထအော်တယ်။

"မမ မမ ဒီနေ့ ၂ ကျပ်ခွဲတောင်ရတယ်"

အစ်မက ရုတ်တရက် ကျွန်တော့်ပါးစပ်ကို သူ့လက်နဲ့ အမြန်လှမ်းပိတ်လိုက်တယ်။ ဘေးဘီကို ကျွန်တော်လှည့်ကြည့်တော့ ကျွန်တော်တို့နဲ့ မလှမ်းမကမ်းမှာရပ်နေတဲ့ တစ်ရွာ တည်းသား ထုံထုံအအ ဦးကြီးစီကို တွေ့လိုက်မိတယ်။

ဦးကြီးစီက ရွာထဲမှာ ကုန်းကောက်စရာမရှိအောင် ဆင်းရဲတဲ့သူတစ်ယောက်ဖြစ် ပါတယ်။ တုံးတုံးအအမို့ အမြဲတမ်း တခြားသူခိုင်းစေတဲ့လူပဲ ဖြစ်ခဲ့တယ်။

အစ်မစိုးရိမ်တာ မမှားခဲ့ဘူး။ နောက်တစ်နေ့မနက် ကွင်းထဲ ကျွန်တော်တို့ ရောက်တဲ့ အချိန် ဦးကြီးစီက မြေပေါ်ထိုင်ပြီး ငွေအကြွေအချို့ကို ဝမ်းသာအားရ ရေတွက်နေခဲ့တယ်။ အစ်မနဲ့ကျွန်တော် အံ့ဩသွားမိတယ်။ ဒီ လူတုံးလူအကလည်း အလုပ်လုပ်ရာမှာ သေသပ်လွန်း တယ်။ အစ်မနဲ့ကျွန်တော် တစ်နံနက်လုံး ကွင်းတစ်ပတ် အသေးစိတ်ရှာခဲ့ပေမဲ့ ပိုက်ဆံတစ်ပြားမျှ ရှာမရခဲ့ဘူး။

အဲဒီညက ကျွန်တော်တို့ရဲ့ ရတနာရှာဖွေရေး အကောင်အထည်ကို ပုံစံပြောင်းလိုက် တယ်။ ရုပ်ရှင်ပြပြီး လူတွေပြန်ကုန်တဲ့အချိန်ထိ ကျွန်တော်တို့ စောင့်နေခဲ့တယ်။ ပြီးမှ ဓာတ်မီး ထုတ်ပြီး ကွင်းတစ်ခုလုံး အသေးစိတ်ရှာခဲ့တယ်။ အချိန် ဘယ်လောက်ကြာသွားတယ် မသိဘူး။ နောက်ဆုံး ကျွန်တော်တို့ ငွေအကြွတချို့ ကောက်ခဲ့ရတယ်။ နောက်ထပ် ငွေတစ်ကျပ်ထပ်ရရင် အမေ့အတွက် ကျွန်တော်တို့ ဖိနပ်ဝယ်နိုင်ပါပြီ။

ညလည်းနက်ပြီ အစ်မနဲ့ကျွန်တော် အိမ်ဘက်ကို သုတ်ခြေတင်ပြန်ခဲ့တယ်။ မနက်ကျ ရင် ထပ်တစ်ခေါက်ပြန်သွားပြီး ရှာကြည့်ဖို့ အစ်မနဲ့ကျွန်တော် တိုင်ပင်ခဲ့တယ်။ ဒီတစ်ကြိမ်တ

ကျွန်တော်တို့ရဲ့ နောက်ဆုံးအကြိမ် ဖြစ်ပါတယ်။ အိမ်ပြန်ရောက်တော့ အိမ်တံခါးဝမှာ စိုးရိမ်တကြီးမျှော်နေတဲ့ အမေ့ကို တွေ့လိုက်ရတယ်။

"ဘယ်အချိန်တောင် ရှိနေပြီလဲ" အမေက စိုးရိမ်နေမယ်ဆိုတာ မသိဘူးလား။ "ဘာတွေလုပ်နေကြလဲ ပြောစမ်း" အမေက ပြောပြောဆိုဆို ကျွန်တော်တို့တင်ပါးကို တုတ်နဲ့လှမ်းရိုက်တယ်။ အစ်မက အောင့်ခံနိုင်ပေမဲ့ ကျွန်တော် အသံထွက်ငိုမိတယ်။ ပြီးမှ အိမ်ပြန်နောက်ကျရတဲ့အကြောင်း အမေ့ကို တစ်လုံးမကျန် ဝန်ခံခဲ့ပါတယ်။ ကျွန်တော်တို့ပြောတာကို နားထောင်ပြီး အမေက အစ်မနဲ့ကျွန်တော့်ကို ခပ်တင်းတင်း ပွေ့ဖက်လိုက်တယ်။

မျက်လုံးထောင့်က စီးကျလာတဲ့မျက်ရည်ကို လက်ဖမိုးနဲ့ အမေသုတ်ရင်း "အမေ တောင်းပန်ပါတယ် သားတို့ သမီးတို့ရေ။ အမေ အသုံးမကျခဲ့တာပါ" တောင်းပန်ပါတယ်။

နောက်တစ်နေ့ နံနက်မိုးမလင်းခင် အစ်မနဲ့ကျွန်တော် ရောက်လာခဲ့တယ်။ ဟာ ဟို ဦးကြီးစီက အလုပ်အကိုင် မရှိတာပဲလားမသိ၊ ကျွန်တော်တို့နဲ့ ရှေ့ဆင့်နောက်ဆင့် ရောက်လာခဲ့တယ်။ အစ်မနဲ့ကျွန်တော် အမြန်တိုင်ပင်လိုက်တယ်၊ ဦးကြီးစီနဲ့ ကျွန်တော်လိုက်ပြီး အစ်မက သူ့ဘာသာ နေရာခွဲရှာမယ်။

အဲဒီလိုနဲ့ ဦးကြီးစီသွားတဲ့နောက် ကျွန်တော် လိုက်နေခဲ့တယ်။

"ဟာ ပိုက်ဆံတစ်ကျပ်"

ရှေ့ မလှမ်းမကမ်း ချိုင့်ထဲမှာကျနေတဲ့ ငွေတစ်ကျပ်ကို ကျွန်တော် လှမ်းမြင်လိုက်တယ်။ ရှေ့ကို အပြေးသွားပြီး ပိုက်ဆံကို ကုန်းကောက်လိုက်ချိန် လက်ကြမ်းကြီးတစ်ဖက်က ကျွန်တော့်ထက်ဦးအောင် လုကောက်သွားခဲ့တယ်၊ ကျွန်တော် ခေါင်းမော့ကြည့်တော့ ဦးကြီးစီက ပိုက်ဆံကိုကိုင်ပြီး ကျွန်တော့်ကို ပြုံးပြနေခဲ့တယ်၊

"ကျွန်တော့်ကိုပြန်ပေး။ အဲဒီပိုက်ဆံကို ကျွန်တော်အရင်တွေ့တာ ပြန်ပေးပြန်ပေး"

သူ့လက်ထဲကပိုက်ဆံကို ကျွန်တော်ပြန်လုတော့ ဦးကြီးစီက ကျွန်တော့်ကို ဆောင့်တွန်းလိုက်တယ်။ လဲနေရာကထပြီး ကျွန်တော်ပြန်လုတယ်။ ကျွန်တော့်ကို ဦးကြီးစီ ရိုက်ထည့်လိုက်မယ်လို့ တွေးထင်မထားခဲ့မိဘူး။ ကျွန်တော့်နှာခေါင်းတစ်ပိုက် ပူစနဲ့ဖြစ်သွားပြီး သွေးတွေစီးကျလာခဲ့တယ်။

ကျွန်တော့်နားကို အစ်မက အပြေးကလေး ရောက်လာခဲ့တယ်၊ နှာခေါင်းသွေးတွေနဲ့ ကျွန်တော့်ကိုမြင်တော့ အစ်မငိုတယ်၊ အဲဒီအချိန်မှာ ကျွန်တော်တို့ ထင်မှတ်မထားတဲ့ အမေက ရုတ်တရက် ဘွားခနဲပေါ်လာပြီး ကျွန်တော်တို့ဘက်ကို ပြေးလာနေခဲ့တယ်။ ကျွန်တော့်ကို ရင်ခွင်ထဲဆွဲပွေ့ပြီး ဦးကြီးစီကိုလှမ်းအော်တယ်၊

"ရွာထဲက ကလေးတွေက နင့်ကို ဘကြီးလို့ခေါ်ကြတယ်။ ဒါတောင် နင်က ကလေး တွေကို ဒီလို ရက်ရက်စက်စက် ရိုက်ရသလား"

ဦးကြီးစီက လည်ပင်းကို ဆန့်ငင်ဆန့်ငင်လုပ်ရင်း "ငါ အရင်ကောက်ရတဲ့ပိုက်ဆံကို သူက ဝင်လုတာကို ဒါကြောင့် ငါ ရိုက်လိုက်တာ"

"မဟုတ်ဘူး မေမေ ပိုက်ဆံကို သားအရင်တွေ့တာ"

"ဘယ်သူ ဘာပြောပြော ငါမကြောက်ဘူး။ ပိုင်ရှင်ကိုရှာမတွေ့ရင် ဒီပိုက်ဆံက ငါ့ပိုက် ဆံပဲ" ပိုက်ဆံတစ်ကျပ်ကို အိတ်ကပ်ထဲ ကျေကျေနပ်နပ်ထိုးထည့်ရင်း ဦးကြီးစီက ပြောတယ်။

"တကယ်လို့ ပိုင်ရှင်ကိုပြန်တွေ့ရင် ကောက်ရတဲ့ပိုက်ဆံကို ပိုင်ရှင်လက်ထဲ နင် ပြန် အပ်မလား"

အမေ့အမေးကို ဦးကြီးစီ တစ်ချက်စဉ်းစားလိုက်ပြီး "အေး ပြန်အပ်မယ်။ ပိုက်ဆံက ဘယ်သူ့ပိုက်ဆံလဲ"


"ငါ့ပိုက်ဆံ" ဦးကြီးစီအမေးကို အမေက ပြတ်ပြတ်သားသား ပြန်ပြောတယ်။

"မယုံရင်ပိုက်ဆံကိုထုတ်ကြည့်ပိုက်ဆံပေါ်မှာမတော်တဆငါငံပြာရည်တွေလောင်း ခဲ့မိတယ်။ မယုံရင် ထုတ်ကြည့်ပါ။ ပိုက်ဆံ ငါးနေလိမ့်မယ်"

အိတ်ကပ်ထဲကနေ ပိုက်ဆံကို ဦးကြီးစီ ထုတ်လိုက်တယ်။ တကယ်ပဲ ပိုက်ဆံတစ် ခြမ်းက ငံပြာရည်တွေကြောင့် အဝါရောင်သန်းနေခဲ့ပါတယ်။ ပိုက်ဆံကို ခြေဆုံးခေါင်းဆုံး လှန် ကြည့်ပြီး ဦးကြီးစီက အမေ့ကို ကျေကျေနပ်နပ် ကမ်းပေးလိုက်တယ်။

အမေ့လုပ်ရပ်ကို ကျွန်တော် နားမလည်ခဲ့ဘူး။ အစ်မက ကျွန်တော့်ကို တစ်ဖက်ဆွဲ ခေါ်ပြီး "မောင်လေးဒီကိစ္စကိုမမသဘောပေါက်လိုက်တယ်။မနေ့ညမမတို့အိပ်ရာဝင်ပြီးမကြာ ဘူး အိမ်တံခါးဖွင့်သံ ကြားလိုက်တယ်။ ကြည့်ရတာ မေမေက မမတို့ရဲ့စိတ်ကူးကို အကောင် အထည်ဖော်ပေးဖို့ ညအမှောင်မှာ ဒီကွင်းထဲလာပြီး ပိုက်ဆံတစ်ကျပ်ကို အဲဒီနေရာမှာ ချထားခဲ့ တာဖြစ်တယ်"

မူရင်းရေးသားသူ - Wang Yan Min (www . storychina. cn)



# အတောင်ပံကျိုးခဲ့တဲ့ အိန်ဂျယ်လ်

**သူတို့ကြောင့် "အမေတစ်ယောက်ရဲ့ ပျော်ရွှင်မှုနဲ့အမေတစ်ယောက်လုပ်ရတာ တယ်လောက်ဂုဏ်ယူစရာ ကောင်းတယ်" ဆိုတာကို ကျွန်မ နားလည်ခဲ့ရတယ်။**

အလုပ်ကိစ္စနှင့် တစ်နယ်တစ်ကျေးရောက်နေတဲ့ကျွန်မ၊ လေယာဉ်စီးပြီး နေအိမ်ကို အမြန်ဆုံးပြန်လာချိန်မှာ ၁၀ လအရွယ် သားလေး "ရှင်းရှင်း" အရေးပေါ်ခန်းထဲ ရောက်နေခဲ့တယ်။ သားဟာ ကိုယ်အပူချိန်တွေ ဆက်တိုက်တက်ခဲ့လို့ ဦးနှောက်အာရုံကြောကို ထိသွားတယ်ဆိုတဲ့အကြောင်း ဆရာဝန်က ရှင်းပြခဲ့တယ်။ ကျွန်မကိုလည်း ဒီအဖြစ်အပျက်ကို လက်ခံနိုင်အောင် ကြိုးစားရမယ်လို့ ဆိုတယ်။ အရေးပေါ်ခန်းကထွက်ပြီး ၂ ရက်အကြာမှ နိုင်ငံခြား ရောက်နေတဲ့ ကျွန်မခင်ပွန်း ပြန်လာခဲ့တယ်။

ဆေးရုံကဆင်းပြီးနောက် ရှင်းရှင်းရဲ့အကြားအမြင်ကို ကျွန်မတို့ စမ်းသပ်ခဲ့ကြတယ်။ ထူးခြားပြောင်းလဲမှု ထွေထွေထူးထူး မရှိခဲ့လို့ အစိုးရိမ်လွန်နေတဲ့ ကျွန်မတို့ စိတ်ကိုလျှော့လိုက်တယ်။ ဒါပေမဲ့ ရှင်းရှင်းဟာ တစ်ခါတလေမှာ ငေးကြောင်ကြောင်အကြည့်နဲ့ ကြည့်တတ်သလို မှုမမှန်တဲ့ ရယ်ပုံမျိုးနဲ့ ရယ်နေတတ်တာကို ကျွန်မ သတိထားခဲ့မိတယ်။ သူ့ရွယ်တူကလေးတွေ လမ်းလျှောက်သင်နေချိန် ဒါမှမဟုတ် "ဖေဖေ" "မေမေ" လို့ အခေါ်သင်နေချိန်မှာ ရှင်းရှင်းဟာ ငေးငေးငိုင်ငိုင်ထိုင်နေမြဲ၊ တုံးတုံးအအ ရယ်နေမြဲဖြစ်တယ်။

ရှင်းရှင်းကိုပွေ့ပြီး ဆရာဝန်ပေါင်းစုံနဲ့ ကျွန်မ တွေ့ခဲ့ပါတယ်။ ရှင်းရှင်းရဲ့အသိဉာဏ် ဖွံ့ ဖြိုးမှုဟာ ကလေးအရွယ်မှာပဲ ကျန်နေခဲ့မယ်။ ထူးဆန်းမှု တစ်ခုခုကြုံမှ ပြောင်းလဲနိုင်မယ်ဆိုတဲ့ အဖြေကိုပဲ ကျွန်မရခဲ့တယ်။ အိပ်မက်ဆိုးတွေနဲ့ ချောက်ချားစပြုနေတဲ့ ကျွန်မ ရှင်းရှင်းကိုပွေ့

ဆေးပြီး နည်းမျိုးစုံ၊ ဆရာမျိုးစုံရှာပြီး ကုခဲ့တယ်။ အပ်စိုက်နည်းတွေကအစ ကျွန်မ ကုခဲ့တယ်။ ချည်လျှားတဲ့ အပ်တွေဟာ ကျွန်မအသည်းကို ထိုးစိုက်နေသလိုပဲ၊ ကျွန်မရဲ့ချွေးနဲ့မျက်ရည်တွေ တရွှင်းရွှင်းရဲ့ ငိုညည်းသံနဲ့အတူ ကြွေကျခဲ့ရတယ်။

ဒါတွေဟာ အိပ်မက်ပဲဖြစ်ပါစေလို့ ကျွန်မ မျှော်လင့်မိတယ်။ အိပ်မက်ကနိုးလာရင် ရှင်းရှင်းဟာ အားမာန်အပြည့်နဲ့ ကျွန်မကို ရယ်ပြနေပါစေလို့ ကျွန်မ ဆုတောင်းမိတယ်။ "မေမေ" လို့ ရှင်းရှင်းခေါ်မယ့်အသံကို ကျွန်မစပြီး စိတ်ကူးယဉ်မိတယ်။ အလုပ်ကိုပဲ ဦးစားပေးပြီး ကလေးကို ကောင်းကောင်း ဂရုမစိုက်မိခဲ့တဲ့ ကိုယ့်ကိုယ်ကိုယ်ပဲ အပြစ်တင်မိတယ်။ လူတွေနဲ့ မျက်နှာချင်းမဆိုင်ဝံ့အောင် ကျွန်မရဲ့ အပြစ်တွေက ကြီးလေးနေတယ်။ ညနေ အလုပ်ဆင်းပြန်တိုင်း ရှင်းရှင်းကိုဖက်ပြီး ကျွန်မ ငိုခဲ့ရတယ်။ တစ်နေ့ပြီးတစ်နေ့ ၊တစ်နှစ်ပြီးတစ်နှစ် မျက်ရည်တွေလည်း ခမ်းခဲ့ပြီ၊ အသည်းနှလုံးတွေလည်း ထုံကျင်ခဲ့ပြီ။

မချမ်းမြေ့တဲ့ အခြေအနေကြောင့် ခင်ပွန်းသည်ဟာ ညဥ့်နက်မှ ပြန်လာတတ်သလို တဖြည်းဖြည်း ထမင်းလည်းပြန်မစားတော့ဘူး။ ယောက္ခမက ကျွန်မတို့ကိုလာကြည့်ပြီး ရှင်းရှင်းကို ခေါ်သွားမယ်၊ ကျွန်မတို့ကို နောက်ထပ် ကလေးတစ်ယောက် ထပ်ယူပါလို့ ပြောလာတယ်၊ ကျွန်မ မငြင်းဆန်ခဲ့ပေမဲ့ ကျွန်မ မလုပ်နိုင်ခဲ့ဘူး။ ရှင်းရှင်းဟာ ဒီလောကထဲ ရွေးချယ်ခွင့်မရှိဘဲ ရောက်လာခဲ့ရတယ်။ ကျွန်မတို့ရဲ့ ပေါ့လျော့မှုကြောင့် ကံမကောင်းစွာ သူဟာ ဒီအခြေအနေကို ရောက်ခဲ့ရတယ်၊ ရှင်းရှင်းကို ကျွန်မ ရင်ခွင်ထဲ တင်းတင်းလေး ဖက်ထားလိုက်မိတယ်၊ သူ့အပေါ် ထားမယ့် လူတွေရဲ့အကြင်နာ၊ မေတ္တာတွေကို ကျွန်မ မလိုချင်ဘူး။

ရှင်းရှင်း ၂ နှစ်ပြည့်မွေးနေ့မှာ ကျွန်မခင်ပွန်း ကျွန်မတို့နဲ့ ထမင်းလက်ဆုံ မစားတော့တာကို ကျွန်မ အထိတ်တလန့် သတိထားခဲ့မိတယ်။ ခင်ပွန်းကိုပါ လက်လွှတ်ဆုံးရှုံးရမယ်ဆိုတဲ့ အသိက ကျွန်မကို အသက်ရှူလို့မရအောင် ခြောက်လှန့်နေတယ်၊ ညဥ့်နက်သန်းခေါင်ရောက်မှ အရက်နံ့တထောင်းထောင်းနဲ့ ပြန်လာတဲ့ ခင်ပွန်းကိုကြည့်ပြီး ကျွန်မရဲ့ မျက်ရည်တွေက ပါးပြင်ပေါ်ကို အတားအဆီးမဲ့ စီးကျလာပြန်တယ်။

"ငါတို့ ကလေးထပ်ယူရအောင်" လို့ပြောလာတဲ့ ခင်ပွန်းရဲ့စကားကို ကျွန်မ အံကြိတ် ခေါင်းညိတ်ခဲ့တယ်။ ကျွန်မ ကိုယ်ဝန်ထပ်ရှိလာတယ်၊ တဖြည်းဖြည်း ပြည့်ဖြိုးလာတဲ့ ဗိုက်ကို ကြည့်ပြီး ခါးသီးမှုထဲက ချိုမြိန်မှုတချို့ကို ကျွန်မခံစားလိုက်တယ်၊ လှုတိုင်းထက် ဒီကလေးကို ကျွန်မမျှော်လင့်ခဲ့သလိုစိတ်ထဲမှာလည်းဒီကလေးကိုငြင်းဆန်နေခဲ့တယ်၊ ကျွန်မဆီ ကမ်းလှမ်းလာတဲ့ ရှင်းရှင်းရဲ့လက်ကိုတွေ့ရင် ရင်ထဲ နာကျင်မှုတွေက ပြန်ရှန်းထလာကြတယ်၊ ဒီလောကမှာ အမေဖြစ်တဲ့ ကျွန်မကလွဲရင် ရှင်းရှင်းကို ဘယ်သူချစ်တော့မလဲ၊ ဗိုက်ထဲကကလေးကို ဖျက်ချဖို့ ကျွန်မ ဆုံးဖြတ်လိုက်တယ်၊ ဒါပေမဲ့ အမြွှာဆိုတဲ့ဆေးစစ်ချက်က ကျွန်မကို တုန်လှုပ်သွားစေခဲ့တယ်၊

၂၀၀၂ ရဲ့ နွေရာသီမှာ နေနေနဲ့ လလဆိုတဲ့ ချစ်စရာအမြွှာကို ကျွန်မ မွေးဖွားခဲ့တယ်၊

လသားအရွယ် ကြွေရုပ်လေးနှစ်ရုပ်က အငိုနည်းပြီး အမြဲ ပြုံးရယ်နေတတ်တယ်။ ကျွန်မ [illegible] ပြောရင် ကျွန်မအသံရှိရာဘက်ကို သူတို့လိုက်ရှာတတ်တယ်။ အမေဖြစ်ရတဲ့ ပျော်ရွှင်မှုတွေ ကျွန်မရင်ထဲ စီးလို့နေတယ်။

ကိုယ့်ကိုယ်ကိုယ်အပြစ်တင်ခဲ့မိတဲ့ကျွန်မ ရှင်းရှင်းကိုလျစ်လျူရှုမိလာတယ်။ ဂရုစိုက်မှုတွေ ပေါ့လျော့လာပြီး သူ့ကို အိမ်ဖော်နဲ့ပဲ ထိန်းစေခဲ့တယ်။ သူ့ရဲ့ တုံးတိတုံးအပုံစံကို ကျွန်မ မုန်းလာမိတယ်။

မျက်စိတစ်မှိတ်မှာပဲ နေနေနဲ့လလ လမ်းလျှောက်တတ်လာခဲ့တယ်။ အခြားအရာတွေကို ဂရုမစိုက်တတ်တဲ့ ရှင်းရှင်းက သူ့ညီမနှစ်ယောက်ရဲ့ အပြုအမူကို စိတ်ဝင်တစား ကြည့်တတ်လာတယ်။ သူ့ကို ကလေးတွေနား ကျွန်မ ပေးအကပ်မခံခဲ့လို့ အဝေးကနေပဲ သူတို့ရဲ့ လှုပ်ရှားမှုတွေကို သူ ငေးကြည့်နေခဲ့တယ်။ ဒါပေမဲ့ နေနေနဲ့လလတို့ရဲ့ခြေလှမ်းကို ကျွန်မ မတားဆီးနိုင်ခဲ့ဘူး။ သူတို့လည်း သူတို့နဲ့မတူတဲ့ရှင်းရှင်းကို စိတ်ဝင်စားပုံရတယ်။ သူတို့ကို ကျွန်မ အတင်းအဓမ္မမလုပ်ရက်ပေမဲ့ရှင်းရှင်းကိုတော့မကြာခဏသတိပေးခဲ့တယ်။ "ညီမလေးတွေကို မထိရဘူး။ လုံးဝမထိရဘူး" လို့။

ဒါပေမဲ့ ကျွန်မသတိပေးတာကို တဖြည်းဖြည်း သူ မေ့သွားခဲ့တယ်။ ဒါကို ကျွန်မလည်း သတိမထားခဲ့မိဘူး။ တစ်နေ့ အိမ်ဖော်ဈေးသွားနေတုန်း စတိုခန်းမှာ ကျွန်မ ရှင်းလင်းနေတယ်။ ရုတ်တရက် အိပ်ခန်းထဲမှာ အိပ်ပျော်နေတဲ့ ကလေးနှစ်ယောက်ရဲ့ ငိုသံကြားလို့ အိပ်ခန်းထဲ ကျွန်မ ပြေးသွားလိုက်ချိန်မှာ လလရဲ့လက်ကို ခုတင်ကြားကနေ အတင်းဆွဲနေတဲ့ ရှင်းရှင်းကို ကျွန်မ တွေ့လိုက်မိတယ်။ ရှင်းရှင်းကို ကျွန်မ ဆတ်ခနဲဆွဲပြီး သူ့လက်ကို အားရပါးရ ရိုက်ချလိုက်မိတယ်။

"ညီမလေးကို မထိရဘူးလို့ ပြောထားတာမဟုတ်လား။ နောက်တစ်ခါ ထိဦးမလား။ ထိရဲသေးလား" ရိုက်လေ ကျွန်မ ဒေါသထွက်လေ၊ အရင်က သူ့အပေါ်ထားတဲ့ မနှစ်မြို့မှုတွေကို ကျွန်မပေါက်ကွဲနေခဲ့မိတယ်။ ကလေးတွေရဲ့ငိုသံကိုကျွန်မကြားခဲ့မိတယ်။ ထောင့်တစ်နေရာမှာ ကိုယ်ကိုကျုံ့ပြီးငိုနေတဲ့ ရှင်းရှင်းကို ကျွန်မ တွေ့လိုက်မိတယ်။ ရှင်းရှင်းကိုမေ့ရှိပြီး ဒေါသမပြေသေးတဲ့ ကျွန်မကို တစ်ခုခုပြောဖို့ကြိုးစားနေတဲ့ အိမ်ဖော်ကောင်မလေးကို သွားဖို့ ကျွန်မ လက်အမူအရာနဲ့ ပြလိုက်တယ်။

နေနေနဲ့လလကိုချော့ရင်း ခုတင်ပေါ်ကျနေတဲ့ ဘီစကစ်အချို့ကို ကျွန်မ တွေ့လိုက်မိတယ်။ ကျွန်မကို ဖွဲ့ကျွေးဖို့ကမ်းလာတဲ့ နေနေနဲ့လလကို အမြန်ရှောင်ပြီး လလရဲ့လက်ကို ကျွန်မ ကြည့်လိုက်မိတယ်။ လလဘက် ခုတင်အောက်မှာကျနေတဲ့ ဘီစကစ်အချို့က ကျွန်မခြေထောက်အောက်မှာ ကြေမွနေတာကို တွေ့လိုက်မိတယ်။ ရှင်းရှင်းက အကောင်ပုံစံလုပ်ထားတဲ့ ဘီစကစ်တွေကို အရမ်းကြိုက်တယ်။ လလရဲ့လက်ကို သူဆွဲလိုက်တာက လလတို့ [illegible] ဖြစ်တယ်။ ကျွန်မအသည်းတွေ တဆစ်ဆစ် နာကျင်လာတယ်။ သူ့အခန်းထဲ ကျွန်မ [illegible] သွားလိုက်ချိန်မှာ အိမ်ဖော်ရဲ့ အချော့အသိပ်အောက်မှာ သူ အိပ်ပျော်နေခဲ့တယ်။ [illegible]

ပျော်နေတဲ့ သူ့မျက်နှာက တစ်ချက်တစ်ချက် မှဲ့နေတုန်းပါပဲ။ ကျွန်မ ဘာဖြစ်နေလဲ၊ ကျွန်မ သူ့အမေမှဟုတ်ရဲ့လား။

တစ်နေ့ ကလေးတွေနဲ့ ကျွန်မ ပွေ့ဖက်ကစားနည်းတွေ ကစားနေခဲ့တယ်။ ကျွန်မက လက်ခုတ်တီးလိုက်ရင် သူတို့က "မေမေ" လို့ခေါ်ပြီး ကျွန်မဆီ ပြေးကြမယ်။ ပြီးတော့ သူတို့ကို တင်းတင်းလေး ပြန်ဖက်ထားမယ့် ကစားနည်းဖြစ်တယ်။လွယ်ကူတဲ့ ကစားနည်းဖြစ်ပေမယ့် ကလေးတွေက တစ်ကျော့ပြီးတစ်ကျော့ ဆော့ကစားရင်း ပျော်နေခဲ့ကြတယ်။ ရုတ်တရက် ရှင်းရှင်းလည်း ပါးစပ်ဟပြီး အသံပလုတ်ပလောင်းနဲ့ ကျွန်မဆီ ပြေးလာနေခဲ့တယ်။ မပီမသ ခေါ်လိုက်တဲ့ "မေမေ" "မေမေ" ဆိုတဲ့သူ့အသံက ကျွန်မနားကိုကျွန်မ မယုံနိုင်အောင် ဖြစ်ခဲ့မိတယ်။

ကျွန်မရဲ့သားလေး ဒီလောကထဲ ရောက်လာကတည်းက စကားတစ်ခွန်းမျှ မပြောခဲ့တဲ့ သားလေး၊ ကျွန်မရင်ခွင်ကြားထဲ မျက်နှာအပ်ပြီး ကျွန်မကို တင်းတင်း ပွေ့ဖက်ထားတဲ့သားလေး ကျွန်မ ငိုမိပြန်ပါတယ်။ သူ့အတွက် အနယ်ထိုင်နေပြီဖြစ်တဲ့ အမေတစ်ယောက်ရဲ့မေတ္တာ ကျွန်မ ရင်ထဲ တစ်ဖန်ပြန်နိုးထလာခဲ့တယ်။ သားရယ် သားကို အမေ မပွေ့ဖက်မိတာ ဘယ်လောက် ကြာနေခဲ့ပြီလဲကွယ်။

ကလေးတွေအကြောင်းကိုကျွန်မသေချာစပြီးတွေးတောမိတယ်။ကျွန်မမှာကလေး သုံးယောက်နဲ့ အခြားမိသားစုနဲ့မတူတဲ့ မိသားစုတစ်စုရှိတယ်။ သူတို့ တဖြည်းဖြည်း ကြီးပြင်း လာကြမယ်။ ပြီးတော့ သူတို့ရဲ့ဘဝခရီးလမ်းကို သူတို့ လျှောက်လှမ်းကြရမယ်။ ဒီလောကကနေ ကျွန်မ ခွဲသွားခဲ့ရင် သူတို့အချင်းချင်း တစ်ယောက်ကိုတစ်ယောက် ဂရုစိုက်ရတော့မှယ်၊ အထူးသဖြင့် ရှင်းရှင်းတစ်ယောက် မေတ္တာတွေ အများကြီးလိုတယ်၊

သူတို့ကိုကျွန်မမခွဲခြားတော့ဘူး၊ သမီးတွေကိုလည်းအစ်ကိုကိုကောင်းကောင်းချစ် ဖို့၊ သူ့ကိုသာမမွေးခဲ့ရင် သမီးတို့ကိုလည်း မွေးခဲ့မှာမဟုတ်ကြောင်း ကျွန်မ မှာတယ်၊ ကျွန်မ ပြောတဲ့စကားကို သူတို့ နားလည်သေးမှာမဟုတ်ပေမဲ့ အဲဒီစကားကို သူတို့ မြဲမြဲမှတ်ထားမယ် လို့ ကျွန်မ မျှော်လင့်မိတယ်၊ နေ့တိုင်း သူတို့သုံးယောက်နဲ့ ကျွန်မ ကစားဖြစ်တယ်၊ သူတို့ကို သီချင်း၊ အကသင်ပေးတယ်၊ ပုံပြောပြတယ်၊ ရှင်းရှင်းတစ်နေ့ထက်တစ်နေ့ တိုးတက်လာတယ်၊ "ဖေဖေညီမလေး" လို့ခေါ်တတ်လာတဲ့အပြင် သူလိုချင်တာကို အရိပ်အမြွက်ပြတတ်လာတယ်၊ ခြေလှမ်းတွေကို သံစဉ်နဲ့အတူ ရွှေတတ်လာတယ်၊

တန်းစီပြီးအိပ်နေတဲ့ကလေးတွေကိုကြည့်ပြီးဒီလောကမှာတန်ခိုးပြာဋိဟာ (Miracle) ရှိကြောင်းကိုကျွန်မယုံကြည်လာမိတယ်၊ အဲဒီတန်ခိုးဟာ ချစ်ခြင်းမေတ္တာပဲဖြစ်တယ်၊ ချစ်ခြင်းမေတ္တာက အရာရာကို ဖန်တီးပြောင်းလဲနိုင်စွမ်းရှိတယ်၊

နေနေနဲ့လလ မူကြိုတက်မယ့် အရွယ်ရောက်ပြီဆိုတော့ ကျွန်မ အလုပ်ပြန်လုပ်ရ တော့မယ်။ ကျွန်မရဲ့တာဝန်တွေ နည်းနည်းပေါ့သွားအောင်ဆိုပြီး ယောက္ခမက ရှင်းရှင်းကို သူနဲ့ အတူခေါ်သွားဖို့ ကျွန်မကို တိုင်ပင်ခဲ့တယ်။ ကျွန်မ ဆုံးဖြတ်ချက် လုံးလုံးမချနိုင်ခဲ့ဘူး။ ရှင်းရှင်းရဲ့

အခုအခနေအထားက မှုကြိုထားရမယ်ဆို ထားလို့ရတဲ့ အခြေအနေမှာရှိနေပြီ။ နောက်ပြီး သူဟာ အခြားကလေးတွေနဲ့မတူဘူး။ ပြင်ပကလာတဲ့ ထိခိုက်၊ ကွဲရှဲမှုတွေက သူ့ကို အနာတရဖြစ်စေမှာ ကျွန်မ အကြောက်ဆုံးပဲ။

ရှင်းရှင်းကို ခေါ်သွားတဲ့ညက ကျွန်မ သမီးနှစ်ယောက် အစ်ကိုပြန်လာတာကို စောင့်မယ်ဆိုပြီး မအိပ်ခဲ့ကြဘူး။ ဝင်းပတဲ့ မျက်လုံးလေးတွေနဲ့ "ကိုကို ဘယ်တော့ပြန်လာမလဲ။ ဘာဖြစ်လို့ကိုကို မှုကြိုမတက်တာလဲ" လို့ ကျွန်မကို မေးခဲ့ကြတယ်။ အစ်ကို နေမကောင်းတဲ့အကြောင်း၊ အရှိန်အကြာကြီးနေမှ ပျောက်မယ့်အကြောင်း အသည်းတွေ တဆစ်ဆစ် နာနေတဲ့ကြားက ကျွန်မ ကြိုးစားပြီး ဖြေခဲ့တယ်။

"သမီးတို့ကို သူလွမ်းနေမှာ၊ ဘာဖြစ်လို့ သမီးတို့ကသူ့ကို မပြုစုကြတာလဲ။ ကိုကို့ကို အမြန်ပြန်လာစိုင်းပါ။ သမီးတို့ သူ့ကိုပြုစုမယ်" လို့ပြောတဲ့ သူတို့စကားက ကျွန်မအသည်းကို ဓားနဲ့မွှမ်းနေသလိုပဲ။ "သမီးတို့ လိမ္မာကြပါ။ သမီးတို့လိမ္မာမှ သူပြန်လာလို့ ရမယ်"လို့ ကလေးတွေကို ကျွန်မနှစ်သိမ့်ခဲ့တယ်။ အိပ်ပျော်သွားတဲ့ သမီးတွေကိုကြည့်ပြီး မှောင်မည်းမည်း အခန်းထဲမှာထိုင်ရင်းရှင်းရှင်းကို ကျွန်မ လွမ်းနေခဲ့မိတယ်။ အမေ့သား နေကောင်းရဲ့လား။

သမီးနှစ်ယောက် မှုကြိုသုံးရက်လောက်သွားပြီး မသွားတော့ဘူးလို့ ငြင်းဆန်လာတယ်။ မှုကြိုမှာကစားဖို့ ကစားစရာတွေ၊ အတူကစားမယ့် သူငယ်ချင်းတွေ အများကြီးရှိကြောင်း နဲ့ သီချင်းအသစ်တွေ သင်လို့ရသလို စာတွေလည်း သင်လို့ရကြောင်း၊ အစ်ကိုရှင်းရှင်းကိုလည်း သူတို့နဲ့အတူ သင်စေချင်ကြောင်း သမီးတွေက ကျွန်မကို တောင်းဆိုလာတယ်။ မျှော်လင့်ချက် အရည်လက်နေတဲ့ သူတို့ရဲ့ မျက်လုံးတွေကို ကျွန်မ လျစ်လျူရှုပြီး သူတို့ကို ရှော့မော့ခဲ့ပေမဲ့ အရာမရောက်ခဲ့ဘူး။ ကျွန်မ လက်တစ်ဖက်တစ်ချက်စီမှာ ပွေ့ဖက်ထားတဲ့ သူတို့ "မေမေ ညာ တယ်။ သမီးတို့လိမ္မာရင် ကိုကိုပြန်လာမယ်ဆို။ သမီးတို့လိမ္မာလည်း ကိုကိုပြန်မလာခဲ့ဘူး။ မေမေညာတယ်" ဆိုပြီး အော်ငိုတော့တယ်။

အသည်းနှလုံးတွေ ရပ်တန့်သွားမတတ် ကျွန်မ ခံစားမိတယ်။ တင်းခံထားတဲ့ မျက်ရည်က ပါးပေါ်ကို ဒရဟောစီးကျလာတော့တယ်။ "သမီးတို့ရဲ့ကိုကိုက တခြားလူနဲ့မတူဘူး။ ဘာကိုမှ သူလုံးဝသင်ယူလို့ရမှာ မဟုတ်ဘူး"

"ရတယ်မေမေ သမီးတို့သင်ပေးလို့ရတယ်။ ကိုကို့ကို အမြန်ဆုံး ပြန်လာခိုင်းပါနော်" ကျွန်မပါးပြင်ပေါ်က မျက်ရည်တွေကိုသုတ်ပေးရင်း သမီးတွေက ထပ်တောင်းဆိုပြန်တယ်။ သမီးတွေကိုကြည့်ပြီး အမပီသတဲ့ အမေတစ်ယောက်ရဲ့ ဝမ်းနည်းအားနာမှုကို ကျွန်မခံစား လာမိတယ်။ တကယ်ဖြစ်ပျက်နေတဲ့ အဖြစ်တစ်ခုကို လက်ခံနိုင်ဖို့ ကျွန်မ ရှောင်လွှဲခဲ့မိတယ်။ ကျွန်မကိုယ်ကျွန်မ ရှင်းရှင်းကိုတကယ်ချစ်တယ်လို့ထင်ခဲ့မိတယ်။ ဒါပေမဲ့သမီးတို့လိုယုံကြည်မှု အပြည့်နဲ့ အဲဒီအဖြစ်ကို ကျွန်မ ရင်မဆိုင်ရဲခဲ့ဘူး။

ရက်အတန်ကြာ မတွေ့ဖြစ်တဲ့ရှင်းရှင်းကို ယောက္ခမပြန်လာပို့တော့ ရှင်းရှင်း တော်တော်ပိန်သွားတယ်။ အစာလည်းမစား၊ အိပ်လည်းမအိပ်ဘဲ တစ်ချိန်လုံး ငိုယိုပြီး ညီမလေးတွေကိုသာ တမ်းတနေတဲ့ရှင်းရှင်းကို မကြည့်ရက်လို့ ပြန်လာပို့တယ်လို့ ယောက္ခမက မရိုးတင်ကဲ ပြောတယ်။ သမီးနှစ်ယောက် အားရဝမ်းသာ ရှင်းရှင်းလက်ကိုဆွဲပြီး သူတို့တက်တဲ့ မူကြို အကြောင်းကို ပြောပြတယ်။ ရှင်းရှင်းကို အဝတ်အစားအသစ်လဲပြီး သူတို့နဲ့အတူ မူကြိုတက်ဖို့ ကျွန်မကို ပူဆာတော့တယ်။

ကလေးတွေ မူကြိုအတူတက်စေဖို့ ကျောင်းအုပ်ဆရာမနဲ့ ကျွန်မ သွားတွေ့ခဲ့တယ်။ ရှင်းရှင်းအရွယ်က အတန်းကြီးတက်တဲ့အရွယ်ဆိုပေမဲ့ သူ့ရဲ့အသိဉာဏ်က အတန်းငယ်ကလေးတွေလောက် မဖွံ့ဖြိုးခဲ့ဘူး။ တစ်ယောက်လက်ကို တစ်ယောက်တွဲပြီး ကျွန်မအပြန်ကို လက်တွေဝှေ့ယမ်းပြနေတဲ့ သူတို့ကိုကြည့်ပြီး ကျွန်မရဲ့ ဆုံးဖြတ်ချက်တွေ မှန်ကန်တယ်လို့ ကျွန်မယုံမိတယ်။ ချစ်ခြင်းမေတ္တာက ကျွန်မတို့ကို အပြောင်းလဲကြီး ပြောင်းလဲစေနိုင်မယ်လို့လည်း ကျွန်မ မျှော်လင့်မိတယ်။

မူကြိုကပြန်လာတိုင်း နေနေနဲ့လလက ရှင်းရှင်းကို သင်ခဲ့သမျှစာတွေ ထပ်သင်ပေးပြန်တယ်။ ကျွန်မကိုကြားအဝင်မခံခဲ့ဘူး။ သမီးနှစ်ယောက်က အတန်းထဲမှာဘာသင်သင် တတ်လွယ်တယ်။ မှတ်ဉာဏ်လည်းကောင်းတယ်။ အစ်ကို့ကို ပြန်သင်ပေးဖို့အတွက် သူတို့ ပိုကြိုးစားခဲ့တယ်ဆိုတာ ကျွန်မ သိနေခဲ့တယ်။

သူတို့လောက် စိတ်ရှည်သည်းခံတဲ့ကလေးကို ကျွန်မ မတွေ့ဖူးသေးဘူး။ တစ်ကျော့ပြီးတစ်ကျော့ တုံးအတဲ့ရှင်းရှင်းကို သူတို့တစ်လှည့်စီ သင်နေခဲ့တယ်။ စာလုံးလေးတစ်လုံးကို ရှင်းရှင်း မှတ်မိနိုင်ဖို့အတွက် သူတို့ အခေါက်အခါခါ သင်နေတယ်။ တစ်ခါတလေ အိပ်ပျော်နေတာတောင် အဲဒီစာလုံးကို သူတို့ ရေရွတ်နေတတ်တယ်။

ရှင်းရှင်း ဖတ်တတ်သွားပြီဆိုရင် သူတို့ ဝမ်းသာအားရ ထခုန်တတ်တယ်။ ပြီးတော့ ကျောင်းက ဆရာမအတိုင်း လက်မကိုထောင်ပြီး "ကိုကိုတော်တယ် ကိုကိုအရမ်းတော်တယ်" လို့ သူတို့ ချီးကျူးတဲ့အခါမှာ ကျွန်မရဲ့သားလေးရှင်းရှင်း ညီမတွေလုပ်သမျှကို ငေးကြောင်ကြောင်ထိုင်ကြည့်ရင်း တုံးတိတုံးအ ရယ်နေတတ်တယ်။

ကိုယ့်နာမည်ကို ကိုယ်ရေးတတ်အောင် ကျင့်ရမယ်လို့ ဆရာမက ကလေးတိုင်းကို ပြောခဲ့တယ်။ ရှင်းရှင်းအတွက်က ဘယ်လိုမှ မဖြစ်နိုင်ခဲ့ဘူး။ ဒါပေမဲ့ တစ်လလွန်မြောက်တဲ့နေ့ သမီးနှစ်ယောက် ရှင်းရှင်းလက်ကိုတွဲပြီး "ကိုကို နာမည်ရေးတတ်သွားပြီ" လို့အော်ရင်း ကျွန်မဆီ အားရဝမ်းသာ ပြေးလာခဲ့တယ်။

စာရွက်ပေါ် ကိုယ့်နာမည် "ရှင်းရှင်း" ဆိုတဲ့စာလုံးကို ခွဲခွဲစောင်းစောင်း ချရေးနေတဲ့ သားကို ယုံတစ်ဝက်မယုံတစ်ဝက်အကြည့်နဲ့ ကျွန်မကြည့်လိုက်မိတယ်။ သူတို့ လေ့ကျင့်ခဲ့တဲ့ စာအုပ်ကို ကျွန်မ ကောက်ယူကြည့်လိုက်ပြန်တယ်။ နာမည်တစ်လုံးဖြစ်အောင် တုတ်ချောင်းလေးတွေနဲ့တစ်ချောင်းချင်းအဆင့်ဆင့်ရေးသင်ပေးခဲ့တဲ့သမီးတို့ရဲ့သင်ပြခဲ့ပုံကိုကျွန်မတွေ့မြင်

လိုက်တယ်။ သမီးတို့ရဲ့ အစ်ကို့အပေါ်ထားတဲ့ စိတ်ရှည်မှုက ကျွန်မကို တစ်ခဏ ဝမ်းနည်းစေခဲ့တယ်။

တစ်နေ့ သူတို့ကျောင်းအဆောင်းကို ကျွန်မ သွားကြိုခဲ့တယ်။ စာသင်ခန်းဝရောက်လုလု မှာ "နင်တို့အစ်ကိုက လူအကြီး လူအကြီး" လို့အော်နေတဲ့အသံကို ကျွန်မ ကြားလိုက်မိတယ်။ အခန်းထဲ အမြန်ဝင်ပြီး တားဖို့ကြိုးစားတဲ့ကျွန်မကို ဆရာမက ခဏဆိုတဲ့သဘောနဲ့ လက်ကာပြတယ်။ ဒီကိစ္စကို ဘယ်လိုရင်ဆိုင်ရမယ်ဆိုတာ ကလေးတို့ဘာသာ ဆုံးဖြတ်ပါစေ။

နီရဲတဲ့မျက်နှာနဲ့ "ငါ့ကိုကိုက လူအမဟုတ်ဘူး။ သူက အိန်ဂျယ်လ်၊ အတောင်ပံကျိုးပြီး အကောင်းဆုံး အစ်ကိုအဖြစ်နဲ့ ငါတို့အိမ်ကိုရောက်လာခဲ့တဲ့ အိန်ဂျယ်လ်၊ လူတွေနေထိုင်တဲ့ လောကမှာ သူ ကျင့်သားမရသေးလို့ အခုလိုဖြစ်နေတာ" လို့ နေနေက ဝင်ပြောလိုက်တယ်။

ကလေးတွေရဲ့ "ဝါး" ခနဲအသံနဲ့အတူ "သူတို့ကိုကိုက အိန်ဂျယ်လ်တဲ့" ဆိုပြီး အံ့သြနေကြတယ်။

ဆရာမက မျက်ရည်အဝဲသားနဲ့ နေနေကို ပွေ့ဖက်လိုက်ပြီး ကလေးတွေကို "ရှင်းရှင်း ဟာ ဆရာမတို့အတန်းရဲ့ အိန်ဂျယ်လ်ဖြစ်တယ်။ သူဟာ ကလေးတိုင်းကို ချစ်တတ်တယ်။ သူတစ်ပါးကို ဘယ်လိုချစ်ရမယ်ဆိုတာကို သူက ဆရာမတို့ကို သင်ပေးခဲ့တယ်" လို့ ပြောလိုက်တယ်။

အိမ်အပြန်လမ်းမှာ ကျွန်မရဲ့အသည်းနှလုံးတွေက သမီးတို့ပြောတဲ့စကားကြောင့် တဆတ်ဆတ် တုန်ယင်နေတယ်။ နေနေနဲ့လလကို "ဘာဖြစ်လို့ ကိုကို့ကို အဲဒီလောက်ချစ်ရသလဲ" လို့ ကျွန်မမေးတော့ ကိုကိုသာမရှိခဲ့ရင် သမီးတို့လည်း ရှိခဲ့မှာမဟုတ်ဘူး" လို့ သူတို့ ပြိုင်တူ ဖြေကြတယ်။

မျက်ရည်တွေ ကျွန်မပါးပြင်ပေါ် စီးကျလာပြန်တယ်။ ကျွန်မရဲ့စကားကို သူတို့ စွဲစွဲမြဲမြဲ မှတ်သားခဲ့ပါပြီ။ ငယ်ရွယ်တဲ့ သူတို့အသက်အရွယ်နဲ့ မလိုက်အောင် ကျေးဇူးမေတ္တာတရားကို သူတို့ နားလည်ခဲ့ကြတယ်။ သူတို့က တစ်ယောက်ကိုတစ်ယောက် ရိုင်းပင်းကူညီဖို့ ဘုရားသခင်က ကျွန်မအတွက် စွန့်ကြဲခဲ့တဲ့ အိန်ဂျယ်လ်တွေဖြစ်တယ်။ အဖိုးဖြတ်မရတဲ့ လက်ဆောင်ကို ဘုရားသခင်က ကျွန်မကို ပေးကမ်းခဲ့တယ်။ (Angle) သူတို့ကြောင့် "အမေတစ်ယောက်ရဲ့ ပျော်ရွှင်မှုနဲ့အမေတစ်ယောက်လုပ်ရတာ ဘယ်လောက်ဂုဏ်ယူစရာ ကောင်းတယ်" ဆိုတာကို ကျွန်မ နားလည်ခဲ့ရတယ်။

http://www.youthwant.com.tw တွင် ဖတ်မိသော
စာတစ်ပုဒ်အား ခံစားရေးဖွဲ့သည်။

# ငိုတယ်ဆိုတာ မိန်းမသားတွေရဲ့ မူပိုင်

**မိန်းကလေးတွေရဲ့ အရှေကို သူတို့ရဲ့ မျက်စိထဲကနေ တွေ့နိုင်တယ်။**

"မေမေ ဘာဖြစ်လို့ငိုတာလဲ"

"မေမေဟာ မိန်းမသားမို့ပေါ့ကွယ်"

"သား နားမလည်ဘူး မေမေ"

"သားတစ်သက်လုံးနားလည်မှာ မဟုတ်ပါဘူး သားရယ်"

"ဖေဖေ အကြောင်းမရှိဘဲ မေမေ ဘာလို့ငိုရတာလဲဟင်"

"မိန်းမတွေက ဒီလိုပဲ သားရာ"

ကြီးပြင်းလာတဲ့အထိ မိန်းမတွေ ဘာလို့ငိုတယ်ဆိုတာကို သား နားမလည်ခဲ့ဘူး။ နောက်တော့ သူဟာ ဘုရားသခင်ကို ဖုန်းဆက်မေးမြန်းပါတော့တယ်။

"မိန်းမတွေ ဘာကြောင့်ငိုရပါသလဲ ဘုရားသခင်"

"မိန်းမတွေကို စတင်ဖန်တီးလိုက်ကတည်းက သူတို့ကို ထူးခြားအောင်ဖန်တီးခဲ့ပါတယ်။ သူတို့ရဲ့ပခုံးနဲ့ ကမ္ဘာကြီးကို ထမ်းပိုးနိုင်အောင် ဖန်တီးခဲ့ရသလို ရေလိုပျော့ပျောင်းအောင်လည်း ဖန်တီးခဲ့တယ်။ ဝမ်းနည်းမှု၊ နာကျင်မှု၊ သားသမီးတွေရဲ့ငြင်းပယ်မှုတွေကိုလည်း ခံနိုင်ရည်ရှိအောင် သူတို့ရဲ့ အတွင်းစိတ်ဓာတ်ကိုလည်း ကြံ့ခိုင်အောင် ဖန်တီးခဲ့တယ်"

"တခြားလူတွေ လက်လွတ်အရှုံးပေးတဲ့အချိန်မှာ သူတို့က မလျှော့တဲ့ဇွဲနဲ့ တောင့်ခံနိုင်ပြီး ကိုယ့်သားသမီး ကိုယ့်မိသားစုအပေါ် နောင်တတရားမရဘဲ ပြုစုစောင့်ရှောက်ပေးနိုင်ဖို့လည်း ဖန်တီးခဲ့တယ်"

"ဘယ်လို အခြေအနေမျိုးပဲဖြစ်ဖြစ် သားသမီးတွေက ကိုယ့်ကို ထိခိုက်စော်ကားပြီး စွန့်ပစ်ခဲ့ရင်တောင် ခွင့်လွှတ်ပြီး ချစ်တတ်ဖို့လည်း ဖန်တီးခဲ့တယ်"

"ခင်ပွန်းရဲ့ပျော့ကွက်နဲ့ အသုံးမဝင်မှုတွေကို ခွင့်လွှတ်သည်းခံပြီး ကာကွယ်ပေးတတ်ဖို့လည်း ဖန်တီးခဲ့တယ်"

"ယောက်ျားကောင်းတစ်ဦးဟာ ဘယ်တော့မှ ကိုယ့်ဇနီးကိုနာကျင်အောင် မလုပ်ဘူး ဆိုတဲ့ အသိဉာဏ်ကိုလည်း ထည့်သွင်းပေးခဲ့တယ်"

"တစ်ခါတစ်လေမှာ ခင်ပွန်းသည်ရဲ့ဆုံးဖြတ်ချက်နဲ့ ခိုင်မာတဲ့စိတ်ဓာတ်ကို ထောက်ခံအားပေးတတ်ဖို့လည်း ဖန်တီးခဲ့တယ်"

"နောက်ဆုံးမှာ သူ အလိုကျသလောက် မျက်ရည်ကျနိုင်အောင်လည်း ဖန်တီးခဲ့တယ်။ ဒါဟာ သူပိုင်ဆိုင်တဲ့ တစ်ခုတည်းသော အရာဖြစ်တယ်"

"မိန်းကလေးတွေ လှတယ်ဆိုတာ သူဝတ်ထားတဲ့ အဝတ်အစား၊ သူ့ရဲ့ခန္ဓာကိုယ်အချိုးအစားနဲ့ သူ့ရဲ့ဖြီးလိမ်းပြင်ဆင်မှုကြောင့် မဟုတ်ဘူး။ မိန်းကလေးတွေရဲ့အလှကို သူတို့ရဲ့ မျက်စိထဲကနေ တွေ့နိုင်တယ်။ မျက်စိဆိုတာ စိတ်ရဲ့တံခါးပေါက်ပဲ"

ဒီစာကို မိန်းကလေးတိုင်း ဖတ်နိုင်ပါစေ။ မိန်းကလေးတိုင်းကို ပေးဖတ်လိုက်ပါ။ မိန်းကလေးတိုင်းဖတ်ရအောင် သင်မျှဝေနိုင်ခဲ့ရင် သင်ဟာ သူတို့ရဲ့စိတ်ဓာတ်နဲ့ ယုံကြည်မှုကို မြှင့်တင်ပေးလိုက်တာနဲ့ အတူတူပါပဲ။ မိန်းမသားတိုင်း လှကြပါတယ်။

အင်တာနက်ပေါ်မှာဖတ်မိတဲ့
စာတစ်ပုဒ်အား ခံစားရေးဖွဲ့သည်။



# လျစ်လျူရှုလို့မရ

ချစ်ခြင်းမေတ္တာ၊ ပြည့်ဝတဲ့ စိတ်သဘောထားတွေကို ခဏသာ
ပျောက်ဆုံးလို့ရပေမဲ့ မေ့ထားလို့တော့ မရဘူး။ မမေ့ဘူးလို့ ထင်ထားပေမဲ့လည်း
အဲဒီအရာတွေကို တစ်ခါတစ်ရံမှာ ကျွန်မတို့ လျစ်လျူရှုထားမိတတ်တယ်။

ကျောင်းနောက်ဆုံးပါဆိုသလို အိမ်ထောင်ကျတဲ့သမီး လင်ယောကျ်ားနောက် လိုက်ဖို့ ပစ္စည်းတွေ သိမ်းနေခဲ့တယ်။ အဝတ်အစား သုံးသေတ္တာ၊ အလှပြင်ပစ္စည်း တစ်သေတ္တာ၊ အရုပ်လေးရုပ်နဲ့ ခေါင်းအုံးနှစ်လုံးအပြင် သူ့အခန်းထဲက အသေးစားတီဗီတစ်လုံးကိုပါ ယူသွားခဲ့တယ်။

သမီးကိုလိုက်ပို့မယ့်အမေက တီဗီကိုမြင်တော့ မအောင့်နိုင်ဘဲ ငိုမိတယ်။ တီဗီကို ကပျာကယာချပြီး အမေကို သမီးနှစ်သိမ့်တော့ "တီဗီကိုမြင်ရင် မေမေ ဝမ်းနည်းလို့ပါ" လို့ အမေက ဆိုတယ်။

"တီဗီ ဒီတီဗီက သမီးကိုယ်တိုင် ဝယ်ထားတာလေ" လို့ သမီးက နားမလည်စွာပြော တော့ -

"အင်း မေမေ သိပါတယ်။ တီဗီကိုမြင်လို့ မေမေ မျက်ရည်ကျမိတာပါ။ တီဗီကို သမီး ယူသွားလို့ မျက်ရည်ကျတာ မဟုတ်ပါဘူး"

"သမီးငယ်ငယ်တုန်းက မေမေတို့ဆင်းရဲလို့ တီဗီမဝယ်နိုင်ခဲ့ဘူး။ မေမေတို့ မိသားစုတွေအားလုံး ညေ့ခန်းမှာထိုင်ပြီး တွေ့ရောလေးပါး ပြောခဲ့ကြတယ်။ တီဗီလေးတစ်လုံး ဝယ်နိုင်တဲ့အခါကျတော့လည်း မိသားစုတွေအားလုံး ဧည့်ခန်းမှာစုပြုံပြီး တီဗီ တိုးကြည့်ခဲ့တယ်။ ဖာတ်လမ်းတွေ ကြည့်နေပေမဲ့ ကြော်ငြာလာရင် အားလုံးက တောင်ပြောမြောက်ပြော ပြောကြပြန်ရော။ နောက်တော့ သမီးတို့တစ်တွေ တဖြည်းဖြည်း ကြီးပြင်းခဲ့ကြတယ်။ ဝင်ငွေလေးရှိလာတော့ ကိုယ်ပိုင်တီဗီတွေ ဝယ်လာကြတယ်။

ထမင်းစားပြီးတာနဲ့ ကိုယ့်အခန်းထဲဝင်ပြီး ကိုယ်ကြိုက်တဲ့ အစီအစဉ်ကို ကြည့်ကြတယ်။ ဒါပေမဲ့ သမီးတို့ကို ခန်းစီးကျော်ပြီး မေမေ မြင်နိုင်ခဲ့သေးတယ်။

"သမီးတို့ဖေဖေလည်း ကာရာအိုကေစွဲသွားပြီးနောက် ကာရာအိုကေဆိုင်ပဲ ရောက်နေတယ်။ ခု သမီးတို့ အိမ်ထောင်ကိုယ်စီကျပြီး အိမ်ပြောင်းကြတော့ မေမေထိုးပေးတဲ့ ဆွယ်တာကို ဘီရိုထဲမှာပဲ ထားခဲ့တယ်။ မေမေကိုယ်တိုင်ဆွဲပေးတဲ့ ပန်းချီကားကို နံရံမှာ ဒီအတိုင်းထားခဲ့ကြသည်၊ တီဗီကိုယူသွားဖို့ကျတော့ သမီးတို့ မမေ့ခဲ့ဘူးနော်"

အမေ့စကားကြောင့် သမီး ဘာပြောရမှန်း မသိတော့ဘူး။ အမေ့ကိုပဲ တင်းတင်းလေး ဖက်ထားမိတော့တယ်။

လူ့ဘဝမှာအမျိုးမျိုးသော အခက်အခဲတွေကိုကြုံတွေ့ရတတ်တယ်။ အခက်အခဲတွေကြားမှာ အားပေးမှုတွေကလည်း မပြတ်ပေါ်လာတတ်တယ်။

ချစ်ခြင်းမေတ္တာ၊ ပြည့်ဝတဲ့ စိတ်သဘောထားတွေကို ခဏသာ ပျောက်ဆုံးလို့ ရပေမဲ့ မေ့ထားလို့တော့ မရဘူး။ မမေ့ဘူးလို့ ထင်ထားပေမဲ့လည်း အဲဒီအရာတွေကို တစ်ခါတစ်ရံမှာ ကျွန်မတို့ လျစ်လျူရှုထားမိတတ်တယ်။

# ချစ်သမီးအတွက် ပေးစာ

မင်္ဂလာထူးခွေတ်ထဲမှာ 'သတိရတမ်းတခြင်း' နဲ့ 'အနုပညာ' တွေအပြင် အခြားထည့်စရာ ပစ္စည်းတွေ အများကြီးရှိသေးတယ်ထမီး။

သမီးငယ်

သမီး မင်္ဂလာဆောင်တော့မယ်ဆိုတဲ့ သတင်းကြားတော့ သမီးအတွက် မေမေတို့ ဝမ်းသာကြတယ်။ မိုင်ပေါင်းထောင်သောင်း ဝေးနေလို့ သမီး မင်္ဂလာပွဲကို မေမေတို့အရောက် မလာနိုင်ခဲ့ဘူး။ မင်္ဂလာပွဲမှာ ဆုံးမဩဝါဒတွေ မပေးနိုင်ခဲ့ပါဘူး။ ဒါကို မေမေတို့ စိတ်မကောင်း ဖြစ်မိကြတယ်။ သမီးက မေမေတို့ရဲ့သမီးပဲ။ မေမေတို့ ခံစားရတာတွေကို သမီးနားလည်မယ်လို့ မျှော်လင့်ပါတယ်။

ဟိုတစ်နေ့က သမီးနဲ့ ဖုန်းပြောပြီးနောက် သမီးဖေဖေနဲ့ မေမေတို့ ကောလောက် တိတ် ဆိတ်သွားကြတယ်။ ကြော် ငါတို့သမီးလေးတောင် ဒီလောက်ကြီးပြင်းခဲ့ပြီလို့။

သမီးဖေဖေက မှန်ရှေ့မှာရပ်ပြီး "ကြည့်စမ်း၊ ငါ့ခေါင်းပေါ်က ဆံပင်ဖြူတွေတောင် ဒီလောက်များနေပြီ သမီးလည်း အိမ်ထောင်ပြုဖို့ အရွယ်ရောက်ပြီပေါ့" တဲ့။ သမီးဖေဖေ ခေါင်း ပေါ်က ဆံပင်ဖြူတွေက မေမေတို့ ဖြတ်သန်းခဲ့တဲ့ အတိတ်တွေကို ဖော်ညွှန်းနေသလိုပါပဲ သမီး။

ခေါင်းထဲပေါ်လာတဲ့အတိတ်က ပုံရိပ်တွေကို သမီးဖေဖေက တစ်ခုပြီးတစ်ခု ထုတ်ပြ နေတယ်။ ကဲ သမီးဆီ စာတစ်စောင် ရေးလိုက်ဦး ဆိုလို့ ဒီစာကို မေမေ ရေးဖြစ်လိုက်တယ်။ သမီး သမီးအတွက် ဖေဖေမေမေတို့ရဲ့ မင်္ဂလာလက်ဖွဲ့လို့ -

"သမီးရေ မေမေတို့က ကမ္ဘာပေါ်မှာရှိသမျှ မိဘတွေလိုပဲ သာမန်မိဘတွေပါ။ သမီးဟာလည်း သာမန်သားသမီးတွေထဲ သာမန်သမီးလေး တစ်ယောက်ပါပဲ။ ဒါကြောင့် မေမေတို့ အများကြီးမတောင်းဆိုဘူး။ သမီးလျှောက်လှမ်းမယ့် မင်္ဂလာလမ်းဟာ ပျော်ရွှင်ခြင်း၊ သာယာခြင်းတွေနဲ့ ပြည့်နေပြီး ခရီးဆုံးတိုင် လျှောက်လှမ်းနိုင်ဖို့ပဲ မေမေတို့ မျှော်လင့်တယ်။ အဲဒီလို သာယာမယ့်လမ်းအတွက် မေမေတို့ တွေ့ကြုံခဲ့တာလေးကို မျှဝေချင်ပါတယ် သမီး"

ပထမဦးဆုံး သမီးကိုပြောချင်တာက "အိမ်" ဆိုတာ သင့်တင့်လျော်ကန်တဲ့နေရာ မဟုတ်သလို အလွယ်တကူ ဖြစ်လာတာလည်း မဟုတ်ဘူး။ သင့်တင့်လျော်ကန်တဲ့နေရာ မဟုတ်ဘူးလို့ပြောတာ အဓိပ္ပာယ်မရှိပေမဲ့ လုံးဝမှန်တယ်သမီး။ အိမ်ဆိုတာ လင်မယားနှစ်ယောက်၊ မိသားစုဝင်တွေက (မေမေတို့ အပါအဝင်) အချိန်ကာလ၊ အချစ်အမုန်း၊ အတင်းအဖျင်း၊ အမှားအမှန်၊ အချိုအခါးစတာတွေ သပွတ်အူလို ရှုပ်ထွေးပွေလီတဲ့ ပြဿနာပေါင်းစုံထဲကနေ နောက်ဆုံးရလာတဲ့ ရလာဒ်တစ်ခုပဲ ဖြစ်တယ်။

လင်မယားနှစ်ယောက် စပြီး အရေးအတင်ဖြစ်ပြီဆိုရင် အိမ်ကို အရိပ်မည်းတွေ လွှမ်းမိုးစပြုလာပြီ သမီး အတ္တကိုယ်စီနဲ့ သူမှန်တယ်၊ ငါမှန်တယ်လို့ငြင်းခုန်နေကြရင် နောက်ဆုံးမှာ နှစ်ဦးနှစ်ဖက် ထိခိုက်ကြရတယ်။ လင်မယားတချို့က အတ္တ၊ ခေါင်းမာတာတစ်ခုတည်းနဲ့ အချစ်မဲ့ကုန်ကြတယ်။ "အိမ်" ဆိုတာကိုသူတို့နားမလည်ကြဘူး။ ဒါဆိုရင် "အိမ်" ဆိုတာ ဘာလဲ။

သမီးငယ် မေမေတို့ငယ်ရွယ်စဉ်က ဒီမေးခွန်းကို မဖြေတတ်ခဲ့ကြဘူး။ အခြား လင်မယားတွေလိုပဲ ကိစ္စအသေးအမွှားလေးနဲ့ ဖေဖေမေမေတို့ ငြင်းခုံတတ်ကြတယ်။ တစ်ခါက သမီးဦးလေးရဲ့ ကိစ္စတစ်ခုကြောင့် ဖေဖေနဲ့မေမေ ရန်ဖြစ်ကြတာ ကွာရှင်းဖို့အထိ ဖြစ်ခဲ့သေးတယ်။ အဲဒီခေတ်အချိန်အခါမှာ ကွာရှင်းဖို့ မေမေတို့ သတ္တိမရှိခဲ့ကြလို့ မကွာရှင်းဖြစ်ခဲ့ကြဘူး။

တစ်နေ့မှာ မိတ်ဆွေတစ်ဦး သားမင်္ဂလာဆောင်မှာ "အိုအောင်မင်းအောင် ပေါင်းရပါစေ၊ အမြဲ ချစ်နိုင်ကြပါစေ" ဆိုတဲ့ ဆုတောင်းစကား တိုတိုလေးက မေမေ့ရင်ထဲ ဝင်ဆောင့်ခဲ့တယ်။ မှန်ပါတယ် အိမ်ဆိုတာ မေတ္တာစကား၊ ချစ်ခြင်းစကားတွေသာ ပြောဖို့ သင့်တင့်တဲ့နေရာပါ။

ခဏလေးချစ်ဖို့ လွယ်ကူပေမယ့် တစ်သက်၊ တစ်ဘဝချစ်နိုင်ဖို့ဆိုတာ မလွယ်ကူဘူးသမီး။ တစ်သက်၊ တစ်ဘဝဆိုတဲ့ အချစ်ထဲမှာ နားလည်ခြင်း၊ ခွင့်လွှတ်ခြင်း၊ သည်းခံခြင်း၊ ကြင်နာခြင်းတွေ ရှိရတယ်။

နောက်ဆုံးအနေနဲ့ပြောရရင် အိမ်ထောင်ဆိုတာ ဘူးအလွတ်တစ်လုံးနဲ့ တူတယ်သမီး၊ အဲဒီဘူးလွတ်ထဲကို ပစ္စည်းတွေဖြည့်ပေးမှ ကိုယ်လိုချင်တဲ့ပစ္စည်းကို ပြန်ထုတ်ယူနိုင်မှာဖြစ်တယ်။ များများထည့်လေ များများပြန်ရလေပဲ သမီး။

လူအများက မင်္ဂလာဆောင်တဲ့အချိန်မှာ အဲဒီမင်္ဂလာထဲမှာ မျှော်လင့်ချက်တွေ ထည့်ထားတတ်ကြတယ်။ မင်္ဂလာထဲကနေ ပစ္စည်းဥစ္စာ၊ ချစ်ခြင်းမေတ္တာ၊ တည်ငြိမ်ခြင်း၊ ပျော်ရွှင်ခြင်း၊

ကျန်းမာခြင်း၊ ခွင့်လွှတ်ခြင်းတွေ မျှော်လင့်ကြတယ်။ ဖေဖေ အထက်က ပြောခဲ့သလို မင်္ဂလာဆောင်စမှာ အိမ်ထောင်ပြုစမှာ ကိုယ်က ဘူးအလွတ်တစ်လုံးပဲ ပိုင်ဆိုင်ထားတယ်။ အဲဒီဘူးထဲကို ကိုယ်မျှော်လင့်တဲ့ပစ္စည်းတွေ ဖြည့်ထည့်ပေးရတယ်။ ချစ်ခြင်းတွေ၊ ဖေးမအားပေးတာတွေ ထည့်မှ ဘူးက တစ်နေ့တခြား ပြည့်လာမှာဖြစ်တယ်။

ဘူးအလွတ်ထဲ "သတိရတမ်းတခြင်း" တွေ အရင်ထည့်သင့်တယ်သမီး တွေ့ရဲ့၊ ချစ်စအချိန်ကနေ အိမ်ထောင်ပြုတဲ့အထိ နှစ်ယောက်အတူ ဖြတ်သန်းခဲ့ကြတဲ့ သတိရခြင်း၊ တမ်းတခြင်းတွေက အရိုးထဲအထိ စွဲဝင်နေခဲ့လို့ပဲ သမီး။ သတိရတမ်းတခြင်းက စိတ်ညစ်အားငယ်နေတဲ့အချိန် အိမ်အရောက် ဖောက်ထားတဲ့ လမ်းငယ်လေးတစ်ခုဖြစ်သလို ချမ်းအေးတဲ့ ဆောင်းညမှာ အနွေးဓာတ်ပေးတဲ့ မီးလင်းဖိုလည်းဖြစ်တယ်။ ပင်ပင်ပန်းပန်းနဲ့ အပြင်က ပြန်လာသူအတွက် အိမ်တံခါးအဖွင့်မှာ အမွှေးနံ့သာကိုလည်း ပေးနိုင်စွမ်းတယ်။

ဘူးအလွတ်ထဲ နောက်ထပ် ထည့်ရမှာက "အနုပညာ"။ အိမ်ထောင်ဘဝရဲ့ အနုပညာဖြစ်တယ်။

အိမ်ထောင်မှာလည်း အနုပညာရှိတယ်။

စိတ်ဆိုးတဲ့အနုပညာ၊ ရန်ဖြစ်တဲ့အနုပညာ စတာတွေဖြစ်တယ်။

တစ်ခါက သားသမီးငါးယောက်ရှိတဲ့ လင်မယားနှစ်ယောက် သားသမီးကိစ္စ အသေးအမွှားနဲ့ ရန်ဖြစ်ကြတယ်။ ရန်ကဖြစ်လေ ကြီးလေ နောက်ဆုံး ထိန်းမနိုင်သိမ်းမနိုင်ဖြစ်တဲ့အချိန် မယားက ရုတ်တရက် "ခဏနေဦး" ငါ ကလေးသွားမွေးဦးမယ်" လို့ ပြောတယ်။ ဒါဟာ ရန်ဖြစ်တဲ့ အနုပညာပဲသမီး"

မင်္ဂလာဘူးလွတ်ထဲမှာ "သတိရတမ်းတခြင်း" နဲ့ "အနုပညာ" တွေအပြင် အခြားထည့်စရာ ပစ္စည်းတွေ အများကြီးရှိသေးတယ်သမီး။ သမီးတို့နှစ်ယောက်အတူ ပြည့်အောင် ဖြည့်ကြပါနော်။

နောက်ဆုံးအနေနဲ့ စာရေးဆရာတစ်ဦးရဲ့ စကားတစ်ခွန်းကို လက်ဆောင်ပါးလိုက်ပါတယ် သမီး။

"သားသမီးတွေကို မိဘတွေက ကျွေးမွေးခဲ့တယ်။ ပြုစုပျိုးထောင်ခဲ့တယ်။ မိဘတွေရဲ့ တာဝန်ကို အတတ်နိုင်ဆုံး ကျေပွန်ခဲ့တယ်။ နောက်ဆုံး သူတို့အတွက် အကောင်းဆုံး လက်ဆောင်ကို ပေးလိုက်ပါ။ အဲဒါကတော့ အတောင်ပံတစ်စုံပဲ ဖြစ်တယ်"

သမီးငယ် ဒီစာဟာ သမီးအတွက် ဖေဖေမေမေတို့ရဲ့ မင်္ဂလာလက်ဖွဲ့ပါ။ ဖေဖေမေမေတို့ရဲ့ ဆုတောင်းဆုနဲ့ အတူ သမီး ပျော်ရွှင်စွာ ပျော်ရွှင်သာယာ ပျိုသန်းနိုင်ပါစေ။

ချစ်တဲ့

ဖေဖေနဲ့ မေမေ

မူရင်း.... http://www.bw001.net/novels

# အမေ့အမြော်အမြင်

**ကျွန်တော်တို့က အမေ့ရဲ့ဘဝကို ပျော်ပျော်ရွှင်ရွှင်ဖြတ်သန်းတဲ့ ဉာဏ်အမြော်အမြင်ကို ကြိုးစားသင်ယူနေဆဲပါပဲ။**

ကျွန်တော့်အမေက သာမန်ကျေးလက်ရွာသူ တစ်ဦးပါ။ အမေ ကျောင်းမနေဖူးဘူး။ ဒါပေမဲ့ ကိုယ်တိုင်သင်တဲ့အတတ်နဲ့ ဘုရားကျမ်းစာတွေကို အမေဖတ်နိုင်တယ်။ အမေ အပြင်ထွက်ပြီး အလုပ်မလုပ်ဖူးဘူး။ ဒါပေမဲ့ လူတွေနဲ့ ဘယ်လိုပေါင်းသင်း ဆက်ဆံရမလဲဆိုတာ အမေသိတယ်။ လယ်သမားမိသားစုက ကြီးပြင်းလာခဲ့တဲ့အမေ အဖေနဲ့ယူပြီးနောက် ပင်ပင်ပန်းပန်း အလုပ်လုပ်ရတုန်းပဲ။ အိမ်အလုပ်၊ မြဲအလုပ်တွေ လုပ်တဲ့အပြင် ကလေးခြောက်ယောက်ကိုလည်း ထိန်းရသေးတယ်။

ကလေးတွေကို သွန်သင်ရာမှာ အမေက ရထားတွဲနည်းကို အသုံးပြုခဲ့တယ်။ သားအကြီးကို ခေါင်းတွဲလုပ်ခိုင်းပြီး တစ်ယောက်နောက်တစ်ယောက် ဆက်စေပြီး ညီညွတ်စေခဲ့တယ်။

အသက် (၈၅)နှစ်ရှိပြီဖြစ်တဲ့ အမေက ကျန်းကျန်းမာမာပဲ။ အကြားအာရုံမှာလည်း ကောင်းနေသေးတယ်။ အမေက ကိုယ်တိုင်ဈေးသွားရတာကို ကြိုက်တယ်။ ဘုရားကျောင်းတက်ရတာကိုကြိုက်တယ်။ နေ့တိုင်း လေ့ကျင့်ခန်းလုပ်တယ်။ ဘဝမှာ ပျော်ပျော်နေသလို ဘဝကို ဘယ်လိုရင်ဆိုင်ရမယ်ဆိုတဲ့ အသိဉာဏ်တွေလည်း ရှိတယ်။ အမေ့ဆီက အဖိုးတန်ပညာတွေကို ကျွန်တော် တော်တော်များများ သင်ယူနိုင်ခဲ့သည်။

သားသမီးတွေကို ဆုံးမရာမှာ အမေက ဘဝနဲ့လက်တွေ့ကျကျ ဆုံးမတယ်။ ကျွန်

တော်က အကြီးဆုံးသားဆိုတော့ အမေတို့က ပိုမျှော်လင့်ခဲ့သလို ကျွန်တော်ကလည်း ပိုကြိုးစား ခဲ့ရတယ်။ အမေက ကျွန်တော့်ရဲ့ နည်းပြတစ်ယောက်လိုပဲ အခြေခံ ဆုံးမမှုတွေထဲမှာ မေတ္တာ၊ အကြင်နာတွေနဲ့ ဂရုစိုက်မှုတွေပါအောင် လေ့ကျင့်စေခဲ့ပြီး မောင်နှမတွေကို တစ်ပါထဲပါအောင် ဆွဲခေါ်စေခဲ့တယ်။ အမေသွန်သင်တဲ့ ဥပမာအချို့ကို ပြောရမယ်ဆိုရင်။

## (၁)ကြိုးစားရင်ရပြီ

ကျွန်တော်ကျောင်းတက်စက ဆရာမတွေပြောတဲ့စကားကို သိပ်နားမလည်ဘူး။ တစ်ခါက ကျွန်တော့်ကို ပစ္စည်းတစ်ခု ရှုံးခန်းသွားပို့ခိုင်းတယ်။ ကျွန်တော်ပို့ပြီးတော့ ဆရာမက "ကောင်းပြီ သွားလို့ရပြီ" ဆိုလို့ ကျွန်တော်က ဆရာမ ဆုချမယ်အထင်နဲ့ အပျော်ကြီးပျော်ပြီး အတန်းထဲရောက်တော့ စာအုပ်တွေသိမ်းပြီး အိမ်ပြန်ခဲ့တယ်။ အိမ်ရောက်တော့ အမေရိုက်တာ ခံရတဲ့အပြင် နောက်တစ်ရက်ကျောင်းရောက်တော့ ဆရာမ အပြစ်ပေးတာကို ခံလိုက်ရတယ်။

အဲဒီလို နားလည်မှုလွဲတာတွေ မကြာခဏ ကြုံခဲ့ရတယ်။ အတန်းထဲမှာ ကျွန်တော့်ရဲ့ အဆင့်ကဘိတ်ဆုံးပဲ။ သိတဲ့အတိုင်း ကျေးရွာမှာနေတဲ့ အမေတွေက ဈောင်းဘေးမြောင်း ဘေး ရေချိုးရေခပ်တာပဲဖြစ်ဖြစ်၊ လယ်ထဲခြံထဲ အလုပ်လုပ်ရင်းဖြစ်ဖြစ် စကားစပ်မိရင် သားသမီး တွေအကြောင်း ပြောတတ်ကြတယ်၊ ဘယ်အိမ်က ဘယ်သူ့သားသမီးက အတန်းထဲမှာ အဆင့်တစ်ရတဲ့အကြောင်း၊ ဘယ်သူ့သားသမီးကဖြင့် အမှတ်ကောင်းတဲ့အကြောင်း၊ ကျွန် တော်အကြောက်ဆုံးက ကျွန်တော့်အလှည့် ရောက်မယ့်နေ့ပဲ။ ဒါပေမဲ့ အဲဒီနေ့ကို ဘယ်လိုမျှ ရှောင်လို့မရခဲ့ဘူး။ အမေနဲ့အတူ ကျွန်တော် ရှိနေခဲ့တယ်။

"နင့်သားက အတန်းထဲမှာ အဆင့်ဘယ်လောက်လဲ"

"အဆင့်ဘယ်လောက်ရလဲ အမှတ်ဘယ်လောက်ရလဲဆိုတာ အရေးမကြီးပါဘူး။ အရေးကြီးတာက ကလေးတွေရဲ့ကြိုးစားဖို့ပဲ"

ကျွန်တော့်ရဲ့ အားနည်းချက်ကို အမေက ထိန်းပေးခဲ့တယ်။ ကျွန်တော် အတန်းတွေ ကြီးလာမှ ယုံကြည်မှုတွေ ခွန်အားတွေနဲ့ အဲဒီအားနည်းချက်တွေကို ပြန်ဖြည့်နိုင်ခဲ့တယ်။

"ကြိုးစားဖို့ပဲလိုတယ်။ ယှဉ်ပြိုင်ဖို့ မလိုဘူး။ လူလူချင်းယှဉ်ရင် အဲဒီယှဉ်ပြိုင်မှုတွေက ကိုယ့်ကို သတ်သွားနိုင်တယ်"

အဲဒီလို ကျွန်တော့်ကို အမေ အမြဲဆိုဆုံးမခဲ့တယ်။ ဒီလို ဆုံးမမှုတွေက ကျွန်တော့်ကို တည်ငြိမ်တဲ့ဘဝတွေ ပေးခဲ့တယ်။ ကြိုးစားသင်ယူခြင်းဆိုတဲ့ အကျင့်ကို ကျွန်တော် ရလိုက်တယ်။

## (၂) လူလျှောက်မှ လမ်းဆိုတာဖြစ်လာတယ်

ကျွန်တော်ငယ်ငယ်က အရမ်းဆင်းရဲတယ်။ ဆန်အိုးထဲမှာ အမြဲဆန်ပြတ်တယ်။ ငါးကီလိုမီတာဝေးတဲ့ ဦးလေးဆီမှာ ကျွန်တော် ဆန်အမြဲသွားချေးရတယ်။ လမ်းမှာတွေ့တဲ့ ချောက်ကမ်းပါးတွေရဲ့ အန္တရာယ်ကို ကျွန်တော် တဖြည်းဖြည်း သိလာခဲ့ရတယ်။ အလယ်တန်းပြီးတာနဲ့ ကျောင်းထွက်ပြီး အသက်မွေးဖို့ ပညာတစ်ခုခုကိုသင်ယူဖို့ ကျွန်တော် ဆုံးဖြတ်လိုက်တယ်။

ကျွန်တော့်အတန်းပိုင်ဆရာက "တစ်ယောက်အောင်ရင် ဆရာတို့က တစ်ယောက်အတွက် ဝမ်းသာဂုဏ်ယူတယ်။ မင်းကြိုးစားမှုနဲ့ အောင်နိုင်တယ်။ ဆရာ စာရင်းသွင်းပေးမယ်၊ အဆင့်တစ်ခုယူပြီး ဆရာကို ဝမ်းသာအောင် လုပ်စမ်းပါ"

ဆရာသာ ကျွန်တော့်ကို ဂရုမစိုက်ခဲ့ရင်၊ ကျွန်တော့်အတွက် ကျောင်းလခမစိုက်ပေးရင် ကျွန်တော် အလယ်တန်းတောင် ပြီးခဲ့မှာမဟုတ်ဘူး။ ဆရာ ဝမ်းသာစေဖို့ ကျွန်တော် ပိုကြိုးစားခဲ့တယ်။ အမှတ်ကောင်းကောင်းနဲ့ ကျွန်တော် အောင်ခဲ့တယ်။ ဆရာက ကျောင်းအပ်ဖို့ ပိုက်ဆံ ချေးပေးမယ်ပြောတော့ အမေ့ကို ကျွန်တော် ပြောပြလိုက်တယ်။

အမေက "ပိုက်ဆံကို တစ်ခါပဲချေးလို့ရမယ်။ ကျောင်းလခအတွက် သား အသီးတွေ လိုက်ရောင်း။ အဲဒါမှ တာရှည်ခံမှာ"

နောက်ရက်မှာ အမေက ကျွန်တော့်အတွက် မာလကာသီးနဲ့ ထမ်းပိုးတစ်ခု၊ ခြင်းတစ်လုံး ငှားလာခဲ့တယ်။ ကျွန်တော့်ကို ထမ်းရောင်းခိုင်းစေခဲ့တယ်။ ကျွန်တော့်မှာ အတွေ့အကြုံ မရှိတော့ ရောင်းရတာ တော်တော်ခက်ခဲခဲ့တယ်။

တစ်ညမှာ အမေက မီးအိမ်လေးထွန်းပြီး ကျွန်တော့်ကို "ဒီတစ်လှမ်းကို သားလှမ်းနိုင်ပြီဆိုရင် နောက်နောင် ဆင်းရဲခြင်းတွေက သားကို တွန်းလှန်နိုင်တော့မှာ မဟုတ်ဘူး။ လမ်းဆိုတာလူလျှောက်မှ ဖြစ်လာတာ"

ကျွန်တော်ဘာမှုပြန်မပြောတော့ အမေကဆက်ပြီး "သား သားရဲ့ခြေထောက်က ကြွက်သားတွေ သန်မာဖွံ့ဖြိုးမှ ရှည်လျားတဲ့ လူ့ဘဝခရီးလမ်းကို သားလျှောက်နိုင်မှာ အခု သားအရွယ်က ကြွက်သားတွေ သန်မာတဲ့အရွယ်။ မနက်ဖြန် သား အသီးတွေလိုက်ရောင်းရမယ်"

နောက်တစ်နေ့မှာ ကျွန်တော် ထမ်းပိုးကို မနိုင့်တနိုင်ထမ်းပြီး နေရာတကာလှည့်ပြီး အသီးကို ကုန်အောင်ရောင်းခဲ့တယ်၊ ရောင်းရငွေ ၅ ကျပ်ရခဲ့တယ်။ အဲဒီနေ့ကစပြီး ကျွန်တော် ခြေထောက်က ကြွက်သားတွေ ပိုသန်မာလာရုံမက ကျွန်တော် ရင်ပါကော့နိုင်ခဲ့တယ်၊

အဲဒီနောက် အသီးတွေကို လက်လီရောင်းရာက လက်ကားအထိ ရောင်းနိုင်ခဲ့တယ်။ လုပ်ငန်းတွေကို ပိုတိုးချဲ့နိုင်တယ်။ အဲဒီအချိန်ကစပြီး ဆင်းရဲခြင်းက ကျွန်တော့်ကို လာမနှောင့်ယှက်ခဲ့ဘူး။ အလုပ်လုပ်ရင်း ကျွန်တော် ကျောင်းတက်နိုင်ခဲ့တယ်။ အမေ့ရဲ့ အားပေးမှုနဲ့ တိုက်တွန်းမှုတွေကို ကျွန်တော် ကျေးဇူးတင်လို့ မဆုံးခဲ့ပါဘူး။

## (၃) ပျော်ပျော်နေ ပြောင်းပြန်မလုပ်နဲ့.

စိတ်ညစ်စရာကြုံတိုင်း အမေက ကျွန်တော့်ကို "ပျော်ပျော်နေစမ်းပါ မျက်နှာကြီး ဆူပုပ်မထားနဲ့" လို့ အမြဲပြောတတ်တယ်။

တစ်နှစ်မှာ လေပြင်းမုန်တိုင်းတိုက်လို့ ကျွန်တော်တို့ အိမ်နဲ့ခြံတွေ တော်တော်ပျက်စီးခဲ့ရတယ်။ စားစရာတွေ ပြတ်လတ်ခဲ့တယ်။ အမေက ကျွန်တော်တို့ကို ဦးဆောင်ပြီး ခြံဝန်းကိုရှင်းခဲ့တယ်။ ညအချိန် မိုးကာနဲ့လုပ်ထားတဲ့ ယာယီတဲလေးမှာ ကျွန်တော်တို့ တည်းခဲ့ရတောင် ကလေးတွေကို စနောက်တဲ့အမေ့ရယ်သံတွေက မစဲခဲ့ဘူး။

"သဘာဝ ဘေးအန္တရာယ်နဲ့ ဆင်းရဲခြင်းတွေကြောင့် အမေတို့ တော်တော် နစ်နာဆုံးရှုံးနေရပြီ။ ပျော်ပျော်မနေရင် အမေတို့ ပိုနစ်နာလိမ့်မယ်" အမေပြောတဲ့အဲဒီစကားကို ကျွန်တော် ဒီတစ်သက် မမေ့ခဲ့ဘူး။ ပျော်ပျော်နေတတ်တဲ့ အကျင့်စရိုက်တွေကို အမေ့ဆီကနေ ကျွန်တော် သင်ယူခဲ့တယ်။

အမေက စည်းစနစ်တွေကိုလိုက်နာဖို့ ဆန့်ကျင်ဘက် ပြောင်းပြန်တွေမလုပ်ဖို့ အမြဲပြောတယ်။ တစ်ခါက ဟင်းရွက်စိုက်ဖို့ စည်းရိုးခတ်တော့ ကျွန်တော် စမ်းကြည့်ချင်တာနဲ့ မြေကြီးထဲ လွယ်လွယ်ကူကူထိုးစိုက်လို့ရတဲ့ အဖျားနဲ့အရင်းကို ပြောင်းပြန်လုပ်ပြီး စိုက်လိုက်တယ်။

စည်းရိုးတွေကို ခြံဝင်းခတ်ပြီးတော့ အမေက စည်းရိုးပင်တွေ ပြောင်းပြန်စိုက်ထားတာတွေ့လို့အကုန်နှုတ်ပြီးကျွန်တော့်ကို ထပ်စိုက်စေခဲ့တယ်။ နောက်တော့အမေက စည်းရိုးပင်တွေကို အရင်းကနေစိုက်ရင် ထပ်ရှင်နိုင်သေးတယ်။ ဒါမှ စည်းရိုးတွေ တာရှည်ခံမယ်။ အဖျားကနေစိုက်ရင် ညှိုးပြီး သေကုန်လိမ့်မယ်လို့ ပြောတယ်။

"လူ့ဘဝမှာရော အလုပ်လုပ်တဲ့နေရာမှာရော ပြောင်းပြန်မလုပ်ရဘူး။ ဒါကို စည်းစနစ်လို့ခေါ်တယ်" စည်းစနစ်နဲ့လုပ်တတ်တဲ့ ကျွန်တော့်အကျင့်တွေက နားထဲဝင်အောင်ပြောခဲ့တဲ့ အမေ့စကားတွေပဲ ဖြစ်တယ်။

အမေ့ရဲ့မေတ္တာတွေက တစ်ခါတစ်ခါမှာ မိုးသက်လေပြင်းလို တစ်ခါတစ်ခါမှာ နေရောင်ခြည်လို စည်းစနစ်တွေနဲ့ ပျော်ရွှင်မှု၊ နွေးထွေးမှုတွေကို ပေးခဲ့တယ်။ အမေ သွန်သင်ဆုံးမခဲ့တဲ့ အရာတွေဟာ ကျွန်တော့်ဘဝနဲ့ ထပ်တူလက်တွေ့ကျနေတယ်။

အခုအချိန်အထိ ကျွန်တော်တို့ကို ကြုံရင်ကြုံသလို သွန်သင်နေတုန်းပဲ။ ကျွန်တော်တို့က အမေ့ရဲ့ဘဝကို ပျော်ပျော်ရွင်ဆိုင်တတ်တဲ့ ဉာဏ်အမြော်အမြင်ကို ကြိုးစားသင်ယူနေဆဲပါပဲ။

ထိုင်ဝမ်စာရေးဆရာ Zheng Shi Yan ၏ "အမေ့ရဲ့အမြော်အမြင်" အားဘာသာပြန် ခံစားသည်။



# အခြားအမျိုးသမီးတစ်ဦးနှင့် ချိန်းတွေ့သည်

အဲဒီအချိန်ကစပြီး 'ချစ်တယ်' ဆိုတဲ့စကားကို အချိန်မရွေးခင်ပြောဖို့ ကျွန်တော် အထိတရား ရလိုက်တယ်။ ကိုယ်ချစ်တဲ့သူတွေအတွက် အချိန်တွေပေးဖို့လိုကြောင်း ကျွန်တော် နားလည်လိုက်တယ်။

လက်ထပ်ပြီး ၂၁ နှစ်လွန်မြောက်လာမှ ချစ်ခြင်းဆိုတဲ့ပန်းတစ်ပွင့် အမြဲလတ်ဆတ် လန်းဆန်းစေတဲ့ နည်းတစ်နည်းကို ကျွန်တော် တွေ့ရှိခဲ့တယ်။ အဲဒီနည်းက ဘာပရိယာယ်မှ မပါတဲ့ ရိုးသားဖြူစင်တဲ့နည်း ဖြစ်တယ်။

မကြာသေးခင်က အခြားအမျိုးသမီးတစ်ဦးနဲ့ ကျွန်တော် ချိန်းတွေ့ခဲ့တယ်။ အဲဒီလို ချိန်းတွေ့ဖို့အကြံကို ကျွန်တော့်ဇနီးကပဲ ပေးခဲ့ပါတယ်။

"မောင် သူ့ကိုအရမ်းချစ်မှန်း ကျွန်မ သိပါတယ်"

ဇနီးစကားကိုကြားတော့ ကျွန်တော် အံ့ဩပြီး ချက်ချင်းပဲ "ခင့်ကို မောင်ချစ်တယ်လေ" လို့ပြန်ဖြေခဲ့တယ်။

"ကျွန်မသိတယ်မောင်။ ဒါပေမဲ့ သူ့ကိုလည်း မောင်ချစ်တယ် မဟုတ်လား"

ဇနီးက ကျွန်တော့်ကိုအမေနဲ့ ချိန်းတွေ့ခိုင်းစေတာဖြစ်တယ်။ အမေတစ်ယောက်တည်း နေလာတာ ၁၉ နှစ်ရှိခဲ့ပါပြီ။ ကျွန်တော်လည်း အလုပ်များတာကတစ်ကြောင်း ကလေးသုံးယောက်ရဲ့တာဝန်ကို ယူရတဲ့ ဖခင်ဖြစ်နေတာကတစ်ကြောင်း အမေနဲ့တွေ့ဖို့ဆိုရင် အချိန်ချိန်းတွဲခဲ့ရတယ်။

အဲဒီညက အမေ့ဆီ ကျွန်တော်ဖုန်းဆက်ပြီး ကျွန်တော်နဲ့ ညစာအတူစားဖို့၊ ရုပ်ရှင်ကြည့်ဖို့ ချိန်းဆိုလိုက်တယ်။

"ဘယ်လိုဖြစ်ရတာလဲသား။ နေကောင်းရဲ့လား"

ည ဖုန်းဆက်ပြီး ရုတ်တရက် အမေ့ကိုချိန်းဆိုခဲ့လို့ သား တစ်ခုခုများ ဖြစ်နေပလားလို့ အမေ တွေးထင်ခဲ့ပုံရတယ်။

"အမေနဲ့ နှစ်ယောက်တည်း ချိန်းတွေ့ခွင့်ရချင်လို့ပါ။ အရမ်း အဓိပ္ပာယ်ရှိမယ်လို့ ကျွန်တော်ထင်တယ် အမေ"

"အမေ လက်ခံပါတယ် သား" ခဏစဉ်းစားပြီး အမေ ပြန်ဖြေတယ်။

သောကြာနေ့ ရုံးဆင်းပြီးနောက် ကားမောင်းပြီး အမေ့ကို ကျွန်တော် သွားကြိုခဲ့တယ်။ ဒီလို ချိန်းဆိုမှုမျိုး ကျွန်တော် တစ်ခါမှ မပြည်းစမ်းခဲ့ဖူးလို့ ကားမောင်းနေတဲ့အချိန် ကျွန်တော့်ရင်တွေ တုန်လှုပ်နေမိတယ်။

အမေ့အိမ်ရောက်တဲ့အချိန် အမေလည်း ဒီချိန်းဆိုမှုကြောင့် စိတ်လှုပ်ရှားနေမယ်လို့ ကျွန်တော်ထင်တယ်။ တံခါးဝမှာ အမေရပ်နေတယ်။ အနွေးထည်ကို အမေဝတ်ထားတယ်။ အမေဝတ်ထားတဲ့ အထဲကအင်္ကျီက မင်္ဂလာနှစ်ပတ်လည်နေ့မှာ အမေ နောက်ဆုံးဝတ်ခဲ့တဲ့ အင်္ကျီဖြစ်တယ်။ ခေါင်းပေါ်က ဆံပင်တိုကိုအမေထပ်ကောက်ထားသေးတယ်။ အမေ့မျက်နှာက နတ်သမီးအလား ပြုံးရွှင်လို့နေတယ်။

ကားပေါ်ရောက်တော့ အမေက အားရနစ်လိုစွာနဲ့ "အမေ့သူငယ်ချင်းတွေကို ဒီနေ့ သားနဲ့ အမေ ချိန်းတွေ့မယ်လို့ ပြောပြတော့ သူတို့က အမေ့ကို အားကျကြတယ်။ အမေတို့ ဘယ်လိုချိန်းတွေ့ခဲ့ကြတယ်ဆိုတာကို သူတို့ စောင့်မျှော် နားထောင်နေကြမယ်တဲ့"

အကောင်းဆုံးမဟုတ်ပေမဲ့ သပ်ရပ်ပြီး သက်တောင့်သက်သာရှိတဲ့ စားသောက်ဆိုင် တစ်ဆိုင်ထဲ ကျွန်တော်တို့ ရောက်သွားခဲ့တယ်။ အမေက ကျွန်တော့်လက်မောင်းကိုချိတ်လို့ ကတော်တစ်ယောက်နဲ့ တူနေခဲ့တယ်။ ထိုင်ခုံမှာ နေရာယူပြီးနောက် အမေ့အတွက် ကျွန်တော် ကပဲ အစားအစာတွေ မှာပေးခဲ့ရတယ်။ အမေ့ရဲ့မျက်လုံးက လက်ရေးကြီးတွေကိုပဲ မြင်နိုင်လောက်အောင် မှုံနေခဲ့ပါပြီ။

အစာစားရင်း တစ်ဝက်အရောက် ကျွန်တော် ခေါင်းမော့ကြည့်လိုက်တယ်။ ကျွန်တော့်ကို ကြည့်နေတဲ့ အမေ့မျက်လုံးနဲ့ သွားဆုံတယ်။

"သားငယ်ငယ်တုန်းက အမေပဲ သားအတွက် အစာမှာပေးရတယ်"

အတိတ်ကို အောက်မေ့လွမ်းဆွတ်တဲ့အပြုံးနဲ့ အမေက ပြောတယ်။

"အခုတော့အမေအနားယူလို့ရပြီ။အမေ့ကိုပြုစုဖို့ကျွန်တော့်အလှည့်ရောက်ပြီလေ"

အစာစားရင်း ကျွန်တော်တို့ စကားတွေ ပြောဖြစ်ကြတယ်။ စကားတွေက အမေ့ရော်ထဲမှာ နစ်မွန်းနေခဲ့တယ်။ ဒီနှစ်တွေအတောအတွင်း ဘဝကိုယ်စီမှာ ဖြစ်ပျက်ခဲ့သမျှကို ဖလှယ်ကြတယ်။ ကျွန်တော်တို့ စကားတွေ အများကြီး ပြောခဲ့ကြလို့ ရုပ်ရှင်ကြည့်ဖို့ နောက်ကျသွားခဲ့ရတယ်။

ညစာပြီးလို့ အမေ့ကို အိမ်ပြန်ပို့တော့ အမေက တံခါးဝမှာရပ်ရင်း "သားနဲ့ နောက်တစ်ကြိမ် ချိန်းတွေ့ချင်သေးတယ်။ ဒီတစ်ခေါက်ကျရင် အမေရှင်းမယ်နော်" လို့ပြောတော့ ကျွန်တော် ခေါင်းညိတ်ပြလိုက်တယ်။

အမေ့ကိုပို့ပြီး အိမ်ပြန်ရောက်တော့ ဇနီးက ဆီးကြိုမေးတယ်။

"ညနေစာချိန်းပွဲလေး ဘယ်လိုလဲ"

"အရမ်း အဓိပ္ပာယ်ပြည့်စုံတဲ့ ချိန်းပွဲလေးပေါ့။ ထင်ထားတာထက်တောင် ပို အဓိပ္ပာယ်ရှိနေခဲ့တယ်"

အမေနဲ့ချိန်းတွေ့ပြီး ရက်အနည်းငယ်နောက်ပိုင်း နှလုံးရောဂါကြောင့် အမေ ရုတ်တရက် သေဆုံးသွားခဲ့တယ်။ ထင်မှတ်မထားတဲ့ ရုတ်တရက်မို့ ကျွန်တော် လုံးဝ မယုံကြည်နိုင်ခဲ့ဘူး။

အမေဆုံးပြီး သိပ်မကြာခင် ကျွန်တော် စာတစ်စောင် လက်ခံရရှိခဲ့တယ်။ စာက အမေနဲ့ ကျွန်တော် ချိန်းတွေ့ခဲ့တဲ့ စားသောက်ဆိုင်ကပို့ခဲ့တဲ့ ပြေစာတစ်စောင် ဖြစ်တယ်။ စာထဲမှာ စာတိုလေးတစ်ကြောင်း ပါပါတယ်။

"ကုန်ကျစရိတ်ကို အမေ ကြိုရှင်းခဲ့တယ်။ နောက်တစ်ကြိမ် အမေ ထပ်သွားဖို့ အခွင့်ရှိတော့မှာ မဟုတ်ဘူးဆိုတာ အမေ သိနေတယ်။ ဒါပေမဲ့ နှစ်ယောက်စာကို အမေရှင်းခဲ့တယ်။ သားနဲ့ သားရဲ့ဇနီးအတွက်ပါ။ အဲဒီည ချိန်းပွဲလေးက အမေ့အတွက် အရမ်း အဓိပ္ပာယ်ရှိခဲ့မယ်လို့ သား တွေးထင်မထားခဲ့မိဘူး မဟုတ်လား။ သားကို ချစ်တယ်"

အဲဒီအချိန်ကစပြီး "ချစ်တယ်" ဆိုတဲ့စကားကို အချိန်မလွန်ခင်ပြောဖို့ ကျွန်တော် အသိတရား ရလိုက်တယ်။ ကိုယ်ချစ်တဲ့သူတွေအတွက် အချိန်တွေပေးဖို့လိုကြောင်း ကျွန်တော် နားလည်လိုက်တယ်။

လောကမှာ ဘယ်အရာကမှ ကိုယ့်မိသားစုလောက် အရေးမကြီးပါဘူး။ သူတို့နဲ့အတူနေဖို့ အချိန်ပိုပေးကြည့်ပါ။ ဒီကိစ္စဟာ "နောက်မှ အချိန်ရပါသေးတယ်" ဆိုပြီး အချိန်ဆွဲသင့်တဲ့ ကိစ္စမဟုတ်ပါဘူး"

original from : http://www.yukz[redacted]

# အမေ့ပြေစာ

**ပြေစာကိုကြည့်ပြီး သူ ရှက်ရွံ့သွားမိတယ်။ ဝမ်းနည်းစိတ်မကောင်းစွာနဲ့ အမေ့အနားသွားပြီး အမေ့ရင်ခွင်ထဲ သူ တိုးဝင်လိုက်မိတယ်။**

သူ့အိမ်မှာ စားသောက်ဆိုင်ဖွင့်ထားတယ်။ တစ်ခါတလေ ကျောင်းအားလပ်ရက်မှာ အမေ့ကို သူကူရတယ်။ ဧည့်ကြို၊ ဧည့်ပို့၊ စားပွဲသိမ်း၊ ပြေစာရှင်းတာကအစ သူဝင်လုပ်ရတယ်။ ကြာတော့ စီးပွားရေးသမားတစ်ယောက်လို သူ အတွက်အချက်တော်လာခဲ့တယ်။ ဒီလိုနဲ့ တစ်နေ့မှာ ဆိုင်မှာဝင်ကူရင်း ကိုယ့်လုပ်အားခအတွက် စိတ်ကူးရလို့ ပြေစာရေးပြီး အမေ့ကို သူ ပေးလိုက်တယ်။ ပြေစာပေါ်မှာက. . . . .

| | |
|---|---|
| (၁) ပန်းကန်ဆေးခ | ၅၀၀ ကျပ် |
| (၂) တံမြက်စည်းလှဲခ | ၂၀၀ ကျပ် |
| (၃) အပြင်ထမင်းပို့ဆောင်ခ | ၃၀၀ ကျပ် |
| (၄) ဈေးဝယ်ထွက်ခ | ၁၀၀ ကျပ် |
| (၅) မနိုမကာပ်တဲ့ကျွန်တော့်အတွက် အပိုဆုငွေ | ၁၀၀ ကျပ် |
| စုစုပေါင်း | ၁,၂၀၀ ကျပ် |

ပြေစာကိုအမေကြည့်ပြီး ဘာမှမပြောခဲ့ဘူး။

ညရောက်တော့ သူ့ခေါင်းအုံးဘေးမှာ ငွေကျပ် ၁၂၀၀ကို တွေ့လိုက်တယ်။ အားရဝမ်းသာ ပိုက်ဆံကိုယူပြီး အိတ်ထဲထည့်မည်အလုပ် ခေါင်းအုံးဘေးမှာ ပြေစာတစ်စောင် ရှိနေတာကို သူ တွေ့လိုက်တယ်။ ပြေစာကို ယူကြည့်တော့ -

အမေ့ပေါ်ကျန်ရှိသောအကြွေးများ. . . .

| | |
|---|---|
| (၁) အမေ့အိမ်တွင် ၁၀ နှစ်ကျော် အပူအပင်မရှိနေထိုင်ခ | ၀ ကျပ် |
| (၂) နေထိုင်သော ၁၀ နှစ်အတွင်း စားဝတ်နေရေးခ | ၀ ကျပ် |
| (၃) ကျောင်းလခ၊ စာအုပ်ဖိုး | ၀ ကျပ် |
| (၄) ဖျားနာစဉ် ဆေးကုခ၊ စောင့်ရှောက်ခ | ၀ ကျပ် |
| (၅) မေတ္တာကြီးမားသော မိခင်တစ်ဦးအတွက် အပိုဆု | ၀ ကျပ် |

ပြေစာကိုကြည့်ပြီး သူ ရှက်ရွံ့သွားမိတယ်။ ဝမ်းနည်းစိတ်မကောင်းစွာနဲ့ အမေ့အနားသွားပြီး အမေ့ရင်ခွင်ထဲ သူ တိုးဝင်လိုက်မိတယ်။ ကျပ် ၁၂၀၀ ကို အမေ့အိတ်ကပ်ထဲ ဂရုတစိုက် သူ ပြန်ထည့်လိုက်တယ်။ သူ့ကျောကို ပွတ်သပ်ပြီး အမေက ပြုံးနေခဲ့တယ်။

http://www.youthwant.com.tw တွင်ဖတ်မိသော စာတစ်ပုဒ်အား
ဆီလျော်အောင် ဘာသာပြန်စီစားသည်။

# ပြောမထွက်ဖြစ်ခဲ့တဲ့အချစ်

**သားသမီးတို့ ဂရုစိုက်မှုပိုပေးတဲ့ မိခင်တွေကြောင့် ကလေးတွေဟာ ဝယ်စဉ်ကထက်ပိုတဲ့ မိခင်တို့ ပိုခွဲလာမီး၊ ပိုချစ်ခဲ့ကြတယ်။**

ဂျပန်စာရေးဆရာ Lily Franky ရေးထားတဲ့ "တိုကျိုတာဝါ" စာအုပ်ကိုစာရေးဆရာမ Heng Cao က တရုတ်လို ဘာသာပြန် ထုတ်ဝေခဲ့ပါတယ်။ ဘာသာပြန်သူက သူ့စာမှာ ဒီလို ရေးသားထားပါတယ်။

Lily Franky က သူငယ်စဉ် မိခင်နဲ့အတူ နေထိုင်ခဲ့တဲ့ အမှတ်တရတွေကို ရိုးရှင်းတဲ့ အဖွဲ့အနွဲ့ မခန့်ညားတဲ့စကားလုံးတွေနဲ့ ရေးဖွဲ့ခဲ့ပါတယ်။ ဒီစာအုပ်ကို ဖတ်နေချိန်မှာ စာအုပ်ထဲ မှာပါတဲ့ မြို့ပြရဲ့ရုပ်ပုံတွေကို စာဖတ်သူရဲ့ဦးနှောက်ထဲ တရေးရေး မြင်ယောင်စေသလို အဲဒီရှုခင်း တွေရဲ့နောက်မှာ စာရေးသူ (Franky) အတွက် အမြဲ တကုပ်ကုပ် အလုပ်ရှုပ်နေတဲ့ မိခင်ကို လည်း မြင်ယောင်စေပါတယ်။

ဂျပန်မှာ ဒီစာအုပ်ကို အုပ်ရေ သိန်း ၂၀ ကျော် ရောင်းခဲ့ရပါတယ်။ လူအချို့က ဒီစာအုပ် ဟာ မိခင်ကိုချစ်လန်းတဲ့ သားသမီးတွေရဲ့ အပြီးသတ် အကောင်းဆုံး စာအုပ်ဖြစ်တယ်လို့ ဆိုပါ တယ်။ ဒီစာအုပ်ကိုဖတ်ဖူးတဲ့ ဂျပန်ယောက်ျားတိုင်း မျက်ရည်ကျခဲ့ရပါတယ်။ ကျွန်မသိတဲ့ ဂျပန်အဘိုးအိုတစ်ဦးက ဒီစာအုပ်ကို အရမ်းဖတ်ချင်ပေမယ့် သုံးလေးမျက်နှာသာဖတ်ပြီး ဆက် ဖတ်နိုင်စွမ်း မရှိခဲ့တဲ့အကြောင်း၊ စာအုပ်ထဲက အကြောင်းအရာက သူ ဖြတ်သန်းခဲ့ရတဲ့ ဘဝနဲ့ တူနေကြောင်း ပြောပါတယ်။ အဲဒီအဘိုးအိုက အသက် ၆၅ နှစ်ရှိနေပေမဲ့ ဒီနေ့အထိ အိပ်ရာထက်

မှာလဲနေတဲ့ မိခင်ကို ကိုယ်တိုင်ရေချိုးပေးတယ်လို့ ပြောပါတယ်။ မိခင်လို့ ဆိုလိုက်တာနဲ့ သူ့မျက်ဝန်းတွေနီလာပြီး မျက်ရည်တွေ တွဲခိုနေတာကို ကျွန်မ တွေ့ခဲ့ပါတယ်။

မိခင်ကောင်းတွေက မိခင်ကို စွဲလန်းတဲ့သားတွေ မွေးထုတ်ပေးတယ်။

ဘာဖြစ်လို့ ဂျပန်ယောကျ်ားတွေရဲ့ မိခင်ကိုစွဲလန်းတဲ့ အစွဲအလမ်းက တခြားလူတွေထက် ပိုရသလဲ။ ဒါကို ဂျပန်နိုင်ငံရဲ့ လူနေမှုစရိုက်နဲ့ ဖွဲ့စည်းပုံကနေ ကြည့်ရပါလိမ့်မယ်။ ဒီခေတ်မှာ ဂျပန်နိုင်ငံဟာ စက်မှုပညာ ထွန်းကားတဲ့နိုင်ငံ ဖြစ်တယ်ဆိုပေမဲ့ ဂျပန်အမျိုးသမီးတွေဟာ အိမ်ထောင်ကျတာနဲ့ လင်သားကိုပြုစုတဲ့ အိမ်ရှင်မဘဝကို ရွေးချယ်လိုက်တော့တယ်။ "အိမ်ရှင်မ ပီသသူ" က "မိခင်ကိုစွဲလမ်းတဲ့သား" တွေ မွေးထုတ်ပေးတဲ့ ရင်းမြစ်ဖြစ်ခဲ့တယ်။ မိသားစုကို ဦးစားပေးတဲ့မိခင်တွေ၊ သားသမီးကို ဂရုစိုက်မှုပိုပေးတဲ့ မိခင်တွေကြောင့် ကလေးတွေဟာ ငယ်စဉ်ကတည်းက မိခင်ကို ပိုစွဲလမ်း၊ ပိုချစ်ခဲ့ကြတယ်။ အထူးသဖြင့် ယောကျ်ားလေးတွေက ကြီးပြင်းလာသည့်တိုင် မိခင်ကို ချစ်ခ င်စွဲလမ်းတဲ့ စွဲလမ်းမှုမျိုးကို လက်မလွှတ်ခဲ့ကြဘူး။

နောက်အကြောင်းတစ်ခုက ဂျပန်အမျိုးသမီးတွေရဲ့ အသက်ပိုရှည်ကြတာနဲ့လည်း ဆိုင်ပါလိမ့်မယ်။ စာရင်းပြုစုချက်အရ ဂျပန်အမျိုးသမီးတွေရဲ့ ပျမ်းမျှအသက်က ၈၅ နှစ်အထိ ရှည်နိုင်ကြပါတယ်။ ငယ်စဉ်ကတည်းကမိခင်ရဲ့အပြုအစု၊ ဂရုစိုက်မှုကိုခံရပြီးမိခင်ကိုမှီခိုနေထိုင်တဲ့ "Neet" လူမျိုးစုတွေမှာ ကိုယ့်ကိုယ်ကိုယ် နေထိုင်ကြီးပြင်းတဲ့အင်အားတွေ မဲ့ခဲ့ရတယ်။ ဖခင်သေဆုံးပြီးနောက် မိခင်နဲ့အတူ နှစ်ယောက်အတူ နေရတဲ့အချိန်တွေ ပိုများပြီး ကြီးပြင်းလာတဲ့သားတွေက အမေရဲ့ရင်းနှီးမှုတွေကို ပိုရခဲ့တယ်။ မိခင်နဲ့အတူ နေထိုင်ခဲ့တဲ့ ယောကျ်ားတွေက မိခင်ရဲ့နေရာမှာ အစားထိုးတဲ့ အိမ်ထောင်ဘက်ကိုရှာဖို့ ပို ခက်ခဲခဲ့တယ်။

မိခင်ကိုစွဲလန်းတဲ့ ယောကျ်ားမျိုးကို မကြောက်ပါနဲ့။

ဟိုအရင်တစ်ချိန်က မိခင်ကိုစွဲလန်းတဲ့ ဂျပန်ယောကျ်ားမျိုးကို ကျွန်မလည်း အမြင်စောင်းခဲ့ဖူးတယ်။ ဂျပန်နိုင်ငံမှာ "အဲဒီယောကျ်ားက သူ့အမေကိုချစ်လွန်းနေတယ်။ သူ့ကို ယူလို့မဖြစ်ဘူးနော်" စတဲ့ စကားကို အမြဲကြားရတတ်ပါတယ်။ တကယ်တော့ အမေ့ကိုစွဲလန်းတတ်တဲ့လူတွေမှာ နိုင်ငံ၊ ဒေသခွဲခြားလို့ မရပါဘူး။ "ကမ္ဘာပေါ်မှာ အမေကိုမချစ်တဲ့၊ မစွဲလမ်းတဲ့ သားဆိုတာ မရှိဘူး" လို့ ကျွန်မတို့ ပြောနိုင်ပါတယ်။ "ကမ္ဘာပေါ်မှာ အမေကိုမချစ်တဲ့၊ မစွဲလမ်းတဲ့ သားသမီးဆိုတာ မရှိဘူး" ဆိုရင် ပိုမှန်ပါလိမ့်မယ်။ အမေ့ကိုချစ်ကြောင်း ထုတ်ဖော်မပြောရုံ၊ အမူအရာမပြရုံပဲ ကွာပါလိမ့်မယ်။ အမူအရာ အေးစက်၊ ကြမ်းတမ်းတဲ့ ယောကျ်ားတွေထက် စာရင် အမေကိုစွဲလန်းတဲ့ ယောကျ်ားတွေက ပို နူးညံ့သိမ်မွေ့ပါတယ်။

စာရေးဆရာ Lily ရဲ့စာအုပ်ထဲမှာ အမေသေဆုံးသွားပြီးမှ ဘာကြောင့် အစကတည်းက အမေ့ကိုချစ်ကြောင်း မပြောဖြစ်ခဲ့တာလဲဆိုပြီး နောင်တရကြောင်း [illegible]

တယ်။ အမေ့ကိုချစ်လွန်းတဲ့ ရှံ့ရှာဖွယ်သားအဖြစ် လူတွေ ကဲ့ရဲ့ကြမှာစိုးလို့ မပြောဖြစ်ခဲ့ကြောင်း ဆိုပါတယ်။ ဒါကြောင့် ရင်ထဲက ခံစားချက်ကို ဖုံးဖိထားခဲ့ရတယ်။ တကယ်လို့ အခြားလူရဲ့ အစွေအစောင်း အကြည့်တွေကို သူ ဂရုမစိုက်ခဲ့ဘူးဆိုရင် အမေနဲ့ သူ ဒီထက် ပိုရင်းနှီးမယ်။ အမေ့နားမှာနေပြီး အမေ့ကို ဂရုစိုက်စကားတွေ ပြောဖြစ်မယ်လို့ ဆိုပါတယ်။ တကယ်တော့ အမေ့ကိုချစ်တဲ့ စွဲလမ်းတဲ့သားက ကြောက်စရာတစ်စက်မှ မကောင်းပါဘူး။ သူတို့မှာ တခြားလူထက် ပိုနူးညံ့သိမ်မွေ့တဲ့ ခံစားချက်တွေ ပိုင်ဆိုင်ထားတာလေး တစ်ခု တည်းပါ။

သင့်မှာ မိခင်ကိုချစ်ခင်စွဲလမ်းတဲ့စိတ် ဘယ်လောက်ရှိသလဲ
စမ်းသပ်ကြည့်ရအောင်
Yes, No ထဲက အဖြေတစ်ခုကို ရွေးပေးပါ။

(၁) ငယ်စဉ်ကတည်းက စကားနားထောင်ပြီး လိမ္မာတဲ့ကလေးလို့ မကြာခဏ ချီးကျူးခံရဖူးတယ်။ (Yes , No)

(၂) မေမေဝယ်ပေးတဲ့ ပစ္စည်းနှစ်မျိုးကို သင့်ကိုယ်ပေါ်မှာ အချိန်မရွေး တွေ့နိုင်တယ်။ (Yes , No)

(၃) နေ့တိုင်း မေမေနဲ့ စကားငါးခွန်းအထက် ပြောဖြစ်တယ်။ (Yes , No)

(၄) မကြာခဏ မေမေနဲ့အတူ ဈေးဝယ်ထွက်ဖြစ်တယ်။ (Yes , No)

(၅) စိတ်ညစ် ဝမ်းနည်းစရာတွေကြုံတိုင်း မေမေ့ကို အရင်သတိရမိတတ်တယ်။ (Yes , No)

(၆) "ငါ့မေမေကပြောတယ်" ဆိုတဲ့စကားကို အကျင့်တစ်ခုလို သုံးစွဲတတ်တယ်။ (Yes , No)

(၇) သင်ဟာ အစာကြေးများသူ (အစာရွေးသူ) ဖြစ်တယ်။ (Yes , No)

(၈) သင့်အပြင်ပန်းက ကြည့်ပျော်ရှုပျော်ဆိုပေမဲ့ ဆန့်ကျင့်ဘက်လိင်ရဲ့နှစ်သက်မှုကိုမရခဲ့ဘူး။ (Yes , No)

(၉) ဖေဖေ့ကို သိပ်မချစ်ဘူး။ (Yes , No)

(၁၀) မေမေက အိမ်ထောင်ရှင်မဖြစ်တယ်။ (Yes , No)

### မေးခွန်း (၁၀) ခုလုံးကို No လို့ဖြေခဲ့သူ

သင့်မှာ မိခင်ကိုချစ်ခင်စွဲလန်းစိတ် ၀% ပဲရှိပါတယ်။ သင်နဲ့ မေမေ့ရဲ့ဆက်ဆံရေးက အေးစက်လွန်းပါတယ်။

### Yes လို့ ၁ မှ ၃ ခုအထိ ဖြေခဲ့သူ

သင့်မှာ မိခင်ကိုချစ်ခင်စွဲလန်းစိတ် ၃၀% ရှိပါတယ်။ တခြားလူတွေ သည်းခံလောက်တဲ့ အဆင့်ထဲမှာ ပါပါတယ်။ တစ်နည်းပြောရရင် "ရှိသေတဲ့ သားသမီး" လို့ ဆိုနိုင်ပါတယ်။

### Yes လို့ ၄ မှ ၆ ခုအထိ ဖြေခဲ့သူ

သင့်မှာ မိခင်ကိုချစ်ခင်စွဲလန်းစိတ် ၆၀ % ရှိပါတယ်။ သင်ဟာ မိခင်ကို မတော်လွန်တတ်သူ ဖြစ်တယ်။ မေမေက သင့်ဘဝရဲ့ အရေးအကြီးဆုံးနေရာမှာ ရှိခဲ့ပါတယ်။ မေမေ့ကို ယုံကြည်မှီခိုတတ်တဲ့ သားသမီးလိမ္မာ ဖြစ်ပါတယ်။

### Yes လို့ ၇ မှ ၉ ခုအထိ ဖြေခဲ့သူ

သင့်မှာ မိခင်ကို ချစ်ခင်စွဲလန်းတဲ့စိတ် ၉၀% ရှိပါတယ်။ တခြားလူ သည်းခံနိုင်တဲ့ အတိုင်းအတာထက် ကျော်လွန်ပြီး မိခင်ကိုနှစ်သက်စွဲလန်းသူဖြစ်တယ်။ ငယ်စဉ်ကတည်းက အရိပ်တကြည့်ကြည့် စံရသူဖြစ်ပြီး ဘာကိစ္စမဆို မိခင်ကို အားကိုးတတ်သူဖြစ်တယ်။ မေမေ မရှိရင် အသက်မရှင်နိုင်တဲ့ အမျိုးအစားထဲက ဖြစ်တယ်။ တကယ်လို့ သင်ဟာ အမေနဲ့ အမြဲ အတူနေတဲ့ ယောက်ျားလေးဆိုရင် သင်ယူမယ့် မိန်းကလေးအတွက် ယောက္ခမနဲ့ ချွေးမကြား က ပြဿနာတွေကို ဖြစ်ပွားစေနိုင်ပါတယ်။

### မေးခွန်း (၁၀) ခုစလုံး Yes လို့ ဖြေခဲ့သူ

သင့်မှာမိခင်ကိုချစ်ခင်စွဲလမ်းစိတ် ၁၀၀ ရာခိုင်နှုန်းအပြည့်ရှိပါတယ်။ ဒီလိုယောက်ျားမျိုးက မိန်းမမယူနိုင်လောက်အောင် မိခင်ကိုပဲ အစွဲလမ်း လွန်သွားပါတယ်။ မေမေ့ထက်ကောင်းတဲ့မိန်းမ ဒီလောကမှာ မရှိတော့ဘူးလို့ ထင်သူဖြစ်တယ်။ တခြားမိန်းကလေးထက် မေမေရှိနေရင် အရာရာပြည့်စုံပြီလို့ ယူဆသူဖြစ်တယ်။ ကုစရာမရှိလောက်အောင် မိခင်ကို ချစ်ခင်နှစ်သက်စွဲလမ်းသူ ဖြစ်ပါတယ်။

မူရင်းရေးသားသူ - **Heng Cao**



# ခွက်ပဲ့လေးတစ်လုံး

*အဘွားအိုအနားမှာ ရှည်လျားတဲ့နေ့ရက်တွေနဲ့ ခွက်ပဲ့လေးတစ်လုံးတလွဲရင်*
*နေရောင်ခြည်၊ ရယ်မောသံတင်းမဲ့နေခဲ့တာ ရက်ပေါင်း ၇၀၀ ကျော် ရှိနေခဲ့ပါပြီ။*

ဒီပုံပြင်ကို အင်္ဂလိပ်လို ဖတ်ဖူးသူလည်း ရှိကြပါလိမ့်မယ်၊ မြန်မာလို ဘာသာပြန်ဖူး သူလည်း ရှိကောင်းရှိမယ်။ ခပ်ဆင်ဆင် ဇာတ်လမ်းမျိုးလည်း ရှိလိမ့်မည်။ ဒါပေမဲ့ ကျွန်မ ဖတ်ဖူး တာလေးကို ရင်ဘတ်နဲ့အတူ ပြန်ခံစားလိုက်ပါတယ်၊

အဘွားအိုတစ်ဦးဟာ တုန်ချည့်ချည့် လက်အစုံနဲ့ အနားပဲ့ ပန်းကန်တစ်လုံးကို ကောက်ယူလိုက်ပြီး သက်ပြင်းခါခါ ချနေမိတယ်၊

လွန်ခဲ့တဲ့ ၂ နှစ်ကစပြီး ချွေးမဖြစ်သူက ဒီအနားပဲ့ပန်းကန်နဲ့ပဲ အဘွားအိုကို ထမင်း ထည့်ကျွေးခဲ့တာ ဖြစ်တယ်။ ကျွေးတဲ့ဟင်းက အချဉ်တည်ထားတဲ့ ဟင်းရွက်အရိုးဖြစ်ပြီး စားပွဲ ဝိုင်းမှာ ထမင်းအတူတူ မစားစေခဲ့ဘူး။ ထမင်းစားချိန်ရောက်တိုင်း အဘွားအိုဟာ ကိုယ့်အခန်း ထဲမှာအာဟာရမရှိတဲ့အစာအချိုနဲ့ အထီးကျန်မှုတွေကိုပဲဝါးမျိုနေခဲ့ရတယ်။ ချကျွေးတဲ့အစာကို စားပြီး အဘွားအိုဟာ မခြင်မစမ်းနဲ့ မီးဖိုချောင်ထဲသွားပြီး ကိုယ်စားတဲ့ခွက်ပဲ့ကို ဆေးကြောပြန် တယ်။ ဒါဟာ အဘွားအိုရဲ့ နေ့စဉ်အလုပ်ဖြစ်တယ်။ ချွေးမက ဘယ်တော့မှ အဲဒီခွက်ပဲ့ကို ဆေး ကြောမပေးခဲ့ဘူး။

"မေမေ ဘွားဘွားက မျက်စိလည်းမမြင်တော့ဘူး၊ ဘာဖြစ်လို့ သူ့ပန်းကန်ကို ဆေး မပေးတာလဲ၊ ပဲ့နေတဲ့ပန်းကန်ကို ဘာဖြစ်လို့ အသစ်မလဲပေးတာလဲ"

အမေ့ကိုမေးနေတဲ့ မြေးမလေးရဲ့အသံကို အဘွားအို ကြားလိုက်မိတယ်။

"ကလေးက ကလေးနေရာမှာနေစမ်း။ အသက် ၇၀ ကျော် မျက်စိကန်းနေတဲ့ အဘွားကြီးကို အိမ်ပေါ်တင်ကျွေးထားတာ မလုံလောက်သေးဘူးလား။ သူစားတဲ့ခွက်ကို ငါက ဆေးပေးရဦးမှာလား။ အဲဒီခွက် သုံးလို့ရသေးတာပဲ။ ဘာ အသစ်လဲနေစရာ လိုလို့လဲ။ အသစ်လဲပေးလို့ မမြင်မစမ်းနဲ့ ကျကွဲသွားရင် ထပ်ဝယ်ပေးနေရဦးမယ်။ ပိုက်ဆံက အလကားရတာမဟုတ်ဘူး" အသံမြှင့်ပြီးပြောတဲ့ ချွေးမရဲ့စကားကို အဘွားအို အလွတ်ရလုနီးနေပါပြီ။ မျက်စိထောင့်က စိမ့်ထွက်လာတဲ့မျက်ရည်ကို အဘွားအို ပွတ်သုတ်လိုက်တယ်။

အဘွားအပေါ်ဆက်ဆံတဲ့ အမေ့ရဲ့အပြုအမူကို သမီးဖြစ်သူက မကြည့်ချင်ပေမဲ့ ပြန်မပြောရဲခဲ့ဘူး။ အိမ်မှာရှိတဲ့သူတွေအားလုံး အမေ့စကားကို နာခံကြရတယ်။ အဖေဖြစ်သူကလည်း ထိုနည်းလည်းကောင်းပါပဲ၊ အမေ့မျက်နှာ အရိပ်အကဲနဲ့ အသက်ရှင်သန်နေရသူဖြစ်တယ်။

ပန်းကန်ဆေးပြီး မမြင်မစမ်းနဲ့ ကိုယ့်အခန်းထဲ အဘွားအိုပြန်ဝင်ခဲ့ပြီး ခုတင်ပေါ် ထိုင်ချလိုက်တယ်။ မြေးမကလေးက အဘွားနောက် လိုက်ဝင်လာပြီး "ဘွားဘွား မေမေ့ကို မမုန်းဘူးလားဟင်လို့ မေးလိုက်တယ်"

"မြေးလေးရယ်၊ အဘွားက နာတာရှည်ရောဂါသည် တစ်ယောက်ပါ၊ ထမင်းတစ်လုတ် စားခွင့်ရတာပဲ ပြည့်စုံနေပါပြီ၊ အမုန်းဆိုတာ မရှိသင့်ဘူး။ မြေးမေမေ တတွတ်တွတ်ရွတ်တာကို ဒီနှစ်တွေအတွင်းမှာ အဘွား ကျင့်သားရနေပါပြီ" မြေးကို ပြောနေတဲ့ စကားသံတွေထဲမှာ အဘွားအိုရဲ့ သက်ပြင်းချသံက မသိမသာ ရောနေတယ်။

"ဟဲ့ ဒီကောင်မ ဘယ်သွားနေတာလဲ။ ကိုယ့်အခန်းထဲ ဝင်နေစမ်း" ချွေးမရဲ့ အော်ဟစ်သံကြောင့် မြေးမလေး အဘွားအိုအနားက ထွက်ပြေးခဲ့တယ်။ ခုတင်ပေါ် အဘွားအိုလှဲချလိုက်တယ်။ အသက်အရွယ်ကြောင့်လားမသိ အဘွားအိုအတွက် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်တဲ့ညတွေ နည်းလာခဲ့တယ်။ ခုတင်ပေါ်လဲလျောင်းရင်း သွားလေသူ အဘိုးအိုကို သတိရလိုက်မိတယ်။

အဘိုးအိုက ကုမ္ပဏီတစ်ခုက ပိုင်ရှင်ဖြစ်တယ်။ သားက အဲဒီကုမ္ပဏီက မန်နေဂျာဖြစ်ပြီး ချွေးမက စာရင်းကိုင်ဖြစ်တယ်။ ကုမ္ပဏီတစ်ခုထဲမှာလုပ်တဲ့သားနဲ့ ချွေးမတို့ ချစ်ကြိုက်ညားခဲ့ကြတယ်။ ချွေးမက လက်ထပ်ပြီးစမှာ ယောက္ခမကို ရိုသေကိုင်းရှိုင်းသလို မယားဝတ္တရားလည်း ကျေပွန်ခဲ့ပါတယ်။ ဒါပေမဲ့ သားဖြစ်သူက မယားကိုချစ်လွန်းလို့ ဘာမဆို အလျှော့ပေးချင်တယ်၊ မယားပြောသမျှ ခေါင်းညိတ်နာခံသူဖြစ်ခဲ့တယ်။ မမြင်နိုင်တဲ့ ကံကြမ္မာရိုင်းကို ဘယ်သူ ရှောင်လွှဲလို့ ရနိုင်မလဲ၊ အဘိုးအို ဦးနှောက်သွေးကြောပြတ် သေဆုံးသွားပြီးနောက် ငြိမ်းချမ်းတဲ့ မိသားစုတစ်စုထဲ ကြမ္မာဆိုးက ဝင်ရောက်ခဲ့တယ်။ အဘိုးအိုဆုံးပြီးမကြာဘူး။ အဘွားအို မျက်

လုံးကွယ်ခဲ့ရတယ်။ ပိုဆိုးတာက လိမ္မာတယ်ဆိုတဲ့ချွေးမရဲ့ ဗီဇရုပ် ပေါ်လာတာပါပဲ။ မှော်မြင် အဘွားအိုကို ပြုစုရတာ တာဝန်တစ်ခုလို့ထင်မှတ်ပြီး အပြစ်ရှာလာခဲ့တယ်။ အဲဒီကာစလို့ နဂိုကတည်းက အမှောင်ပျောက်နေသူ အဘွားအိုဟာ မှောင်မည်းမည်း ကိုယ့်အခန်းထဲမှာပဲ အထီး ကျန်စွာ ရှင်သန်ခဲ့ရတယ်။

အဘွားအိုအနားမှာ ရှည်လျားတဲ့နေ့ရက်တွေနဲ့ ခွက်ပဲ့လေးတစ်လုံးကလွဲရင် နေ ရောင်ခြည်၊ ရယ်မောသံကင်းမဲ့နေခဲ့တာ ရက်ပေါင်း ၇၀၀ ကျော် ရှိနေခဲ့ပါပြီ။

○

နေအိမ်မှာကျင်းပမဲ့ ညစာစားပွဲအတွက် သားနဲ့ချွေးမ အလုပ်များနေခဲ့ကြတယ်။ ဧည့်သည်တွေမလာခင်မှာ ချွေးမက သားကို "ဂေါ်နေ ဧည့်သည်လာရင် အပြင်မထွက်ခဲ့ပါနဲ့ လို့ ရှင့်အမေကိုမှာထားဦး။ ဒီနေ့လာမဲ့ ဧည့်သည်တွေက လူကြီးလူကောင်းတွေ။ မျက်ကန်း အဘွားကြီးကြောင့် ကျွန်မ အရှက်မကွဲစေနဲ့၊ ရှင့်နာမည် မပျက်စေနဲ့နော်" လို့မှာတယ်။ မယား စကား နာခံသူသားမှာ ဘာမျှ စောဒကမတက်ရဲခဲ့ဘူး။ ဧည့်သည်တွေ မပြန်မချင်း အစာအိမ် ဟောင်းလောင်းနဲ့အခန်းထဲမှာပဲ အဘွားအို အောင်းနေခဲ့ရတယ်။ အားလုံးပြီးစီးမှ ထမင်းကျန် ဟင်းကျန်ထည့်ထားတဲ့ခွက်ပဲ့နဲ့ အမေ့အခန်းထဲ သား ဝင်လာခဲ့တယ်။

○

ခုတလော မြို့မှာကျောင်းတက်နေတဲ့ သားအကြီး ကျောင်းပိတ်လို့ အိမ်ပြန်ရောက် လာခဲ့တယ်။ သားကိုချစ်တဲ့အမေတို့ရဲ့ ထုံးစံအတိုင်း သားအတွက် အသား၊ ငါးဟင်းမျိုးစုံကို ကိုယ်တိုင် ချက်ကျွေးတော့တယ်။

"ရပြီ မေမေရဲ့ သားဒီလောက်မစားနိုင်ဘူး" သား ပန်းကန်ထဲ ဟင်းတွေထည့်ပေးနေ တဲ့အမေကို သားက လေသံနဲ့ "မေမေ ဘွားဘွားကိုလည်း သားတို့နဲ့ အတူတူစားခိုင်းပါလား။ သားတို့မိသားစု လက်စုံစားကြရအောင်လေ" လို့ တောင်းဆိုလိုက်တယ်။

"သူက ကန်းနေပြီ အပြင်ထွက်စားဖို့ အဆင်မပြေဘူး။ ဘယ်နားစားစား အတူတူပဲ လေ သား။ အခန်းထဲမှာစားတာ သူ ကျင့်သားရနေပါပြီ"

အဘွားအပေါ်ထားတဲ့အမေရဲ့ သဘောထားကို ပြောင်းလဲဖို့ သူဆုံးဖြတ်လိုက်မိ တယ်။

သူငယ်ချင်းဆီက ရခဲ့တဲ့အကြံ အဘွားကို ပြောပြတော့ အဘွားက ပျာပျာသလဲ ငြင်း တယ်။

"သားတို့က ဘွားဘွားကောင်းဖို့အတွက်ပါ သားတို့ပြောသလိုသာလုပ်ပါ ဘွားဘွား" လို့ မြေးအကြီးက တောင်းဆိုတယ်။

ဆရာမကပြောတယ် "လူကြီးမိဘတွေကိုရှိသေလေးစားရမယ်" တဲ့။မေမေလုပ်ပုံက မတော်သေးဘူး။ ဘွားဘွားကို သူ ဒီလို မဆက်ဆံသင့်ဘူး။ သမီးတို့ပြောသလိုလုပ်ပါနော် ဘွားဘွား" မြေးမလေးက ဝင်ထောက်ပြန်တယ်။

"ကိုယ့်ကိုမရှိသေတဲ့ ချွေးမတစ်ယောက်ကို ဘွားဘွားလက်ခံနိုင်ပေမဲ့ ယောက္ခမကို မရှိသေတဲ့ မိခင်တစ်ယောက်ကို သားတို့ မလိုလားဘူး။ သားတို့ပြောသလို လုပ်ပါနော် ဘွားဘွား" အတင်းတောင်းဆိုနေတဲ့ မြေးကို အဘွားအို ခေါင်းညိတ်မိလိုက်တယ်။

ညစာ ထမင်းစားဝိုင်းမှာ ထုံးစံအတိုင်း အဘွားအို မပါဝင်ခဲ့ဘူး။ မြေးကြီးက တိုင်ပင်ထားတဲ့အတိုင်း ကြွေဇွန်းတစ်ချောင်းကို ကြမ်းပြင်ပေါ်မသိမသာပစ်ချလိုက်တယ်။ ဇွန်းကွဲစတွေက ကြမ်းပြင်ပေါ်မှာပြန့်လို့ ဇွန်းကျသံကြောင့် အဘွားအိုက တုန်တုန်ယင်ယင်နဲ့ ခွက်ပုံလေးကို ကိုင်ပြီးအခန်းထဲကနေထွက်လာခဲ့တယ်၊ဒါကိုချွေးမကမြင်တော့အဘွားအိုကိုအော်ဟစ်လိုက်တယ်။

"ဘာဖြစ်လို့ထွက်လာရတာလဲ၊ အခုချက်ချင်းပြန်ဝင်စမ်း"

ချွေးမရဲ့အော်သံကိုကြားတော့ အဘွားအိုဟာ လက်ထဲကခွက်ပုံကို လွှတ်ချလိုက်တယ်။ ကြမ်းပြင်ပေါ်ကျသွားတဲ့ ခွက်ကွဲသံထက် ချွေးမရဲ့အသံက ပိုကျယ်လောင်နေပါတယ်။

"ကြည့်စမ်း။ ဒီအဘွားကြီး ကိုယ့်ခွက်ကိုတောင် ပစ်ချရဲတယ်၊ ဒေါ့ ဒီည ထမင်းစားရဖို့ မစဉ်းစားနဲ့တော့"

အဲဒီအချိန်မှာ မြေးကြီးက "အဘွားကလည်းဗျာ ပန်းကန်ကို ခွဲပစ်လိုက်ရတယ်လို့၊ ဒါ ထမင်းထည့်စားတဲ့ပန်းကန်လေ အဘွားရဲ့" ပြောရင်းဆိုရင်း ကြမ်းပြင်ပေါ်ကျနေတဲ့ ပန်းကန်စကို ကောက်ယူပြီး အမေ့ဘက်ကို အသံမြှင့် လှည့်ပြောလိုက်တယ်။

"မေမေ စိတ်တိုတယ်ဆိုရင်လည်း တိုသင့်တယ်ဘွားဘွား။ ဒီပန်းကန်က သိပ်အရေးပါတာ၊ ဒီပန်းကန်ကို အဘွားခွဲလိုက်ရင် နောက်နောင် မေမေအိုလာတဲ့အခါ မေမေ့ကို သားတို့ ဘာပန်းကန်နဲ့ ထည့်ကျွေးရမလဲ"

သားရဲ့စကားကိုကြားပြီး မေမေ ဘာမျှပြန်မပြောနိုင်ဘဲ ခေါင်းကိုသာ ငုံ့ထားမိတယ်၊ အဲဒီနောက် ထမင်းစားပွဲဝိုင်းကနေ မသိမသာ ထသွားခဲ့တယ်။ အဲဒီနောက်ပိုင်းမှာတော့ ချွေးမရဲ့ အပြစ်တင်သံကို အဘွားအို မကြားခဲ့ရတော့ဘူး။ အဘွားအိုအပေါ်ထားတဲ့ ချွေးမရဲ့ အပြုအမူတွေလည်း ပြောင်းလဲလာခဲ့တယ်။ မိသားစုတစ်စုရဲ့ မနက်ဖြန်တိုင်းက နေရောင်ခြည်တွေနဲ့ နွေးထွေးလာခဲ့ပါတယ်။

မူရင်းရေးသားသူ (Huang Shi Shou)

# အမေများနေ့ဘာကြောင့်ဖြစ်

**အမျိုးသမီးတွေ အရာရာမှာ ရင်ဘောင်တန်းလာနိုင်သလို မိခင်တစ်ဦးတလေသည်း မိသားစုဆိုတဲ့ နယ်ပယ်ထဲမှာတင်မကတဲ့ အဖက်ဖက်မှာ အရေးပါကြောင်းကို ပြသခြင်းလည်း ဖြစ်တယ်။**

အမေများနေ့ ဘာကြောင့်ဖြစ်လာတာလဲ။ ဖြစ်ပေါ်လာပုံကို ပြောကြတာချင်း မတူကြပါဘူး။ မြန်မာပြည်မှာတော့ ပြာသိုလပြည့်နေ့ကို အမေများနေ့အဖြစ် သတ်မှတ်ကြတယ်။

တချို့နိုင်ငံရဲ့အမေများနေ့ကို သမိုင်းပညာရှင်များရဲ့ ခန့်မှန်းချက်အရ ရှေးဂရိလူမျိုးတွေ Rhea နတ်သမီးကို ပူဇော်ပသရာကစခဲ့တယ်လို့ဆိုပါတယ်။ ရောမခေတ်မှာလည်း မိခင်များနေ့ အထိမ်းအမှတ်ပွဲပုံစံ ကျင်းပခဲ့ကြတယ်။အဲဒီပွဲကမယ်တော် Magna Mater နတ်ကို ပူဇော်ပသတာပဲ ဖြစ်တယ်။ ရောမမြို့က Palatine Hill မှာမယ်တော် Magna Mater အတွက်အမှတ်တရဆောက်ထားတဲ့ကျောင်းဆောင်ရှိတယ်။ဒီလိုပူဇော်ပွဲကိုဘီစီ ၂၅၀ ခုနှစ်က စခဲ့ပြီး Festix Hilaria လို့ အမည်ခေါ်တွင်ခဲ့တယ်။ မတ်လမှာကျင်းပပြီး ၁၅ ရက်နေ့ကနေ ၁၈ ရက်နေ့အထိ ၃ ရက်ကြာကျင်းပတယ်လို့ ဆိုပါတယ်။

နိုင်ငံတိုင်း မိခင်များနေ့ကျင်းပတာချင်း မတူညီကြဘူး။ ဒါပေမဲ့ တချို့နိုင်ငံ ဥပမာ ဒိန်းမတ်၊ ဖင်လန်၊ အီတလီ၊ တူရကီ၊ ဩစတေးလျနဲ့ ဘယ်လ်ဂျီယံတို့က နှစ်စဉ်နှစ်တိုင်းရဲ့ မေလ ဒုတိယပတ် တနင်္ဂနွေနေ့မှာ မိခင်များနေ့ ကျင်းပလေ့ရှိတယ်။

## (၁) အင်္ဂလန်နိုင်ငံ ကျင်းပပုံ

အင်္ဂလန်နိုင်ငံရဲ့Mothering Sunday ကျင်းပပုံက ယခုခေတ် မိခင်များနေ့ ကျင်းပပုံနဲ့ ပိုတူတယ်။ Mid-Lent Sunday လို့လည်း ခေါ်ကြတယ်။ နှစ်စဉ်နှစ်တိုင်း ခရစ်ယာန်ဘာသာဝင်ရဲ့အာပတ်ဖြေပွဲ နောက်ဆုံးအပတ် တနင်္ဂနွေနေ့မှာ ကျင်းပကြတယ်။

တချို့ဆိုရင်တွေက ဒီပွဲဟာ ရှေးရောမတွေ Cybele နတ်သမီးကိုပူဇော်တဲ့ပွဲနဲ့ ဆက်နွယ်နေပြီး မယ်တော်မာရီကို အထိမ်းအမှတ်ပြုတဲ့ပွဲလို့ ဆိုပါတယ်။ တချို့ကလည်း Mother Church နဲ့ နတ်သမီးနေရာကို အစားထိုးလိုက်ပြီး အဲဒီအချိန်ရောက်ရင် ယုံကြည်ကိုးကွယ်တဲ့ ဘာသာဝင်တွေက သူတို့နှစ်ခြင်းခံခဲ့တဲ့နေရာကို ပြန်လာပြီး သူတို့ရဲ့ဝိညာဉ်ကို မိခင်သဖွယ် လမ်းပြပေးတဲ့ မယ်တော်မာရီကို ပူဇော်ကြတယ်လို့ သိရတယ်။

တစ်ဖန် ၁၇ ရာစု အင်္ဂလန်မှာ အပြင်ရောက်နေတဲ့ သားသမီးတွေက နှစ်တိုင်းရဲ့ဒီရာသီမှာ အိမ်ပြန်ကြပြီး မိခင်နဲ့ စုဝေးကြတယ်။ လက်ဆောင်ပစ္စည်း ဒါမှမဟုတ် morther cake တွေကို မိခင်အတွက် လက်ဆောင်ပေးကြတယ်။ တချို့က ဒီလိုပွဲတော်မှာ ဂျုံ သကြား၊ နွားနို့နှင့် အမွှေးရနံ့တွေကို ရောကျိုပြီးစားကြတယ်။ မတူတဲ့ ဒေသမှာ အစားအစာတွေကလည်း ကွဲပြားကြတယ်။ အင်္ဂလန်နဲ့ စကောတလန်ဘက်က carlings လို့ခေါ်တဲ့ စားစရာတစ်မျိုးကို မိခင်များနေ့မှာ လုပ်စားကြတဲ့အတွက် မိခင်များနေ့ကို Carling Sunday လို့လည်း ခေါ်ကြတယ်။

## (၂) အမေရိကန် ကျင်းပပုံ

အမေရိကန် အမျိုးသမီး Anna M.Jarvis (၁၈၆၄ - ၁၉၄၈)ရဲ့ထောက်ခံပြောဆိုမှုကြောင့် မိခင်များနေ့ကို လူသားမိခင်ရဲ့ အထိမ်းအမှတ်နေ့အဖြစ် သတ်မှတ်လိုက်ကြတယ်။ တစ်သက်လုံး အိမ်ထောင်မပြုခဲ့တဲ့ Anna က မိခင် Anna Rees Jarvis နဲ့ သက်ဆုံးတိုင်နေခဲ့တယ်။ သူ့မိခင်က ဓာသာတစ်ဦးရဲ့သမီးဖြစ်ပြီး West Virginia ပြည်နယ် Grafton ဆိုတဲ့ မြို့လေးရဲ့ဘုရားကျောင်းတစ်ခုမှာ Sunday School အနှစ်နှစ်ဆယ် စာသင်ခဲ့တယ်။

နှစ်ဆယ်ရာစုနှစ်မှာ အမျိုးသမီးတွေ လူ့အဖွဲ့အစည်းတွေထဲ ပါဝင်ခွင့်ရပြီး နိုင်ငံရေးတွေမှာ ဆန္ဒမဲပေးခွင့်တွေ ရလာကြတယ်။ ဒီလို အခွင့်အရေးရတဲ့ နေရာမှာ ကြီးပြင်းလာခဲ့တဲ့ Anna ဘ နိုင်ငံရေးတွေမှာ ပါဝင်ခဲ့တယ်။ ၁၉၀၅ ခုနှစ်၊ မေလမှာ သူ့မိခင်ဆုံးတယ်။ မိခင်ဆုံးပြီး

၂နှစ်မှာ Annaကသူ့မိခင်စာသင်ခဲ့တဲ့ဘုရားကျောင်းမှာ ၂နှစ်ပြည့်(မေလဒုတိယပတ်တနင်္ဂနွေနေ့) အထိမ်းအမှတ်နေ့အဖြစ် ကျင်းပခဲ့တယ်။ အထိမ်းအမှတ်ပွဲမှာ မိခင်ရဲ့ရိုးမြင်မှု၊ ရိုးသားမှုနဲ့ ထာဝရတည်တံ့မှုကိုမိခင်ကြိုက်တဲ့အဖြူရောင် Dianthus caryophyllus ပန်းတွေနဲ့အစားထိုးခင်းကျင်းခဲ့တယ်။ အခုခေတ်မှာတော့ မိခင်များနေ့ပန်းကိုအနီရောင် Dianthus caryophylius အဖြစ် ပြောင်းလဲခဲ့ပြီး အဖြူရောင်ကိုတော့ ကွယ်လွန်သွားတဲ့ မိခင်တွေအတွက် သုံးကြတယ်။

၁၉၀၈ ခုနှစ်မှာ ပုံစံတူ အထိမ်းအမှတ်နေ့ကို ထပ်ကျင်းပခဲ့ပြန်တယ်။ အဲဒီနောက် Anna ဟာ မိတ်ဆွေအချို့နဲ့ပေါင်းပြီး letter-writing campaign အဖွဲ့ကို ဖွဲ့စည်းခဲ့တယ်။ ခေါင်းဆောင် အကြီးအကဲ၊ ကုန်သည်၊ ပါတီဝင်တွေရဲ့ ထောက်ခံမှုကိုယူပြီး အဲဒီအထိမ်းအမှတ်နေ့ကို တစ်နိုင်ငံလုံးရဲ့မိခင်များနေ့အဖြစ် သတ်မှတ်ခဲ့တယ်။

အဖွဲ့အစည်းရဲ့ရည်ရွယ်ချက်တစ်ခုက သူ့မိခင်ကို လွမ်းဆွတ်ခြင်းကနေ ရှိသမျှအမေအားလုံးကို လေးစားပြီး လူတွေအားလုံး ဒီလိုအချိန်အခါမှာ မိခင်အပေါ်ထားတဲ့ လေးစားမှု၊ ချစ်ခြင်းတွေကို ထုတ်ဖော်ပြသဖို့နဲ့ မိသားစုအချင်းအချင်း မေတ္တာတွေ ပိုမိုခိုင်မြဲစေအောင် ဖြစ်တယ်။ နောက်ရည်ရွယ်ချက်တစ်ခုမှာ အမျိုးသမီးများအတွက် နေ့တစ်နေ့အဖြစ် သတ်မှတ်ပြီး အထူးသဖြင့် အိမ်ထောင်တစ်ခုလုံးအတွက် အနစ်နာခံပေးဆပ်နေတဲ့ မိခင်ဆိုတဲ့ အမျိုးသမီးကို အာရုံထား ဂရုပြုမိဖို့အတွက် ဖြစ်တယ်။

Anna ရဲ့ကြိုးပမ်းမှုကြောင့် ၁၉၁၀ ခုနှစ်မှာ West Virginia ပြည်နယ်က မိခင်များနေ့ကို အပြည်ပြည်ဆိုင်ရာနေ့အဖြစ် သတ်မှတ်ကြေငြာလိုက်တယ်။ ၁၉၁၁ ခုနှစ် ရောက်တော့ ပြည်နယ်တိုင်းက မိခင်များနေ့ကို ကျင်းပကြတယ်။ အဲဒီနှစ်မှာပဲ ကမ္ဘာ့နိုင်ငံအသီးသီးက ဥပမာမက်ဆီကို၊ ကနေဒါ၊ တရုတ်၊ ဂျပန်၊ တောင်အမေရိကနဲ့ အာဖရိကတိုက်တို့ကလည်း မိခင်များနေ့ကိုစတင်ကျင်းပခဲ့တယ်။ ၁၉၁၂ ခုနှစ်၊ ၁၂လပိုင်း၊ ၁၂ရက်နေ့မှာ The Mother's Day International Association ကို စတင်ဖွဲ့စည်းပြီး မိခင်များနေ့ကို အသိအမှတ်ပြုခဲ့တယ်။

၁၉၁၃ ခုနှစ် Pennsylvania ပြည်နယ်ကလည်း မိခင်များနေ့ကို အပြည်ပြည်ဆိုင်ရာနေ့အဖြစ် ကြေငြာခဲ့တယ်။ ၁၉၁၄ ခုနှစ်၊ မေလ ၈ ရက်နေ့မှာ လွှတ်တော်ကိုယ်စားလှယ်တို့ရဲ့ အတည်ပြုချက်နဲ့ မေလ ဒုတိယပတ် တနင်္ဂနွေနေ့ကို အမေရိကားရဲ့ မိခင်များနေ့အဖြစ် သတ်မှတ်ခဲ့ကြတယ်။ အမေရိကန်သမ္မတ Woodrow Willson က အတည်ပြုချက်ကို လက်မှတ်ရေးထိုးပေးခဲ့တယ်။

## (၃) ကမ္ဘာ့အရပ်ရပ်က မိခင်များနေ့ကျင်းပပုံ

ကမ္ဘာ့အရပ်ရပ်က မိခင်များနေ့ ကျင်းပချိန်ချင်း မတူကြဘူး။ နော်ဝေးက ဖေဖော်ဝါရီလ ဒုတိယတနင်္ဂနွေ၊ အာဂျင်တီးနားက ၁၀ လပိုင်း ဒုတိယတနင်္ဂနွေ၊ လက်ဘနွန်က နွေဦးဝင်စ ပထမနေ့ရက် အာဖရိကက မေလ ပထမတနင်္ဂနွေနေ့မှာ ကျင်းပကြတယ်။

Yugoslavia နိုင်ငံ Serbian လူမျိုးတွေ မိခင်များနေ့ကို Materice လို့ခေါ်ကြပြီး ခရစ္စမတ်မရောက်ခင် နှစ်ပတ်အလိုမှာ ကျင်းပကြတယ်။ ကျင်းပပုံက မိခင်များနေ့ မနက်ခင်းမှာ ကလေးတွေက မိခင်အိပ်ခန်းထဲခိုးဝင်ပြီး မိခင်ကို ကြိုးနဲ့တုတ်ကြတယ်။ မိခင်နိုးလာရင် ကလေးတွေကို ခေါင်းအုံးအောက်မှာ သိမ်းထားတဲ့ လက်ဆောင်ပစ္စည်းတွေပေးပြီး ကြိုးဖြည်ပေးဖို့ တောင်းဆိုရတယ်လို့ ဆိုပါတယ်။

အိန္ဒိယလူမျိုးတွေက ၁၀ လဆန်းပိုင်းမှာ Durga Puja လို့ခေါ်တဲ့ ၁၀ ရက်ပွဲကို ကျင်းပကြတယ်။ ပွဲက သူတို့ဘာသာမှာ အရေးအပါဆုံး နတ်သမီးတစ်ပါးဖြစ်တဲ့ Durge Durge ကို ပူဇော်ပသကြခြင်း ဖြစ်တယ်။ အဲဒီနတ်သမီးက ခန္ဓာကိုယ်မြင့်မားပြီး လက် ၁၀ ချောင်းပါတယ်။ လက်တိုင်းမှာကိုင်ထားတဲ့ လက်နက်ကိရိယာတွေက မကောင်းဆိုးဝါးတွေကို မောင်းထုတ်ဖျက်ဆီးနိုင်စွမ်း ရှိတယ်လို့ ဆိုပါတယ်၊

စပိန်နဲ့ ပေါ်တူဂီတွေရဲ့ ကျင်းပပုံက ဘာသာရေးပွဲနဲ့ ဆက်နွယ်နေတယ်။ ၁၂ လပိုင်း၊ ၈ ရက်နေ့ မယ်တော်မာရီကို ပူဇော်တဲ့နေ့နဲ့အတူ သားသမီးတွေက မိခင်အပေါ်ထားတဲ့ သူတို့ရဲ့ မေတ္တာကို ထုတ်ဖော်ပြသတဲ့နေ့ (မိခင်များနေ့) အဖြစ် ကျင်းပကြတယ်။

ပြင်သစ်နိုင်ငံရဲ့ မိခင်များနေ့က မေလနောက်ဆုံးပတ် တနင်္ဂနွေနေ့ဖြစ်ပြီး တစ်အိမ်သားလုံးရဲ့ မွေးနေ့ပွဲအဖြစ် ကျင်းပကြတယ်။ ညစာစားပွဲကို မိသားစုအားလုံး တူညီတက်ရောက်ကြပြီး စားပွဲပြီးရင် မိခင်အတွက်လုပ်ထားတဲ့ မွေးနေ့ကိတ်ကို စားကြပြန်တယ်။

ဆွီဒင်နိုင်ငံလည်း မေလနောက်ဆုံးပတ် တနင်္ဂနွေနေ့မှာ မိခင်များနေ့ကို ကျင်းပကြပြီး ဆွီဒင်ကြက်ခြေနီအသင်းက မိခင်အတွက် ရည်ရွယ်ထားတဲ့ ပလက်စတစ်ပန်းတွေကို ရန်ပုံငွေအဖြစ် ရောင်းချကြတယ်။ ဂျပန်နဲ့ မြောက်အမေရိကတိုက် နိုင်ငံများက အမေများနေ့ကို တစ်နေ့တည်း ကျင်းပကြတယ်။ ၄ နှစ်တစ်ခါ ဒီလိုနေ့ရက်မှာ အသက် ၆ နှစ်မှ ၁၄ နှစ်အရွယ်ထိ "ကျွန်တော့်မိခင်" ဆိုတဲ့ခေါင်းစဉ်နဲ့ ပန်းချီပြပွဲကို ကမ္ဘာအနှံ့ လှည့်လည်ကျင်းပကြတယ်။

မိခင်များနေ့ကို ယနေ့တိုင် ပြုလုပ်ကျင်းပခဲ့ကြတယ်။ အရင်က မိခင်တွေကို သတိရအောက်မေ့တဲ့နေ့အဖြစ် ကျင်းပခဲ့ရကနေ လူ့အဖွဲ့အစည်းအတွက် စတေးခံ၊ အနစ်နာခံ ပေးဆပ်ခဲ့တဲ့ အမျိုးသမီးတွေအတွက်ပါ ကျင်းပလာကြတယ်။

အမျိုးသမီးတွေ အရာရာမှာ ရင်ဘောင်တန်းလာနိုင်သလို မိခင်တစ်ဦးကလည်း မိသားစုဆိုတဲ့ နယ်ပယ်ထဲမှာတင်မကဘဲ အဖက်ဖက်မှာ အရေးပါကြောင်းကို ပြသခြင်းလည်းဖြစ်တယ်။ Anna ကဥပမာကောင်းတစ်ခုဖြစ်တယ်။ သူဟာ တစ်သက်လုံးအိမ်ထောင်မပြုခဲ့၊ မိခင်မလုပ်ဖူးခဲ့တဲ့မိခင်၊ အိမ်ထောင်ရှင်မ၊ ဇနီးမယားဆိုတဲ့ သရုပ်ကို မဆောင်ခဲ့ဖူးသူဖြစ်ပေမဲ့ မိခင်ရဲ့ကြီးမားတဲ့အနှိုင်းမဲ့မေတ္တာတရားကိုလူတွေသိအောင်၊ နားလည်အောင်ပြသနိုင်ခဲ့တယ်။

Ref : http:/en.wikipedia.org/wiki/Mother's Day

http://forum.yam.org.tw/mday99/dic.htm#003


if

# အကယ်၍ ...

အကယ်၍ သင်ဟာ သာမန်မိသားစုက ကြီးပြင်းလာခဲ့ရင်
အကယ်၍ သင်ရဲ့မိဘတွေ သက်ရှိထင်ရှားရှိနေသေးရင်
အကယ်၍ သင်ဟာ မိဘတွေနဲ့ အတူနေသည်ဖြစ်စေ မနေသည်ဖြစ်စေ...

အကယ်၍ တစ်နေ့မှာ အိမ်ရှိမီးဖိုချောင်ဟာ အရင်လို မသပ်ရပ်တော့ဘူးလို့ သင် သတိထားမိခဲ့ရင်
အကယ်၍ တစ်နေ့မှာ ပန်းကန်ခွက်ယောက်တွေဟာ အရင်လို မသန့်ရှင်းတော့ဘူးလို့ သင် သတိထားမိခဲ့ရင်
အကယ်၍ တစ်နေ့မှာ ထမင်းအိုးတွေ မည်းညစ်နေတယ်လို့ သင် သတိထားမိခဲ့ရင်
အကယ်၍ တစ်နေ့မှာ ပန်းခြံထဲကပန်းတွေ ညှိုးနွမ်းနေပြီး မြက်တွေထူထပ်နေတယ်လို့ သင် သတိထားမိခဲ့ရင်
အကယ်၍ တစ်နေ့မှာ ဗီရိုတွေ၊ ကြမ်းတွေဟာ မတောက်ပြောင်ပဲ ဖုန်တွေနဲ့ ဖုံးလွှမ်းနေပြီလို့ သင် သတိထားမိခဲ့ရင်
အကယ်၍ တစ်နေ့မှာအမေချက်တဲ့ဟင်းတွေ ငန်ပြီး အရင်ကနဲ့မတူတော့ဘူးလို့ သင်သတိထားမိခဲ့ရင်
အကယ်၍ တစ်နေ့မှာ အမေ့ရဲ့မှတ်ဉာဏ်တွေ လျော့နည်းလာတယ်လို့ သင် သတိထားမိခဲ့ရင်
အကယ်၍ တစ်နေ့မှာ အမေအမြဲလုပ်ကျင့်ရှိတဲ့အရာတွေ မလုပ်တော့ဘူးလို့ သင် သတိထားမိခဲ့ရင်
(ဥပမာ - ဈေးသွားခြင်း၊ ရေချိုးခြင်း)
အကယ်၍ တစ်နေ့မှာ ကြွပ်ဆတ်တဲ့အရာတွေကို အဖေ မစားတော့ဘူးလို့ သင် သတိထားမိခဲ့ရင်
အကယ်၍ တစ်နေ့မှာ ပျော့တဲ့ထမင်းဟင်းတွေကိုသာ အဖေ ဝါးနိုင်တယ်လို့ သင်သတိထားမိခဲ့ရင်
အကယ်၍ တစ်နေ့မှာ လမ်းဖြတ်ကူးတဲ့အဖေ အရင်လို မသွက်တော့ဘူးလို့ သင် သတိထားမိခဲ့ရင်
အကယ်၍ တစ်နေ့မှာ ထမင်းစားချိန်မှာ အဖေ မပြတ်ချောင်းဆိုးနေတယ်လို့ သင် သတိထားမိခဲ့ရင်
(နာစေး၊ ချောင်းဆိုး၊ အအေးမိတယ်လို့ မထင်လိုက်ပါနဲ့၊
ဝါးမျိုနိုင်တဲ့ အာရုံကြောတွေ တဖြည်းဖြည်း ချွတ်ယွင်းလာခြင်းပါ)

အကယ်၍ တစ်နေ့မှာ . . .
သင် သတိထားမိခဲ့ရင်
သင့်မိဘတွေဟာ အသက်ကြီးရင့်ပြီး အိုစာလာပြီဖြစ်ကြောင်း
ပြုစုစောင့်ရှောက်ဖို့ လိုအပ်နေပြီဖြစ်ကြောင်း. . .

# ဟိုးဝေးဝေးက အမေ့အိမ်

**'လူဆင်းရဲလေညီး ပညာတော့ တတ်ထားသင့်တယ်။ ကျန်းမာရေးကို ဂရုစိုက်၊ ဘယ်တော့မှ လက်မလျှော့နဲ့၊ ဘယ်တော့မှမပိုနဲ့။ ပညာစုံရင် အိမ်ကိုပြန်ခဲ့ အမေ အမြဲတံခါးဖွင့်ပြီး ကြိုနေမယ်'**

"ဘယ်တော့ပြန်လာမလဲ"

"ပြန်လာဖို့စိတ်မကူးဘူးလား"

"ငါတို့နှစ်ကသူငယ်ချင်းတွေတော်တော်များများပြန်လာကြပြီးနင်ကောဘယ်တော့ပြန်လာမလဲ"

"မပျော်ရင် ပြန်လာတော့ ငါတို့ ကျွေးထားနိုင်တယ်။ တစ်ယောက်တည်းအပြင်မှာ လေလွင့်မနေနဲ့တော့"

"သုံးဖို့ နည်းနည်းပါးပါးစုမိရင် ပြန်လာခဲ့ပါ။ ငါတို့နဲ့ လာနေ မငတ်စေရဘူး"

အဒေါ်၊ အစ်မတွေဆီကဖုန်းဆက်တိုင်း၊ သူငယ်ချင်းတွေဆီ ဖုန်းဆက်တိုင်း၊ ကျွန်မ ကြားနေကျစကားတွေပါ။

သူတို့ဆီ ဖုန်းဆက်ပြီးတိုင်း ကျွန်မ ငိုင်ခဲ့ရတဲ့ အကြိမ်ပေါင်း မနည်းတော့ပါဘူး။ အိမ်ပြန်ဖို့အတွက် ချီတုံချတုံ ဝေခွဲမတတ်တဲ့စိတ်နဲ့ ညည ငိုခဲ့ရတဲ့အကြိမ်တွေလည်း မရေမတွက်နိုင်တော့ပါဘူး။

"အိမ်" မခမ်းနားမထည်ဝါချင်နေ၊ အိမ်ဆိုတာ အနွေးထွေးဆုံးနေရာတဲ့။ ဒဏ်ရာရသူတွေအတွက် အကောင်းဆုံး စိတ်ကုသရာနေရာတဲ့။ ကျရှုံးသူတွေအတွက် အားသစ်တစ်ဖန် မွေးဖွားရာနေရာတဲ့။ အရင်က စိတ်ညစ်တိုင်း၊ စိတ်ဓာတ်ကျတိုင်း၊ ငွေပြတ်တိုင်း၊ ရောက်ရာအရပ်က ကျွန်မ အိမ်ကို လှည့်ပြန်နေကျ။ နွေးထွေးတဲ့ အမေ့ရင်ခွင်ထဲမှာခိုပြီး စိတ်ညစ်စရာတွေ ရင်ဖွင့်နေကျ။ အမေ့ချွေးနံ့စာကို ရှူရှိုက်ပြီး ကျွန်မလက်ဖြန့်တောင်းနေကျ။ ပါကာတိပါတာကံကိုမှမမှုဘဲ အိမ်မွေးကြက်တွေကို ကိုယ်တိုင်သတ်ပြီးချက်ကျွေးတဲ့ အမေ့လက်ရာကို ကျွန်မ စားနေကျ။ အဲလို နွေးထွေးတဲ့အိမ်ကို ကျွန်မ ပြန်ချင်ခဲ့တာ အခုမှမဟုတ်ပါဘူး။ ခရီးဝေးအတွက် အမေနဲ့အိမ်ကို စခွဲပြီး လမ်းခုလတ်ရောက်ကတည်းက ကျွန်မ ပြန်ချင်ခဲ့တာပါ။

"လူဆင်းရဲလည်း ပညာတော့ တတ်ထားသင့်တယ်။ ကျန်းမာရေးကို ဂရုစိုက်၊ ဘယ်တော့မျှ လက်မလျှော့နဲ့၊ ဘယ်တော့မျှမငိုနဲ့။ ပညာစုံရင် အိမ်ကိုပြန်ခဲ့ အမေ အမြဲတံခါးဖွင့်ပြီး ကြိုနေမယ်" အိမ်ကိုမခွဲခင် အမေမှာခဲ့တဲ့ စကားသံတွေက နောက်ကိုလှည့်ပြန်ချင်နေတဲ့ ကျွန်မရဲ့စိတ်နဲ့ ခြေလှမ်းတွေကို ရှေ့ကိုဆက်ဖို့ တွန်းအားဖြစ်ခဲ့တယ်။ အိမ်ကို မကြာခဏ ကျွန်မခွဲဖူးတယ်။ အမေနဲ့အိမ်ကိုလွမ်းတိုင်း ရောက်ရာအရပ်က ကျွန်မ အိမ်ကို ချက်ချင်း လှည့်ပြန်နေကျ။ အခုလည်း အမေ့ဆန္ဒတစ်ခု ဖြည့်နိုင်ခဲ့ပြီမို့ အိမ်ကို အချိန်မရွေး ကျွန်မ ပြန်လို့ရနေပါပြီ။ ဒါပေမဲ့ ဒီတစ်ခါ အိမ်ကိုပြန်ရမှာ ကျွန်မ ကြောက်နေခဲ့တယ်၊

ဒီနေ့နဲ့မနက်ဖြန်ဟာမတူဘူးဆိုတဲ့အတိုင်း (၇) နှစ်ကျော်ဆိုတဲ့အချိန်အတိုင်းအတာတစ်ခုက ကျွန်မကို အိမ်မပြန်ရဲအောင် ခြောက်လှန့်တားဆီးနေခဲ့တယ်။ အိမ်ကိုခွဲပြီး ထွက်လာခဲ့တုန်းက အိမ်ဝမှာ မျက်ရည်ဝဲပြီး လက်ပြကျန်ရစ်ခဲ့တဲ့အမေ၊ တံခါးဖွင့်ပြီး ကြိုနေမယ်ဆိုတဲ့အမေ၊ ဒီတစ်ခါ ကျွန်မရဲ့အိမ်အပြန်လမ်းမှာတော့ နွေးထွေးပြီး ကမ်းလင့်မယ့်လက်တစ်စုံ မဲ့နေပါပြီ။ ကြိုသူမဲ့ တံခါးရွက်တွေလည်း တင်းတင်းစေ့နေခဲ့ပါပြီ။ မနက်မိုးမလင်းခင် ရေနံဆီမီးခွက်မှိန်မှိန်အောက်မှာ အထည်ချုပ်နေတဲ့ အမေ့ရဲ့စက်သံလည်း တိတ်ဆိတ်နေခဲ့ပါပြီ။ အဲဒီလို အရာရာခြောက်သွေ့ပြီး အထီးကျန်နေတဲ့အိမ်ကို ကျွန်မ ဘယ်ပြန်ရဲတော့မလဲ။

အိမ်ပြန်ရောက်လျှင် အမေ့ကို ပိုသတိရမိမှာစိုးလို့ အမေခွဲသွားတဲ့အချိန် လွန်ခဲ့တဲ့ ၇ နှစ်ကျော်ကို မေ့ချင်ဟန်ဆောင်ပြီး ကျွန်မ လေလွင့်နေခဲ့တယ်။ အိမ်ပြန်ရောက်ရင် အမေ့ရဲ့အရိပ်၊ အမေ့ရဲ့စကားသံ၊ အမေ့သင်္ကေတန်တွေကို ပြန်မြင်မိမှာစိုးလို့ အိမ်ကိုပြန်ဖို့ ကျွန်မ သိပ်ကြောက်နေခဲ့တယ်။ ဒါဟာ အဖြစ်မှန်ပဲ အဖြစ်မှန်ကို ရင်ဆိုင်ရမယ်ဆိုတဲ့ သူငယ်ချင်းတွေရဲ့စကားကို လျစ်လျူရှုပြီး သူတို့ အိမ်ပြန်ဖို့ အဖော်လာညှိတိုင်း ပိုက်ဆံမရှိဘူးဆိုတဲ့ အကြောင်းပြချက်နဲ့ ကျွန်မ ငြင်းဆန်ခဲ့တယ်။ ဘယ်လိုမျှ ပြန်မရနိုင်တော့တဲ့ ဆုံးရှုံးမှုတစ်ခုကိုရင်ဆိုင်ဖို့ ကျွန်မခွန်အားတွေ မဲ့နေခဲ့လို့ပါ။

"အိမ်ပြေး"

ဒီနေ့တော့
အိမ်ပြန်ရောက်ဖို့ လမ်းပျောက်နေပြီ။

အမေ့အိမ်ကနေ
ရက်ပေါင်းခုနစ်ထောင် အကွာအဝေးက
မိုင်လေးရာကျော် ကြာမြင့်လို့။
တိုက်မြင့်မြင့်တွေများတဲ့ မြို့ကြီးကနေ
အမေ့အိမ်ရှေ့ဝရန်တာက
မြင်နေရတဲ့ကြယ်တွေကိုကြည့်ရင်း
အမေရယ်
သားချင်ခြင်းတပ်ခဲ့တဲ့ အိမ်ပြန်ရှိန်တွေက
လင်းတစ်လှည့်မှိန်တစ်လှည့်။

ရာသီစာခြံထွက်တွေလို လတ်ဆတ်တဲ့ အမေ့အပြုံးထက်
ရေခဲသေတ္တာထဲက ဒိန်ခဲလို
အေးစက်ငန်ကျိတဲ့မရိုးတရိ အပြုံးတွေကို
သားကိုယ်တိုင် အဓိပ္ပာယ်မသိဘဲ ကြိုက်မိတော့
ဘဝက မြည်းရင်းစမ်းရင်း ခါးသီးလာပြီ။

အခု
တိမ်တွေရဲ့သတင်းစကားမှာ
အမေ ထာဝရအနားရသွားပြီတဲ့
ကျွန်တော်သိတယ်
မြို့ငယ်လေးရဲ့တောင်ကုန်းမြင့်မြင့်တစ်ခုမှ
အမေရှိနေပေမဲ့
ကျွန်တော် ပြန်တူးဖော်မရနိုင်ဘူးဆိုတာ . . .

မိုးလှိုင်ည

ဒီကဗျာလေးကြောင့်လည်း ကျွန်မ ကြေကွဲမှုတွေ အရှိန်တက်ခဲ့ရတယ်။

"ငါ့ကို နင့်အမေလို့သဘောထားပြန်လာခဲ့တော့" ဆိုတဲ့ အဒေါ်ရဲ့စကားကို ခေါင်းသွင်သွင်ယမ်းပြီး ကျွန်မ ငိုခဲ့တယ်။ အိပ်မက်ဆိုတာ စိတ်စွဲရင်ထပ်တလဲလဲ မက်တတ်တယ်တဲ့။ အမေရှိခဲ့ဖူးတဲ့ နွေးထွေးတဲ့အိမ်လေးကို ကျွန်မ ဘယ်လိုပဲစိတ်စွဲပြီး အိပ်မက်တွေ အထပ်ထပ်မက်ခဲ့လဲ နိုးထလာချိန်မှာ အိပ်မက်တွေဟာ အေးစက်နေခဲ့တယ်။ ဆွေမျိုးသားချင်းတွေနဲ့ သူငယ်ချင်းတွေရဲ့ ချစ်ခြင်းမေတ္တာတွေဟာ ကျွန်မ စိတ်ပျက်အားငယ်တိုင်း ကျွန်မရဲ့ ဦးခေါင်းကို ပွတ်သပ်ပေးဖူးတဲ့ အမေ့ရဲ့လက်လောက် ဘယ်လိုဖြုံနိုင်မလဲ။ ဘယ်နွေးထွေးနိုင်ပါ့မလဲ။ အခုလို နေမကောင်းဖြစ်တဲ့အချိန်မှာ အမေ့ကို ကျွန်မ ပိုလွမ်းမိတယ်။ ငယ်ငယ်က ဖျားနာတိုင်း ဘာဆေးအကူမှမလိုဘဲ ရိုးရာနည်းနဲ့ ပရုတ်ဆီလိမ်းပြီး ကျွန်မကိုခြစ်ပေးခဲ့တဲ့ အမေ့ရဲ့ကုသနည်းက အခုကျွန်မသောက်နေတဲ့ အင်္ဂလိပ်ဆေးတွေထက် စွမ်းနေခဲ့တယ်။ နဖူးကို ယုယုယယနဲ့လာလာစမ်းတတ်တဲ့ အမေ့ရဲ့လက်တွေကို ကျွန်မ လွမ်းနေခဲ့မိတယ်။

"အခုတော့ အမေရယ် နွေးထွေးတဲ့အိမ်တစ်လုံးကို အမေနဲ့အတူ မြှုပ်နှံခဲ့မိပြီလား။ ဘယ်တော့မျှ ပြန်မရနိုင်တော့တဲ့ အမေ့အိမ်ကို တမ်းတရင်း အမေနဲ့ရွာကို ကျွန်မ လွမ်းနေပါတယ် အမေရယ်"

# လေလွင့်သူတစ်ယောက်ရဲ့ အိပ်မြှုန်ချိန်

**အဲဒီအချိန်တစပြီး 'ချစ်တယ်' ဆိုတဲ့စကားကို အချိန်မရွေးနိုင်ပြောဖို့ ကျွန်တော် အသိတရား ရလိုက်တယ်။ ကိုယ်ချစ်တဲ့သူတွေအတွက် အချိန်တွေပေးဖို့လိုကြောင်း ကျွန်တော် နားလည်လိုက်တယ်။**

"အမေ နိုင်ငံခြားမှာ ကျောင်းဆက်တက်ဖို့ သူငယ်ချင်းတွေက ဝင်ခွင့်စာမေးပွဲ ဖြေကြမလို့တဲ့။ ကျွန်မလည်း ဖြေကြည့်ချင်တယ်"

တစ်ခုသော မိုးဦးကာလမှာ စွတ်စိုစမြေကြီးထဲက ပြူထွက်လာတဲ့ ပျိုးပင်ကလေး တစ်ပင်လို၊ အိပ်မက်တစ်ခုလို သူ မရဲတရဲ မက်လိုက်တယ်။

"ကောင်းတယ်။ ဖြေချင်ရင်ဖြေ" အမေ့ရဲ့ အားပေးစကားက ပျိုးပင်ရှင်သန်ဖို့ သွန်းလောင်းလိုက်တဲ့ မိုးရေစက်လိုပဲ သူ့အိပ်မက်ကို ကြီးထွားစေခဲ့တယ်။

"အောင်သွားရင်ကော"

စက္ကန့်ပိုင်းလောက် တွေဝေသွားတဲ့မျက်နှာကို အမေထိန်းရင်း. . . .

"အောင်တော့လည်း ကျောင်းဆက်တက်ပေါ့။ အမေတို့က ဆင်းရဲတယ်၊ ပညာပဲ အမွေပေးနိုင်တယ်၊ အောင်အောင်ဖြေခဲ့ ဘာမျှစိတ်မပူနဲ့၊ ရှိတာရောင်း၊ စပါးတွေရောင်းပြီး အမေ ကျောင်းဆက်ထားပေးမယ်၊ မလောက်ရင် လယ်ရောင်းပြီးပို့မယ် ဟုတ်ပြီလား"

တကယ်တမ်းကျတော့ စုထားတာရောင်း၊ စပါးတွေရောင်းရတဲ့ အမေ့ငွေက သူ့အတွက် ပတ်စ်ပို့တစ်အုပ်ဖိုးသာ တတ်နိုင်ခဲ့တယ်။ လူမမယ် မောင်ညီမငယ်သုံးယောက်နဲ့ တစ်အိမ်လုံး စားဝတ်နေရေးအတွက် အားထားရတဲ့လယ်ကို သူ့တစ်ယောက်တည်းရဲ့ အိပ်မက်အတွက် အမေ ရောင်းရက်ပါ့မလား။ အဲဒီတုန်းက ရှိသမျှအကြွေတွေရှာကြံရင်း အမေ ဗျာများနေခဲ့မယ်ဆိုတာကို သူ မှတ်မိနေသေးတယ်။

ကံတရားက တစ်ခါတလေတော့လည်း ဆင်းရဲသားတွေကို မျက်နှာသာပေးပါတယ်။ တူ၊ တူမတွေထဲက ကျောင်းနေချင်သူတွေ ကျောင်းဆက်မတက်နိုင်ရင် ထောက်ပံ့မယ်ဆိုတဲ့ ဦးလေး(အမေ့ညီမယောကျ်ား)ရဲ့စကားတစ်ခွန်းက နွေခေါင်ခေါင်မှာ ရွာချလိုက်တဲ့ မိုးရေတစ်စက်လို သူ့အိပ်မက်ကို အဖူးအညွန့်တွေနဲ့ ဝေဆာစေခဲ့တယ်။

ဒီလိုနဲ့ တစ်ခုသော နွေရာသီမှာ အိပ်မက်တွေကိုထုပ်ပိုး "တရုတ်ထိုင်ပေ" ဆိုတဲ့ နိုင်ငံခြားနေရာတစ်ခုကို ယောင်လည်လည်နဲ့ သူ ရောက်လာခဲ့တယ်။

နိုင်ငံခြားရောက်စ သူ့ရဲ့ တစ်နှစ်တာအချိန်ကို တစ်သက်လုံး မကျက်မှတ်ခဲ့ဖူးတဲ့ စာတွေနဲ့ အထက်တန်းကျောင်းတစ်ကျောင်းမှာ ကုန်ဆုံးခဲ့ရတယ်။ ဦးလေးရဲ့ကောင်းမှုကြောင့် ရောက်စတစ်နှစ်မှာ ကျောင်းလခအတွက် မပူခဲ့ရပေမဲ့ ရှေ့ဆက်မယ့် လမ်းတွေအတွက် သူ အားတွေမွေးခဲ့ရတယ်။ ဒီလိုနဲ့ ဝင်ခွင့်စာမေးပွဲအပြီးမှာ နီယွန်မီးတွေ ထိန်လင်း၊ တိုက်ကြီးတွေ ပတ်ပတ်လည် ကာရံထားတဲ့ မြို့တော်ထိုင်ပေကို ဒေါင်းတွေကြားထဲ ရောက်သွားတဲ့ ကျီးမဲတစ်ကောင်လို သိမ်ငယ်စွာနဲ့ သူ ရောက်လာခဲ့တယ်။

သူနဲ့ရွယ်တူ အဒေါ်ဝမ်းကွဲတစ်ယောက်ရဲ့၁၀ ပေပတ်လည် အခန်းထဲမှာ ခိုကပ်နေပြီး အလုပ်ရှင်တွေရဲ့ဖုန်းကို စောင့်ခဲ့ရတယ်။ သူ့အလုပ်က ငွေများများရတဲ့ လူနာစောင့်အလုပ်ဖြစ်တယ်။ တစ်နေ့မှာ မီးဖွားစ အမျိုးသမီးတစ်ဦးကို ညစောင့်အိပ်ပေးဖို့ ဖုန်းဝင်လာခဲ့တယ်။ လိပ်စာစာရွက်လေးကိုကိုင်ပြီး မြင့်မားတဲ့ ဆေးရုံအထပ်တွေကို ကျော်ဖြတ်၊ မျက်စိလည်လောက်အောင် ညွှန်ထားတဲ့ဆိုင်းဘုတ်အကူနဲ့ လူနာအမျိုးသမီးအခန်းကို သူ ရောက်လာခဲ့တယ်။ မပီကလာ သူ့ရဲ့တရုတ်စကားသံကို လူနာသံသယမဝင်ခဲ့လို့ ညအိပ်စောင့်အလုပ်ကို လျောလျောရှုရှု သူရလိုက်တယ်။

တစ်ညတစ်ထောင်(ထိုင်ဝမ်ငွေ) နဲ့ သုံးညတိတိ အိပ်စောင့်ခဲ့ရတယ်။ မီးဖွားစ ကျန်းမာတဲ့ အမျိုးသမီးမို့ဘာမှုလုပ်ပေးစရာမလိုဘဲ အိပ်စောင့်ပေးရုံပါပဲ။ ဒါပေမဲ့ ယဉ်ကျေးတဲ့နိုင်ငံကလာတဲ့သူမှာ စေတနာတွေ ဗရပွရှိပါတယ်။ လူနာခိုင်းစရာမလိုဘဲ အခန်းရှင်းပေးတယ်။ နပ်စ်မလာခင် လူနာကို မျက်နှာသစ်ပေးတယ်။ ဒီလို စေတနာရဲ့ရလာဒ်က လခငွေအပြင် ဘောက်ဆူး ၃၀၀ ထပ်ရလိုက်တာပါပဲ။

သုံးညစောင့် လုပ်အားခရှင်းအပြီး ဆေးရုံကထွက်လာတဲ့ သူ့ခြေလှမ်းတွေက ပေါ့ပါးလို့၊ မနက်ခင်းရဲ့လတ်ဆတ်တဲ့ လေကို အားပါးတရရှူရင်း သူ့ဘဝမှာ ပထမဆုံး ကိုယ်ပိုင်လုပ်အားခနဲ့ရဖူးတဲ့ ဝင်ငွေ (၃၃၀၀)တိတိကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားလိုက်မိတယ်။ ကိုယ်ပိုင်လုပ်အားခနဲ့ အမေ့ကို ကန်တော့ချင်တဲ့စိတ်ကူးကို နောက်နှစ်အတွက် ကျောင်းလခဆိုတဲ့ အတွေးက ဝင်ဖျက်သွားခဲ့တယ်။ ဒါနဲ့ပဲ လမ်းဘေးမနက်စာဆိုင်မှာ အီကြာကွေးတစ်ချောင်း၊ ပဲနို့ရည်တစ်ခွက်ကို အမေ့အတွက် သူ ဝယ်လာခဲ့တယ်။ နောက်ရက်တွေမှာတော့ နောက်အလုပ်အတွက် အခန်းကျဉ်းထဲကနေ လွှင့်ပျံလာမယ့်ဖုန်းသံကို သူ စောင့်နေခဲ့ပြန်တယ်။

ဘဝတစ်ခုရှင်သန်ဖို့ ငွေရှိရင် ဖြစ်ပြီလားဆိုတဲ့အမေး သူ့ကိုယ်သူ မမေးမိခင်မှာ နောက်ထပ် လူနာစောင့်ဖို့အတွက် ဆေးရုံတစ်ရုံကို သူ ရောက်ခဲ့ပြန်တယ်။ ဒီတစ်ခေါက် စောင့်ရမယ့်လူနာက ဝမ်းတွင်းရှူးရောဂါ စွဲကပ်နေတဲ့ ဆွေမရှိမျိုးမရှိ အသက် (၇၀) ကျော် အဘိုးအိုတစ်ဦးဖြစ်တယ်။ အထပ်ထပ်ထုပ်ထားတဲ့ လက်ကိုင်ပဝါအိုထဲကနေ သူ့အတွက် လူနာစောင့်ခကို တုန်ယင်တဲ့လက်နဲ့ အဘိုးအိုထုတ်ရှင်းမှ ဘဝတစ်ခုရှင်သန်ဖို့ငွေရှိရုံနဲ့မလုံလောက်ပဲ မေတ္တာတရားပါလိုကြောင်း သိလိုက်တဲ့အချိန်မှာ လူနာစောင့်အလုပ်ကို သူ ကျောခိုင်းခဲ့တယ်။

အဲဒီနောက် ထိုင်ပေမြို့နဲ့ မလှမ်းမကမ်း မြို့တစ်မြို့က အဒေါ်အိမ်မှာ သူ သောင်တင်နေခဲ့တယ်။ မိဘရင်းနဲ့မခြား သူ့အပေါ် အဒေါ်သဘောကောင်းခဲ့ပေမဲ့ ကြီးမြင့်တဲ့ လူနေမှုစရိတ်ကြောင့် အဒေါ်ကို သူတာဝန်တွေ မပိုစေချင်ခဲ့ဘူး။ နောက်နှစ်အတွက် ကျောင်းလခဆိုတဲ့ အတွေးက သူ့ကို ဖိစီးနှိပ်စက်ပြန်တယ်။

ဒီလိုနဲ့ မျက်နှာသာပေးနေဆဲ ကံတရားရဲ့ ကျေးဇူးကြောင့် အဒေါ်အိမ်နဲ့ မနီးမဝေးက ခေါက်ဆွဲဆိုင်တစ်ဆိုင်မှာ သူ အလုပ်ရခဲ့ပြန်တယ်။ ထိုင်ပေနွေရဲ့ပူပြင်းခြောက်သွေ့တဲ့ နေရောင်အောက်မှာ ကုန်ခမ်းသွားတဲ့ ခေါက်ဆွဲကိုဖြည့်ဖို့ လာသမျှကားတွေကို "၉၂လား၊ ၉၅ လား" လို့ စမ်းအော်မေးရင်း၊ ရှေ့ဆက်လှမ်းမဲ့ ခြေလှမ်းတွေအတွက် နံစော်နေတဲ့ခေါက်ဆွဲနံ့တွေကြားမှာ မူးလဲမသွားအောင် ကြိုးစားရင်း စိတ်ခွန်အားခေါက်ဆွဲကို သူ ဖြည့်ခဲ့တယ်။

တစ်နာရီ ၇၅ ကျပ်နဲ့ ခေါက်ဆွဲဆိုင်မှာ လဝက်လောက်လုပ်ပြီး အတွေ့အကြုံသစ်တစ်ခု စမ်းသပ်ဖို့အတွက် ကံတရားက သူ့ကို ဖိတ်ခေါ်ခဲ့ပြန်တယ်။ သူနေတဲ့မြို့နဲ့ သိပ်မဝေးတဲ့ စက်မှုဇုန်မြို့က ကွန်ပျူတာစက်ရုံမှာ လူလိုကြောင်း၊ အလုပ်လုပ်ခွင့်ကတ်ပါပြီး အမြန်လာခဲ့ပါဆိုတဲ့ (အဲဒီစက်ရုံမှာ အလုပ်လုပ်တဲ့) အဒေါ်ရဲ့ ဆင့်ခေါ်မှုကြောင့် စက်ရုံမှာ အလုပ်လုပ်ဖို့ သူ ရောက်ခဲ့ပြန်တယ်။ တစ်နာရီ ၁၃၅ ကျပ်ဆိုတဲ့ မက်လောက်တဲ့ငွေကြေးနဲ့ မနက် ၈ နာရီက ည ၈ နာရီထိ၊ တစ်ခါတလေ အချိန်ပို ည ၁၁ နာရီထိ အလုပ်မှာစား၊ အဒေါ်အိမ်မှာအိပ်တဲ့ အလုပ်ကို သူလုပ်ခဲ့တယ်။

တစ်နေ့တစ်နေ့ ကွန်ပျူတာပုံးအတွက် ပါဝါတွေတပ်လိုက်၊ ဝက်အူတွေရစ်လိုက်၊ ပုံပျက်တဲ့ ဝက်အူပါတဲ့ပုံးတွေကို ရွေးထုတ်လိုက်၊ မီးလိုက်မလိုက် ကြိုးတွေကိုစမ်းသပ်ကြည့်လိုက်နဲ့ ကွန်ပျူတာပစ္စည်းတစ်စစီတင်ပြီး လည်ပတ်နေတဲ့ အလုပ်လမ်းကြောင်းအတိုင်း သူ့ရဲ့ နွေရာသီ ကျောင်းပိတ်ရက်တစ်ခုလုံးကို အိမ်နဲ့အလုပ်၊ အလုပ်နဲ့အိမ်အဖြစ်သာ လည်ပတ်စေခဲ့သည်။

သတ်မှတ်ထားတဲ့ ကွန်ပျူတာအလုံး အရေအတွက်ပြည့်လို့ လူတွေမလိုတော့ကြောင်း အလုပ်ရှင်က ကြေညာချိန်မှာ ကျောင်းဖွင့်ဖို့ တစ်ပတ်သာ လိုပါတော့တယ်။ ဒီလိုနဲ့ မြို့တော် ထိုင်ပေကို လတ်လတ်ဆတ်ဆတ် ပထမနှစ် တက္ကသိုလ်ကျောင်းသူအဖြစ်နဲ့ သူ ခြေချခဲ့တယ်။ အစကတည်းက ကိုယ့်ဘဝအခြေအနေကိုသိလို့ အလုပ်ရှာရလွယ်တဲ့မြို့လယ်က တက္ကသိုလ်ကို သူရွေးခဲ့တယ်။ သူကြိုက်တဲ့မေဂျာ၊ သူရွေးတဲ့တက္ကသိုလ်မှာ သူ အံဝင်ခွင်ကျဖြစ်ခဲ့ပါတယ်။ ကျောင်းစမဖွင့်ခင်ကတည်းက ကျောင်းနဲ့မနီးမဝေး ဂျပန်စားသောက်ဆိုင်တစ်ခုမှာ သူငယ်ချင်းအကူအညီနဲ့ စားပွဲထိုးဆိုတဲ့အလုပ်ကို သူရခဲ့တယ်။

စားပွဲထိုးတာလည်း အတတ်ပညာတစ်ခုလို့ အရင်က ထင်မထားခဲ့တဲ့သူမှာ အလုပ်စဝင်စက ပန်းကန်၊ ဖန်ခွက်ပေါင်းစုံရောထည့်ထားတဲ့ လင်ပန်းကို လက်နှစ်ဖက်နဲ့ ဒယိမ်းဒယိုင်ကိုင်ရင်း လွတ်မကျအောင်ကြိုးစားခဲ့ရတယ်။ တစ်နေ့ ၈ နာရီကျော် ရပ်ရတဲ့အကျိုးကြောင့် တောင့်တင်းနေတဲ့ ခြေသလုံးကြောတွေကို ဖိနှိပ်ရင်း အံကြိတ်ခဲ့ရတဲ့ညတွေလည်း မနည်းခဲ့ဘူး။ အပြုံးမတတ်လို့ သူဌေးမရဲ့ အပြစ်တင်စကားကိုခံရတာလည်း မနည်းခဲ့ပါဘူး။ အဆိုးဆုံးက ဆိုင်မှာ လာစားသောက်သမျှ ဧည့်သည်တွေကို "Irashaimase" ကြိုဆိုပါ၏လို့ အပြုံးမျက်နှာနဲ့ အော်ခေါ် နှုတ်ဆက်ရမှာကို သူ အရမ်းရှက်ခဲ့တယ်။ ဘာကြောင့်မှန်းမသိ သူတစ်ပါး ပစ္စည်းခိုးတာလည်းမဟုတ်၊လူတွေကို လိမ်ညာနေတာလည်း မဟုတ်ပါပဲနဲ့ အဲဒီ "ကြိုဆိုပါ၏" ဆိုတဲ့ စကားတစ်ခွန်းကို သူ့နှုတ်က မဟရဲခဲ့ဘူး။ သူဌေးမရဲ့ ထောင့်ထောက်ကြည့်တဲ့ မျက်လုံးအကျိုကို နှစ်ပတ်ကျော်ကြာ သူခံလိုက်ရတယ်။ အဲဒီနောက်မှာတော့ လာသမျှ ဧည့်သည်တွေကို ကြိုဆိုနှုတ်ဆက်တတ်ရုံမက ဘဝမှာ ဖြစ်လာသမျှ အကောင်းဆုံးအဆိုးတွေကိုလည်း "Irashaimase" လို့ရင်ဖွင့်ကြိုဆိုနိုင်ဖို့သူ အားမွေးခဲ့တယ်။အပြုံးတုတွေ ဆင်မြန်းရင်း လင်ပန်းကိုလက်တစ်ဖက်တည်းနဲ့ပိုင်ပိုင်နိုင်နိုင်မလို့စားပွဲထိုးခဲ့တဲ့အတတ်ပညာကိုကျောင်းပြီးတဲ့အထိ သူ သင်ယူခဲ့တယ်။

မပြည့်စုံတဲ့သူ့အတွက်နိုင်ငံခြားတက္ကသိုလ်ဆိုတာ သူကြည့်ခဲ့ဖူးတဲ့ရုပ်ရှင်တွေထဲက ကျောင်းသားတွေလို အားကျစရာမကောင်းခဲ့ပါဘူး။ ကျောင်းရှေ့ မြက်ခင်းစိမ်း၊ ဖတ်လို့မကုန်တဲ့ စာအုပ်တွေနဲ့ စာကြည့်တိုက်၊ ကျောင်းသားကျောင်းသူတွေ အမြဲပြည့်နှက်နေတဲ့ အားကစား

တွင်းက သူနဲ့ လားလားမှမဆိုင်သလို အလုပ်နဲ့ကျောင်း၊ ကျောင်းနဲ့အလုပ်ကို ကူးလူးရင်း သူ့ရဲ့ ပထမနှစ်ဝက်စာသင်နှစ်ကို ကုန်ဆုံးစေခဲ့တယ်။

ဒုတိယနှစ်ဝက်မှာတော့ကျောင်းအစ်မရဲ့ကူညီမိတ်ဆက်ပေးမှုကြောင့်အင်တာနက် ဆိုတဲ့ ရောဂါပိုးဆန်းတစ်မျိုးက သူ့ကိုယ်ထဲ ထိုးဖောက်ဝင်ရောက်လာခဲ့တယ်။ အဲဒီပိုးဆန်း ကြောင့် သူ့အားလပ်ချိန် တော်တော်များများက အဲဒီကွန်ပျူတာ အခန်းထဲမှာပဲ ပျောက်ဆုံးခဲ့ရ တယ်။ ဒါနဲ့တင် အားမရဘူး။ ကွန်ပျူတာတစ်လုံးကို သူ ပိုင်ဆိုင်ချင်လာမိတယ်။

နွေရာသီကျောင်းပိတ်ရက်မှာ အမေ့ရင်ခွင်ထဲနိုဝင်နားကြမယ့် သူငယ်ချင်းတွေရဲ့ အိမ်အပြန်ခရီးမှာ ကွန်ပျူတာတစ်လုံးလိုချင်တဲ့စိတ်ကြောင့် သူ မပါဝင်ခွင့်ဘူး။ ကွန်ပျူတာ တစ်လုံးရဖို့အတွက် ဂျပန်စားသောက်ဆိုင်မှာ ညနေ စားပွဲထိုးအလုပ်အပြင် ၂၄ နာရီဖွင့်တဲ့ စားသောက်ဆိုင်တစ်ခုမှာညပိုင်းအလုပ်ကိုသူဝင်လုပ်ခဲ့ပြန်တယ်။ သူ့ကိုလွမ်းနေမယ့်အမေ့ကို "ကွန်ပျူတာတစ်လုံးလိုချင်လို့ နောက်နှစ်မှ ကျွန်မပြန်ခဲ့မယ်" လို့ နှစ်သိမ့်လိုက်တယ်။

ဒုတိယနှစ်ရဲ့ကျောင်းဖွင့်ရက်ကိုကွန်ပျူတာအသစ်တစ်လုံးနဲ့သူကြိုဆိုနိုင်ခဲ့ပါတယ်။ တစ်ခုခုလိုချင်ရင် တစ်ခုခုဆုံးရှုံးရမယ်ဆိုတဲ့ စကားအတိုင်း လိုချင်တဲ့ပစ္စည်းလေး တစ်ခုရခဲ့လို့ တန်ဖိုးကြီးမားတဲ့ အရာတစ်ခု သူ့ဘဝထဲက အပြီးအပိုင် ဆုံးရှုံးသွားရမယ်လို့ သူ ဘယ်တော့မျှ မျှော်လင့်မထားခဲ့မိဘူး။ ဒါပေမဲ့ ဖိတ်ခေါ်မထားတဲ့ ဧည့်ဆိုးကြီးမှာက သူ့ဘဝထဲ ဝင်ရောက်လာ ခဲ့တယ်။

"အမေ နေမကောင်းလို့ ဆေးရုံတင်ထားရတယ်" ဆိုတဲ့အစ်မရဲ့ဖုန်းသံက မောမော ပန်းပန်းနဲ့ ညနေအလုပ်ကပြန်လာတဲ့ သူ့ရင်ဝကို အရှိန်ပြင်းတဲ့ မြားတစ်စင်းနဲ့ ထိုးနက် လိုက်သလိုပါပဲ။ မျှော်လင့်မထားရဲတဲ့ နေ့ရက်မှာသူ့ဆီ စောစောစီးစီး ရောက်လာခဲ့ပါတယ်။ ဖုန်းတစ်ဖက်ကအားဖျော့နေတဲ့ အမေ့အသံကြောင့် သူ ရှုံ့မဲ့ချငိုမိတယ်။ "မငိုနဲ့ ဘယ်တော့မှ မငိုနဲ့" တဲ့ ချည့်နဲ့နဲ့အမေ့အသံကို သူ အားမရခဲ့ဘူး။ ဖြစ်နိုင်ရင် အမေ့ဘေးနား သူ ချက်ချင်း ပျံသွားချင်တယ်။

လေယာဉ်လက်မှတ်စောင့်နေတဲ့ အချိန်တွင်းမှာ အမေနဲ့ဖုန်းပြောရဖို့ သူ ကြိုးစားခဲ့ တယ်။ အမေနဲ့ပြောပေးပါလို့ အစ်မကို သူ တောင်းပန်တယ်။ ထပ်တလဲလဲ တောင်းပန်တယ်။ နာခေါင်းပိုက်တွေနဲ့အမေမေ့မြောနေပြီဆိုတာကိုသူမသိခဲ့ဘူး။သူ့အတွက်အားပေးစကားတွေ အမေ ချန်မထားရစ်နိုင်ခဲ့ဘူး။ ပစ္စည်းဥစ္စာတစ်ခု မက်မောမှုကြောင့် အိမ်မပြန်ဖြစ်ခဲ့တဲ့ သမီးမိုက် ကို အမေ ဘယ်တော့မျှ လွမ်းမနေနိုင်ခဲ့တော့ဘူး။ ၁၉၉၉ ခုနှစ်၊ စက်တင်ဘာလမှာ ဘဝတစ်ခု လုံးဝ နေဝင်သွားခဲ့ရတယ်။

ဒါကပဲ ဘဝပဲလား။ အစားထိုးမရနိုင်တဲ့ ဆုံးရှုံးတစ်ခုမှာ သူ အလူးအလိမ့် ခံစားခဲ့ရတယ်။ အဲဒီဒဏ်ကြောင့်ပဲ ဒုတိယနှစ်ဝက်မှာ ကျဆုံးခြင်းများစွာနဲ့ သူ ရင်ဆိုင်ခဲ့ရတယ်။ လမ်းတစ်ဝက်လဲကျနေတဲ့သူ့မှာ ပြန်ရုန်းထဖို့ အင်အားတွေမဲ့နေခဲ့တယ်။ တစ်ဝက်တစ်ပျက်နဲ့ နောက်လှည့်ပြန်ရမလား။ အမေပြောသလို လူရာဝင်အောင် ပညာဆက်သင်မလား။ ဘဝတစ်ခုက ညဉ့်နက်လွန်းခဲ့တယ်။

လူတွေရှေ့မှာရင်ထဲကြိတ်ငိုခဲ့ရတဲ့ရက်တွေမနည်းခဲ့ဘူး။လူတွေမသိအောင်ငိုခဲ့ရတဲ့ ညတွေကလည်း မရေမတွက်နိုင်အောင်ပါပဲ။ လဲနေရာကနေ လှဲနေလိုက်ဖို့ သူ အားလျော့လိုက်တိုင်း "သွားစမ်းကြည့်ပါ။ နင့်လို အရည်အချင်းနဲ့ နိုင်ငံခြားဆိုတဲ့နေရာမှာ ဘွဲ့တစ်ခုရအောင် သွားစမ်းကြည့်ပါ" လို့ ခနဲ့တဲ့တဲ့ပြောတဲ့ ဦးလေးတစ်ယောက်ရဲ့စကားသံကို သူ ပြန်ကြားယောင်ခဲ့မိတယ်။ မခံချင်စိတ်နဲ့ သူငယ်ချင်းတွေရဲ့ ဖေးမကူညီမှုအောက်မှာ သူ ထရပ်နိုင်ဖို့ ကြိုးစားခဲ့တယ်။ သူ့ငွေးတွေမှမဟုတ်ပါဘူး။ ဆင်းရဲသားတွေလည်း ပညာကို သင်ယူနိုင်ခဲ့ပါတယ်။

စားပွဲခုံတွေကို ဖြူစင်သန့်ရှင်းအောင် ပွတ်တိုက်ခဲ့သလိုပဲ ကျရှုံးခြင်း၊ အားငယ်ခြင်းတွေနဲ့ ဖုံးလွှမ်းနေတဲ့ စိတ်ဓာတ်တစ်ခုကို အရောင်လက်အောင်တိုက်ဖို့ သူ ကြိုးစားခဲ့ရတယ်။ ပြုံရိသွားတဲ့ လက်နီးထည်တွေ မရေတွက်မိခင်မှာ ထိုင်ပေတက္ကသိုလ်ကနေ B.A ဘွဲ့တစ်ခုကို သူရခဲ့တယ်။ ဘွဲ့နှင်းသဘင်ကို အမေနဲ့အတူတက်မယ်လို့ ရည်ရွယ်ခဲ့တဲ့ သူ့စိတ်ကူးတွေ မဖြစ်မြောက်ခဲ့ရပေမဲ့ သူ မျက်ရည်မကျခဲ့တော့ဘူး။ မိဘတွေနဲ့ ပျော်ရွှင်နေတဲ့ သူငယ်ချင်းတွေကိုကြည့်ပြီး အပျော်တွေကို သူ မျှဝေခဲ့ပါတယ်။

ကျောင်းပြီးတော့ လူနေမှုစရိတ်ကြီးတဲ့ ထိုင်ပေနဲ့ မိုင်ပေါင်းများစွာဝေးတဲ့ ထိုင်ဝမ်ရဲ့ တောင်စွန်းစွန်းအငူက ပင်လယ်ကမ်းခြေမြို့တစ်မြို့ကို သူ ရောက်လာခဲ့တယ်။ စားပွဲထိုး၊ စာရင်းကိုင်အလုပ်ကို ၁ နှစ်ကျော်ကြာ လုပ်ခဲ့တယ်။ ကြိမ်ဖန်များစွာ မုန်တိုင်းမိပြီးပြန်လည်နိုးထလာတဲ့ ကမ်းခြေမြို့လေးလို အဖက်ဖက်က ထိုးနက်တဲ့ ဘဝမုန်တိုင်း ရိုက်ခတ်မှုဒဏ်ကို ခံနိုင်ရည်ရှိဖို့ သူ ကြိုးစားခဲ့တယ်။

အဲဒီနောက် အမေပြောတဲ့ ပညာတတ်ကြီးဖြစ်အောင် အင်္ဂလန်ဆိုတဲ့တိုင်းပြည်ကို သူ လေလွင့်ရောက်လာခဲ့တယ်။ တကယ်တော့ ပညာတတ်ကြီးဖြစ်ဖို့အတွက် မဟုတ်ဘဲ အမေမရှိတော့တဲ့နေအိမ်ကို မပြန်ရဲခဲ့တဲ့ သမီးမိုက်ရဲ့ ဆင်ခြေသာဖြစ်တယ်။ အင်္ဂလန်လို့ခေါ်တဲ့ အစစအရာရာ တိုးတက်ကြီးမြင့်တဲ့နိုင်ငံမှာ အသက်တစ်ခုရှင်သန်ဖို့ ဘဝမျိုးစုံ သူ ကျင်လည်ခဲ့တယ်။ ထမင်းအော်ရောင်းတယ်။ ဟမ်ဘာဂါလုပ်တယ်။ စာရင်းလုပ်တယ်။ စာရေးလုပ်တယ်။ price controller အဖြစ်နဲ့ ရောက်လေရာအရပ်မှာ ရွက်ကျပင်ပေါက်တစ်ပင်လို ရှင်သန်နိုင်ဖို့ သူ ကြိုးစားခဲ့တယ်။

(၁၁) နှစ်တိုင်ခဲ့ပါပြီ။ ထုံကျင်နေတဲ့ နလုံးသားမှာ နာကျင်ခြင်းနဲ့ နောင်တတွေထုပ်ပိုးပြီး သူ လေလွင့်နေခဲ့တာ (၁၁) နှစ်တိုင်ခဲ့ပါပြီ။ အမေပြောတဲ့ ပညာတတ်ကြီးတစ်ယောက် သူ မဖြစ်ခဲ့ပေမဲ့ ဘဝပေါင်းစုံကို သူ ခံစားတတ်ခဲ့တယ်၊ သူ့လိုလဲကျခဲ့သူတွေ ထရပ်နိုင်ဖို့ အားပေးတတ်ခဲ့တယ်။ ဘဝတူတွေကို စာနာနားလည်တတ်ခဲ့တယ်။ ရှေ့ဆက်ရမဲ့လမ်းတွေ ဘယ်လောက်ပဲ ကြမ်းတမ်းပါစေ၊ ဘက်ပေါင်းစုံက ထိုးနက်လာတဲ့ ရိုက်ခတ်မှုတွေ ဘယ်လောက်ပဲ ခါးသီးပါစေ၊ အပြုံးနဲ့ သူ ရင်ဆိုင်တတ်ခဲ့တယ်၊ ဒါကပဲ အမေဖြစ်စေချင်ခဲ့တဲ့ ပညာတတ်လားလို့ အခါခါ သူတွေးခဲ့မိတယ်။

"ပညာစုံရင်ပြန်ခဲ့။ အမေ တံခါးဖွင့်ပြီး ကြိုနေမယ်" ဆိုတဲ့ အမေမရှိတော့ပေမဲ့ အမေ ဆုံးပြီးကတည်းက ဖရိုဖရဲဖြစ်ခဲ့တဲ့ နေအိမ်တစ်ခုအတွက် ပြန်ဖို့ သူ ဆုံးဖြတ်လိုက်တယ်။ အခေါ် အိမ်မှာခိုကပ်နားနေတဲ့တကွဲတပြားမောင်ညီမတွေအတွက်သူပြန်ခဲ့ပါတယ်။အောင်မြင်မှုတွေ ပွေ့ပိုက်ပြီးပြန်ခဲ့သူမဟုတ်ပေမဲ့ ကံကြမ္မာဆိုးတွေကို ရင်ဆိုင်ရဲသူအဖြစ် ဘဝသင်ခန်းစာ တစ်ပွေ့တစ်ပိုက်နဲ့ လေလွင့်သူတစ်ယောက် အိမ်ကိုပြန်ခဲ့ပါပြီ။

အတူနေချိန်၊ အနားမှာရှိချိန် အမေ့ရဲ့နွေးထွေးတဲ့မေတ္တာကို မခံစားတတ်ခဲ့ဘူး။<br>
အဝေးရောက်မှ၊ အမေမရှိတော့မှ အဲဒီမေတ္တာတွေက ရင်ဝကို စူးခဲ့တယ်။<br>
အချိန်မလွန်ခင်၊ အမေထွက်မသွားခင် အမေ့မေတ္တာကို<br>
သိမြင်ခံစားတတ်ဖို့ ဒီစာအုပ်ကို ရေးဖြစ်ခဲ့ပါတယ်။

အားလုံးကို ချစ်ခင်လေးစားစွာဖြင့်<br>
နိုင်းနိုင်းစနေ

# အမေ့အတွက် စကားများ

ကျွန်တော့်ဘဝမှာ အကောင်းဆုံးလက်ဆောင်တစ်ခု ရရှိခဲ့တယ်ဆိုရင် အမေဟာ ကျွန်တော့်အမေ ဖြစ်နေတာပဲ။

**STW**

.......................................................................................................................

မေမေ သမီး ပထမဆုံး စကားပြောတတ်တာကို မေမေနားထောင်ပြီး သိပ်ပျော်နေခဲ့တယ်တဲ့။ အဲဒီစကားလုံးက ဖေဖေဆိုတဲ့စကားလုံး ဖြစ်နေခဲ့တာ မေမေခွင့်လွှတ်နော်။

**မွန်**

.......................................................................................................................

အမေမရှိရင် ဒီသမီးလည်းရှိလာမှာမဟုတ်ဘူး။ အမေ့ကိုချစ်တာတွေ၊ အမေ့ရဲ့ကျေးဇူးမေတ္တာတွေက ပြောလို့မကုန်၊ စာဖွဲ့လို့မမီလို့ ပြောမနေတော့ဘူး။ တစ်ခုပဲ လေးလေးနက်နက် ဆုတောင်းမယ် အမေ နောင်ဘဝမှာလည်း အမေ့ရဲ့သမီးပဲ ဖြစ်ပါရစေ။

**MKP**

.......................................................................................................................

အမေဟာမိန်းမသားဒါပေမဲ့စစ်သူကြီးတစ်ဦးရဲ့စိတ်ဓာတ်အပြည့်ရှိတယ်၊အမေဟာ မိန်းမသား ဒါပေမဲ့ သူတော်စင်တစ်ဦးလို သိမ်မွေ့နူးညံ့တယ်၊ အမေဟာ မိန်းမသား ဒါပေမဲ့ ဘယ်အရာကိုမဆို စွန့်လွှတ်ရဲတယ်၊ အမေဟာ မိန်းမသား ဒါပေမဲ့ ဘယ်လို လောကဓံကိုမဆို ရင်ဆိုင်ရဲတယ်၊ အမေ့ရဲ့စွန့်လွှတ်မှုက သားတွေသမီးတွေကို လောကအလယ် တင့်တယ်စေခဲ့တယ်၊ အမေ့ရဲ့ ကြည်သာချိုမြတဲ့ ညအိပ်တေးတွေက သားတို့သမီးတို့ရဲ့ နှလုံးသားတွေကို နူးညံ့စေခဲ့တယ်၊ အမေ့ရဲ့ နို့ရည်တွေက သားတို့သမီးတို့ရဲ့အသက်ကို ကြာရှည်အောင် အသက်ဆက်နိုင်ခဲ့တယ်၊ ဪ တကယ်တော့ အမေဟာ ဘယ်အရာနဲ့မှ အစားထိုးမရနိုင်ခဲ့သူပါ။

**Bhikkhu Tikkanana**

.......................................................................................................................

သမီး ဘာမျှမပြောလည်း သမီးမျက်နှာပေါ်ကစကားတွေကို အမေဖတ်တတ်တယ်၊ သမီးမျက်နှာကို မမြင်ရလည်း သမီးရင်ထဲက စကားတွေကို အမေကြားနေတယ်။ သမီးနဲ့ ဘယ်လောက်ဝေးဝေး သမီးရှိတဲ့နေရာတိုင်းမှာ အမေရှိတယ်။ အဲဒီစိတ်နဲ့ သမီး အသက်ဆက်နေတယ် အမေ။

**pont**

.......................................................................................................................

အမေ....အသက်နှစ်ဆယ်ပြည့်မွေးနေ့မှာ ကန်တော့ပြီးပြောတော့အမေကစိတ်မဆိုးတဲ့အပြင် ဝမ်းသာနေသေးတယ်ဗျာ။ "ကျွန်တော်ပြောလိုက်တာက နောက်ထပ် နှစ်သုံးဆယ်လောက် ထပ်ပြီး ကျွေးထားပါဦးလို့"

**အမေ့သား**

.......................................................................................................................

အမေ ငါ့သားကိုယုံတယ်ဆိုတဲ့ စကားတစ်ခွန်းတည်းနဲ့ လမ်းမှားမရောက်အောင် ထိန်းနေခဲ့တာ ဒီနေ့ထိပဲ။

**yanmyo**

ကျွန်တော့်ရဲ့လက်ဖဝါးတွေက ဆုတ်ချည်ဖြန့်ချည်နဲ့ပေါ့။ အမေကာ ငုံ့မိုးကြည့်ပြီးပြုံးပြလေရဲ့။ သား ဘာလိုချင်လည်းဆိုတာ အမေသိတာပေါ့ဆိုတဲ့ အပြုံးမျိုးနဲ့ပေါ့။ လောကမှာ အေးမြခြင်းနဲ့ ရိုးမြိန်ခြင်းကို အမေပဲ ပေးနိုင်လေရဲ့။

**silver**

ရုတ်တရက် ခွဲခွာသွားတဲ့ ဖေဖေ့အကြောင်း နောက်ကျပြီးအသိပေးခဲ့လို့ သမီးကို ခွင့်မလွှတ်ပါနဲ့ မေမေ . . . . .

စိတ်ကောက်တတ်လွန်းတဲ့ သမီးကို ဒူးထောက်အပြစ်ပေးဦးမှာလား မေမေ . . . . .

စိတ်ဓာတ်ကျထိခိုက်လွယ်လွန်းတဲ့သမီးအတွက် စိတ်ပူနေတုန်းပဲလား မေမေ . . . . .

ဆေးရုံတက်လောက်အောင် အဖျားကြီးနေတာတောင် အစားမိုးစားတဲ့သမီးကို ဆူဖို့မေ့ပြီး ကိုယ်ငွေ့နွေးနွေးပေးရင်း သနားနေဦးမှာလား မေမေ . . . . .

မေမေ သမီးတို့ကို ခွဲခွာသွားခဲ့တာ ဒီနေ့ ၁၅ နှစ်တိတိပြည့်သွားပြီ။ လွမ်းလို့မကုန်နိုင်တဲ့ အလွမ်းတွေကို အားအဖြစ်နဲ့ သမီး ဆက်လက်ရှင်သန်နေဆဲပါ မေမေ . . . . .။ ဒါပေမဲ့ တစ်ခါတလေ အမေ့လက်ကိုတွဲလို့ စကားဆိုနေကျတဲ့သူတွေကို မြင်ရင်တော့ မျက်ရည်ဝဲစွာ အကြည့်လွှဲရစမြဲပါ မေမေ . . . . .

သူစိမ်းတွေအလယ်မှာ မေမေ့မေတ္တာနဲ့ နွေးနေတတ်ပြီ မေမေ . . . . .

လောကခံဆိုတာကို မေမေ့လေ့ကျင့်ပေးမှုကြောင့် ရင်ဆိုင်တတ်နေပြီ မေမေ . . . .

အရှက်တရားကို မေမေ့အကျီတစ်ထည်လို လုံခြုံမှုနဲ့ ရပ်တည်နေတတ်ပြီ မေမေ . . . "

**LYSS**

"ဘယ်နိုင်ငံတစ်နိုင်ငံ၊ ဘယ်လူမျိုးအတွက်မှ သူရဲကောင်းမဟုတ်ပေမဲ့ ကျွန်တော့်အတွက်တော့ ထာဝရသူရဲကောင်း မေမေ"

လွမ်းသုရင်

ပညာရေးနဲ့ အတ္တတွေနောက်လိုက်ရင်း မေမေ့ရဲ့ နောက်ဆုံးအချိန်မှာတောင် နှုတ်ဆက်ခွင့်မရလိုက်တဲ့သမီးကို ခွင့်မလွှတ်လိုက်ပါနဲ့ မေမေ . . . . . ။ မေမေမရှိတာကို မေ့နိုင်ဖို့ ကြိုးစားနေရတာ အဝေးမှာ မေမေရှိနေသေးတယ်လို့ ကိုယ့်ကိုယ်ကိုယ် လိမ်ညာလှည့်ဖြားရင်း သမီး အသက်ဆက်နေရတာမို့ပါ မေမေ . . . . .

မျိုး

မေမေ

နွေရာသီညတွေမှာ ပူအိုက်လွန်းလို့ အိပ်ချင်တဲ့ကြားက မီး အိုက်မှာစိုးလို့ မေမေ ယပ်ခပ်ပေးခဲ့တာ ညလုံးပေါက်ပဲနော်။

မေမေဆူတာကို သမီးမိုက်က Diary ထဲမှာ နေ့ရက်အတိအကျနဲ့ မှတ်တာကို မေမေ သိသွားလို့ အရမ်း စိတ်မကောင်းဖြစ်ခဲ့ရတယ်နော်

ငယ်ငယ်က ဖေဖေနဲ့မေမေ့ကို ဘယ်သူ့ကိုပိုချစ်လဲလို့မေးရင် အားမနာစွာနဲ့ မေမေ့ရှေ့မှာပဲ ဖေဖေ့ကို ပိုချစ်တယ်လို့ ဖြေခဲ့ဖူးတယ်။ ခုပြန်တွေးကြည့်ရင် ခု ငိုချင်တယ် မေမေရေ၊ မေမေ့ကို ခုချိန်မှာ ဘာနဲ့မှ မလဲနိုင်သလို မေမေ့ကို ကျေးဇူးဆပ်ခွင့်ရချင်သေးတယ် မေမေ၊ မေမေနဲ့အဝေးမှာ ရောက်နေပေမဲ့ မေမေ့စကားတွေကို တစ်သဝေမတိမ်း နားထောင်တာဟာ မေမေ စိတ်ချမ်းသာစေချင်လို့ပါ။ ငိုချင်လာပြီမေမေ၊ မေမေ့ကို အရမ်းချစ်တယ်။

မီးမီး

.....................................................................................................................

အမေ့ရဲ့ရင်ခွင်ဟာ သမီးအတွက် အောင်မြင်တဲ့အချိန်မှာ၊ ရင်ဖွင့်ဖို့ ကျဆုံးချိန်မှာ တိုင်ပင်ဖို့ အလုံခြုံဆုံးနေရာလေးပါ အမေရယ်

အမေမရှိတော့တဲ့နောက်ပိုင်း

သမီးဘဝရေနည်းငါးလို စောင်ပိုင်းပြတ်တစ်ထည်လို ခြေကိုခြုံမိရင် ခေါင်းပိုင်းဟာနေတယ်၊ ခေါင်းပိုင်းခြုံမိရင် ခြေထောက်ပိုင်း လွတ်နေတယ်။ ပြည့်စုံမှုမရှိတော့တဲ့ဘဝပါ။ ဆယ်နှစ်ကျော်ခဲ့ပြီနော် ရင်ထဲမှာ တစ်ရက်မျှ မေ့လို့မရဘူး အမေရယ်၊ နောင်ဘဝဆိုတာ ရှိခဲ့ရင် အမေ့ရဲ့သမီးပဲ ပြန်ဖြစ်ပါရစေ နော်။

မမ

.....................................................................................................................

မေမေ သမီးအသက်နှစ်ဆယ်ကျော် အရွယ်တုန်းက စိတ်ပူခဲ့မိတယ်၊ သမီးသာ မေမေ့နားမှာ မရှိနိုင်ရင် မေမေ ဘယ်လိုရပ်တည်မလဲလို့ အခု သမီးက အသက်သုံးဆယ်ကျော်တော့ စိတ်အပူဆုံးက မေမေသာမရှိတော့ရင် သမီးဘယ်လိုရပ်တည်ရမလဲလို့၊ သမီး အောင်မြင်မှုတွေရတဲ့အချိန်မှာ တောက်ပတဲ့အပြုံးနဲ့ ဂုဏ်ယူတတ်သလို ရှုံးနိမ့်သွားတဲ့အချိန်တွေမှာ နွေးထွေးတဲ့လက်အစုံနဲ့ အားပေးတတ်တဲ့မေမေ....

**Thint Swe**

.....................................................................................................................

ဟိုအရင် မေမေ့အနားမှာ နေခွင့်ရခဲ့စဉ်က အမြဲအရိပ်တကြည့်ကြည့်နဲ့ ဂရုစိုက်တာကို ချုပ်ချယ်တယ်ထင်ပြီး မပျော်မွေ့ခဲ့ဘူး မိသားစုနဲ့ဝေးရာမှာ နေချင်တယ်ဆိုတဲ့ စာသားမျိုး ဒိုင်ယာရီမှာ ခဏခဏရေးဖြစ်တယ် မေမေက တွေ့ပြီးငိုတယ်။ ပြီးတော့ သမီးပျော်ရွှင်အောင် အဝေးကို မပြေလည်မှုတွေကြားထဲက ရောက်အောင် ပို့ပေးခဲ့တယ်။ အခု ကိုယ်တိုင်တွေ့ညီတဲ့ ခံစားချက်တွေရလာချိန်မှာ မေမေ့ရဲ့ တုနှိုင်းမမှီတဲ့ကျေးဇူးတရားနဲ့ မေတ္တာတရားကိုနားလည်ပြီး ယှဉ်ကြုံမရတဲ့ နောင်တတရားတွေ ဖြစ်တည်လာတယ်၊ သမီးမိုက်ကို ခွင့်လွှတ်ပါ မေမေ။

နှင်းဆီခင်းလေး

.....................................................................................................................

မေမေဖြစ်ချင်တာတွေကို မဖြစ်ဖြစ်အောင် ဆန္ဒတွေနဲ့ရင်း၊ နှလုံးသားနဲ့ရင်း၊ ဘဝနဲ့ ရင်းပြီး မဖြစ်ဖြစ်အောင် လုပ်ပေးခဲ့ဖူးပေမဲ့ ဒီလုပ်ရပ်တွေဟာ အမေ့ကို ဆန္ဒမီးငြိမ်းအောင် လုပ်မပေးနိုင်ခဲ့ဘဲ ဆန္ဒမီးတွေ တောက်သထက်တောက်အောင် စိတ်ကို လောင်မြိုက်သထက် လောင်မြိုက်အောင် တွန်းအားပေးလာခဲ့တဲ့အတွက် ဘဝမှာ အဲဒီလောက် လိမ္မာမိခဲ့တာကို နောင်တအရဆုံးပဲ။

**နှန်းမြလှိုင်**

..........

မေမေ သားဆိုးလို့မိုက်ရတာ စုတိမဝသေးဘူး။ မေမေ သားကိုချစ်တာထဲက သားက အပုံ ၁၀၀ ပုံ၊ ၁ ပုံပြန်ချစ်ရင်တောင် သား ဆိုးမိုက်နိုင်မှာ မဟုတ်ဘူး။

**သားမိုက်**

..........

ကျွန်တော့်အသက် (၃၆) နှစ်ပြည့်ပြီ။ အခြားသူတွေထက် အစုထိ ကံကောင်းတုန်းပဲ။ အမေက အနားမှာရှိတယ်လေ။

**Heartmuseum**

..........

ပြန်မလာချင်ဘူး အမေရယ်၊ ပြန်ထွက်သွားတဲ့အခါ အမေ့ဒိုမှာကို အစုကတည်းက တွေးမိပြီး ဝမ်းနည်းမိတယ်၊

**ရွှေ**

..........

စာကျက်ရင်း အိပ်ငိုက်တတ်တဲ့သမီးအတွက် မိန်းမကြမ်းကြီးဖြစ်ခဲ့တဲ့ အမေ.....
ဖျားနာလို့ ဆေးသောက်ရမှာကိုကြောက်တဲ့ သမီးအတွက် လူကြမ်းလုပ်ခဲ့တဲ့ မေမေ
မေမေ့ရဲ့အပြုံးရောင်လောဘနဲ့ အတ္တတွေက သမီးအနာဂတ်လှပဖို့ဆိုတာ သမီးဘဝ ရဲ့ပညာရေးမှတ်တိုင်အချို့ကို လက်ထဲမှာ ဆုပ်ကိုင်နိုင်ချိန်မှာ သိလိုက်ရပြီ မေမေ.....

**စန္ဒီမိုးမြင့် (မွန့်လေး)**

..........

သူ့ရင်ခွင်ထဲမှာ သူ့ကို ကန်ကျောက်
သူ့ကို အမျိုးမျိုးရိုက်ပုတ်နေတာတောင်
အပြုံးမပျက်ဘဲ ကိုယ့်ကို ဆက်လက်ထွေးပွေ့ထားနိုင်တာ
ဒီကမ္ဘာပေါ်မှာ တစ်ယောက်တည်းရှိပါတယ်
အဲဒါ....
အမေ....ပါ
အမေမို့လို့ပါ။

**အသစ်ကလေး**

..........

## "ငါအိုသွားတဲ့အခါ"

- ငါအိုသွားတဲ့အခါ
  ငါဟာ အရင်က ငါမဟုတ်တော့ဘူး။
  ငါ့ကို နားလည်ပေးပါ။ စိတ်ရှည်ရှည်ထား ဆက်ဆံပေးပါ။

- ချိန့်နဲ့လက်တွေနဲ့ ထမင်းဟင်းတွေ အင်္ကျီပေါ်လောင်းမိတဲ့အခါ၊
  ဖိနပ်ကြိုးတွေချည်ဖို့ မေ့သွားတဲ့အခါ... ငါ့ကိုမရှုံ့ပါနဲ့၊
  ငယ်ငယ်တုန်းက ငါသင်ပေးခဲ့တာတွေကို ကျေးဇူးပြုပြီး သတိရပေးပါ။

- အပ်ကြောင်းထပ်မက ပြောဖူးတဲ့စကားတွေကို ငါပြန်ပြောမိတဲ့အခါ၊
  စကားမဖြတ်ဘဲကျေးဇူးပြုပြီး နားထောင်ပေးပါ။
  ငယ်ငယ်တုန်းက အိပ်ရာဝင်တိုင်း
  တစ်ထောင့်တစ်ညပုံပြင်တွေကို မရိုးအောင်ပြောရင်း
  ငါချော့သိပ်ခဲ့ဖူးတာတွေကို သတိရပေးပါ။

- မလှုပ်မရှားနိုင်လို့ ရေချိုးဖို့ အကူအညီလိုတဲ့အခါ ငါ့ကို မငြိုငြင်ပါနဲ့၊
  ငယ်ငယ်တုန်းကချော့တစ်လှည့်ခြောက်တစ်ခါ ရေချိုးပေးခဲ့ဖူးတဲ့ ပုံရိပ်လေးကို
  မြင်ယောင်ပေးပါ၊

- ခေတ်သစ်၊ နည်းပညာသစ်တွေကို မသိနားမလည်ခဲ့ရင် ငါ့ကို မလှောင်ပါနဲ့၊
  ငယ်ငယ်တုန်းက "ဘာကြောင့်" ဆိုတဲ့မေးခွန်းတိုင်းကို စိတ်ရှည်စွာ ငါပြန်ဖြေခဲ့တာကို
  သတိရပေးပါ၊

- စိတ်သွားတိုင်းကိုယ်မပါ နွမ်းလျပြီး လမ်းမလျှောက်နိုင်တဲ့အခါ
  ခွန်အားပါတဲ့ လက်တစ်စုံနဲ့ ငါ့ကို ကူတွဲပေးပါ၊
  လမ်းလျှောက်သင်စ အရွယ်တုန်းက တစ်လှမ်းချင်း လှမ်းလျှောက်ကျင့်ပေးခဲ့ဖူးတာကို
  ကျေးဇူးပြုပြီး သတိရပေးပါ။

- အသက်ကြီးလာလို့ စကားပြောရာမှာ ရှေ့နောက်မညီဘဲ အကြောင်းအရာတွေကို
  ငါမေ့သွားတဲ့အခါ အချိန်ပေးပြီး စဉ်းစားခွင့်ပေးပါ။
  စကားအကြောင်းအရာတွေက ငါ့အတွက်အရေးမကြီးပါဘူး။
  ဘေးကနေ ငါပြောသမျှကို နားထောင်ပေးရင် ကျေနပ်ပါပြီ။

- တစ်နေ့ထက်တစ်နေ့ အိုစာသွားတဲ့ငါ့ကိုကြည့်ပြီး ဝမ်းမနည်းပါနဲ့၊
  နားလည်ပေးပါ။ အားပေးပါ။
  အရင်တုန်းက လူ့ဘဝတက်လမ်းအတွက် ငါလမ်းညွှန်ခဲ့သလို
  အခု ငါ့ဘဝနောက်ဆုံးအချိန်အတွေအတွက် အဖော်ပြုပေးပါ၊
  အချစ်နဲ့ အေးမြမှုတွေကို ငါပြုံးပြုံးလေး လက်ခံမှာပါ။
  အဲဒီအပြုံးတွေထဲမှာ မဆုံးတဲ့ ငါ့မေတ္တာတွေ တွေ့ရမှာပါ။

# နိုင်းနိုင်းစနေ
## အမေ့လက်ရေး စာစုများ